## အခန်း(၅၃၉) - ဗျူဟာမှူး အားတီ။

ကီလိုမီတာ (၂၀)၊ (၃၀) အကွာအဝေးအတွင်း၌ ရေများ ပြည့်လျှံလာသလို လျှံတက်လာသော မွန်းစတား အုပ်ကြီးကို တွေ့လိုက်ရသည်။ မွန်းစတားများသည် ရေတွက်၍ မရလောက်အောင် များပြားလှသဖြင့် မသိပါက ဤစခန်းထဲသို့ အဆုံးမရှိသော စမ်းချောင်းတစ်ခု စီးဆင်းလာသည်နှင့်ပင် တူနေသည်။

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အသက်ရှူကြပ်သွားသည်။ အစောပိုင်း ကြွေးကြော်နေကြသော လူများပင် သူတို့ထံ ပြေးဝင်လာသော မွန်းစတားအုပ်ကြီးကို ကြည့်ပြီး အသံတိတ်နေကြ၏။

လင်းဟွမ်သည် ကောင်းကင်ပေါ်တွင် ရှိသော ရာနှင့်ချီသည့် မွန်းစတားအုပ်ကြီးကို ကြည့်ပြီးနောက် အကြီးအမှူးအဆင့် မွန်းစတားသုံးကောင်ကို ရှာတွေ့လိုက်သည်။

အစွမ်းအထက်ဆုံးမှာ အင်မော်တယ်အဆင့် (၅)ဖြစ်ပြီး ကျန်သည့် နှစ်ကောင်မှာ အင်မော်တယ်အဆင့် (၁) နှင့် အဆင့် (၃) ပင်။ ထို့အပြင် သန့်ရှင်းမီးလျှံအဆင့် မွန်းစတား အရေအတွက်မှာလည်း ဤနေရာတွင် ရှိနေသော လူအရေအတွက်ထက် ငါးဆနီးပါး ပိုများသည်။

"ကြည့်ရတာတော့ ငါ့ကိုယ်ငါ အသွင်ပြောင်းကတ်သုံး အသုံးပြုပြီး သတ်ရတော့မယ့်ပုံပဲ"

လင်းဟွမ်သည် သူ့ အစွမ်းအစကို မထုတ်ဖော်မိစေရန် အစွမ်းကုန် ကြိုးစားဖို့ စဉ်းစားခဲ့သော်လည်း ယခုအချိန်တွင် အင်မော်တယ်အဆင့် (၅) မွန်းစတားတစ်ကောင် ပါလာသဖြင့် မဖြစ်မနေ သတ်ရတော့မည့်ပုံပင်။

"အဝေးက တိုက်ခိုက်မယ့်လူတွေ အသင့်ပြင်။ မွန်းစတားအုပ်ကြီး ရောက်လာတာနဲ့ နတ်ဆိုး သလင်းကျောက် အမြောက်တွေ ပစ်ခတ်ဖို့ စစ်သားတွေနဲ့ ပူးပေါင်းပါ။ သာလွန်အဆင့် မွန်းစတားတွေကို အရင် မတိုက်ခိုက်နဲ့။

သာလွန်အဆင့်အောက် မွန်းစတား အရေအတွက်ကို တတ်နိုင်သမျှ လျှော့ချဖို့ ကြိုးစားပါ။

အားတီ ဟုခေါ်သော မှုတ်ဆိတ်မွေးနှင့် လူကြီးတွင် တပ်မှူးတစ်ယောက်၏ အတွေ့အကြုံ ရှိပုံရသည်။

နတ်ဆိုးသလင်းကျောက် အမြောက် ဆိုသည်မှာ စွမ်းအင် သလင်းကျောက်များကို အသုံးပြု၍ အသက်သွင်းနိုင်သော အမြောက်ပင် ။ ဒါသည် သာလွန်အဆင့်အောက်ရှိ မွန်းစတားတိုင်းကို

အလွယ်တကူ သတ်ပစ်နိုင်ပြီး သန့်ရှင်းအဆင့် မွန်းစတားများကိုပင် ထိန်းချုပ် ထားနိုင်သည်။

တစ်ချိန်တည်းမှာပင် အဖြူရောင် မီးလျှံအဆင့်နှင့် ကြက်သွေးရောင် မီးလျှံအဆင့် မွန်းစတားများကို အလွယ်တကူ သတ်ဖြတ်နိုင်သည့် မီးဂုဏ်သတ္တိ စွမ်းအင် သလင်းကျောက်များသည် အထိရောက်ဆုံး ဖြစ်သည်။ နတ်ဆိုးသလင်းကျောက် အမြောက် ပစ်ခတ်နိုင်သော အကွာအဝေးမှာ ကီလိုမီတာ (၃၀) သာရှိပြီး ကမ္ဘာပေါ်မှအမြောက်များ၏ တာဝေး ပစ်ခတ်နိုင်စွမ်းနှင့် နှိုင်းယှဉ်၍ မရပေ။ ကီလိုမီတာ

(၂၀) အတွင်းရောက်မှသာ တိကျမှု အရှိဆုံးနှင့် အထိရောက်ဆုံးပင်။

ထိုနေရာတွင် သာလွန်အဆင့် မွန်းစတား ၁၉ ကောင်သာရှိ၍ အဖွဲ့အစည်းများမှ သာလွန် အဖွဲ့ဝင်များ မရောက်လာသေးပေ။ ရွှေအဆင့် နယ်ခြားစောင့် စစ်သား (၃၀) ကျော်သာရှိသည်။ သူတို့တွင် အဝေးမှနေ၍ နတ်ဆိုးသလင်းကျောက် အမြောက်များနှင့် ပစ်ခတ်နိုင်သော ကိုယ်ပိုင် နည်းဗျူဟာများ ရှိသော်လည်း ဤစခန်းတွင်

နတ်ဆိုး သလင်းကျောက်အမြောက် များစွာမရှိပဲ (၁၂)ခုသာ ရှိသည်။

အမြောက်များကို ပစ်ခတ်ရာ၌ ရူပဗေဒဆိုင်ရာ အသိပညာများမလိုဘဲ ပစ်မှတ်ကို တည့်တည့် ချိန်ရွယ်၍ ပစ်ခြင်းက အကောင်းဆုံး ဖြစ်သည်။ ထို့အပြင် နတ်ဆိုး သလင်းကျောက်အမြောက် အရေအတွက်မှာ အကန့်အသတ်နှင့် ရှိနေသောကြောင့် လင်းဟွမ်နှင့် အခြားသူများ အသုံးပြုရန်အတွက် အပို မရှိပေ။

အားတီသည် ယခင်က ကျူးကျော်လာသော မွန်းစတား အလုံးအရင်း ကျူးကျော်မှုများတွင် တိုက်ခိုက်ခဲ့ဖူးသည့် ပြည်ထောင်စုအစိုးရ၏ စစ်သားတစ်ယောက် ဖြစ်ခဲ့ဖူးသောကြောင့် တိုက်ပွဲတစ်ခုတွင် အဖွဲ့လိုက် ပူးပေါင်း လုပ်ဆောင်ခြင်းက မည်မျှ အရေးကြီးကြောင်း သိရှိနေသည်။

ထို့ကြောင့် သူက နယ်ခြားစောင့်တပ်ထံမှ နတ်ဆိုးသလင်းကျောက် အမြောက်များ

လိုချင်နေသဖြင့် ကျန်သည့်လူများနှင့် အလုပ်ရှုပ်နေရခြင်းပင်။

"အဝေးပစ် တိုက်ခိုက်မှု မကျွမ်းကျင်တဲ့လူတွေက အဝေးက တိုက်ခိုက်နိုင်တဲ့ သားရဲမွန်းစတားတွေကို တိုက်ခိုက်ပါ။ သားရဲမွန်းစတားတွေကို သတ်ပြီးရင် ခုခံအားကောင်းတဲ့ မွန်းစတားတွေကို ရှာပါ။ သာလွန်အဆင့် မွန်းစတားတွေနဲ့ မတိုက်ခိုက်ပါနဲ့ဦး။ ငါတို့ဆီကို ကူညီရေး အဖွဲ့တွေ ရောက်လာတဲ့ အချိန်ထိ တတ်နိုင်သမျှ အချိန်ဆွဲပါ။ အချိန်ရလေလေ ငါတို့အတွက် ကောင်းလေလေပဲ"

လူတိုင်းသည် အားတီကို သူတို့၏ ပင်မ ကျောရိုးအဖြစ် ယုံကြည်လာသောကြောင့် စိတ်တည်ငြိမ်လာသည်။ အားတီ၏အမိန့်ကို နာခံရင်း အလုပ် များလာကြ၏။

လင်းဟွမ်သည် လူတိုင်းက ညွှန်းကြားချက်အတိုင်း လိုက်နာနေသည်ကို မြင်သောအခါ သာလွန်အဆင့် မွန်းစတားများကို သတ်ဖြတ်မည့် အစီအစဉ်အား စွန့်လွှတ်လိုက်သည်။ ထို့နောက် မွန်းစတားအုပ်ကြားထဲမှ သားရဲမွန်းစတားများကို ပစ်မှတ်ထားလိုက်ပြီး သူတို့ထံ ပြေးဝင်သွားသည်။

လင်းဟွမ်အပြင် သန့်ရှင်းမီးလျှံအဆင့် (၁၉) ယောက်ထဲမှ လူနှစ်ယောက်ကလည်း အဝေးမှ တိုက်ခိုက်နိုင်သည့် မွန်းစတားအုပ်ထဲ ပြေးဝင်သွားကြသည်။

လင်းဟွမ်သည် မွန်းစတားအုပ်ထဲ ပြေးဝင်နေစဉ် ပိုင်၊ အာဏာရှင်၊ ကိုင်လီ၊ ရုပ်ဆိုး၊ စုန်းမနှင့် လန့်စန်လေ့တို့ကို ဆင့်ခေါ်လိုက်သည်။ ယခုအခါ၌ သူတို့ ခြောက်ယောက်သည် လူသားပုံစံ ဖြစ်နေသောကြောင့် ကျန်သည့်လူများက မွန်းစတားများနှင့် အထင်မှားပြီး မတိုက်ခိုက်နိုင်ပေ။

ကျန်သည့်လူများက သူ့မွန်းစတားများ နာကျင်သွားမည့် အချက်ကို သိပ် အလေးမထားပေ။

လင်းဟွမ်ကသာ သူ ဆင့်ခေါ်ထားသော မွန်းစတားများကို ကျူးကျော်လာသော မွန်းစတားများနှင့် မှား၍ ရန်စမိသည့် အချိန်တွင် သူ့မွန်းစတားများက လူသားများအား သတ်ပစ်လိုက်မည်ကို ပိုစိုးရိမ်နေသည်။

“သတ်နိုင်သမျှ သတ်၊ ဒါပေမယ့် သာလွန်အဆင့် မွန်းစတားတွေကို မတိုက်ခိုက်နဲ့အုံး။ ကောင်းကင်ပေါ်က မွန်းစတားတွေလဲ ပါတယ်။

နောက်ပြီးတော့ လူသားတွေကိုလည်း ရှောင်သူတို့ကို မတိုက်ခိုက်နဲ့”

လင်းဟွမ်က ညွှန်ကြားချက် ပေးပြီးနောက် မွန်းစတား ခြောက်ကောင်သည် လင်းဟွမ်နှင့် မနီးမဝေးတွင် ရှိနေသော ကျောက်တုံးသားရဲကို လှမ်းကြည့်ပြီး ထိုအုပ်ကြီးထဲ ပြေးဝင်သွားသည်။

ကျောက်တုံးသားရဲများသည် ရွှေအဆင့်ဖြင့် မွေးဖွားလာသော စိတ်ဝိညာဉ်သားရဲများ ဖြစ်သည်။ အနက်ရောင် ကျောက်တုံးကြီးများနှင့် ဖွဲ့စည်းထားပြီး

မီတာ (၃၀) မြင့်ကာ ရောမ လူသားကြီးများနှင့် တူသည်။

အဝေးမှ တိုက်ခိုက်ရန်အတွက် ကျောက်ခဲများ ပစ်ပေါက်နိုင်သလို အစွမ်းထက်သော ခွန်အားနှင့် တိုက်ခိုက်ရေး စွမ်းရည်များလည်း ရှိသည်။ တိုက်ခိုက်ရန် အသင့်ပြင်သည့်အချိန်၌ သူတို့ လက်ထဲတွင် အချင်း နှစ်မီတာ၊ သုံးမီတာအထိ ရှိသော ရောမကျောက်တုံးကြီးများကို ဖန်ဆင်းပြီး ဆယ်ကီလိုမီတာ အကွာအထိ ပစ်ပေါက် နိုင်ကြသည်။

အကျိုးသက်ရောက်မှုက အမြောက်များ ပစ်ခတ်ခြင်းနှင့်ပင် ယှဉ်နိုင်သည်။ အများအားဖြင့် ထိုကဲ့သို့ မွန်းစတားများသည် မွန်းစတား အလုံးအရင်း ကျူးကျော်မှုများတွင် နတ်ဆိုးသလင်းကျောက် အမြောက်များကို ဦးစားပေး တိုက်ခိုက်လေ့ ရှိသဖြင့် လူသားများအတွက်လည်း ကျောက်တုံး သားရဲများက ပထမဦးစားပေး ဖြစ်သည်။

ကျောက်တုံးသားရဲ၏ ခုခံမှုကို ပုံမှန်ရွှေအဆင့်က ချိုးဖျက်ရန် ခက်ခဲသော်လည်း လင်းဟွမ်အတွက်မူ

ဘာမှ မပဟုတ်ပေ။ သူက ကျောက်တုံးသားရဲများကို အကဲခတ်နေစဉ် အနီးအနားရှိ မွန်းစတားများက သူ့ကို သတိထားမိသွားကာ ချက်ချင်း ပြေးဝင်လာပြီး တိုက်ခိုက်ရန် ကြိုးစားကြသည်။

လင်းဟွမ်က ခေါင်းခါကာပြုံးလိုက်ပြီး ဓါးဆွဲ ထုတ်လိုက်သည်။ အဖြူရောင်အလင်းသည် လေထဲ တစ်ချက် လက်သွားပြီး ကျောက်တုံးသားရဲမှာ ခေါင်းမှခြေဖျားအထိ နှစ်ခြမ်း ကွဲသွားသည်။

လင်းဟွမ်သည် မွန်းစတား စွယ်စုံကျမ်းထဲတွင် ဤမွန်းစတားအကြောင်းကို ဖတ်ခဲ့ဖူးသော်လည်း

ပထမဦးဆုံးအကြိမ် တွေ့ဖူးခြင်း ဖြစ်သဖြင့် ချက်ချင်း မတိုက်ခိုက်ခဲ့ပေ။ ထို့အပြင် သူနှင့်လည်း နီးနေသောကြောင့် သေသေချာချာ အကဲခတ်နေခဲ့သည်။ သို့သော်လည်း ကျောက်တုံးမွန်းစတားက သူ့ကို တိုက်ခိုက်လာလိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် ကာကွယ်သည့် အနေဖြင့် သတ်ဖြတ်ခဲ့ရခြင်းသာ။

လင်းဟွမ်သည် ပထမဦးဆုံး ကျောက်တုံးသားရဲကို ချွေးမစို့ဘဲ သတ်ဖြတ်ပြီးနောက် ဒုတိယ

သားကောင်ကို ရှာဖွေရန် ကောင်းကင်ပေါ် ပျံတက်သွားသည်။

ကျောက်တုံး သားရဲများသည် ၎င်းတို့၏ အရွယ်အစားကြောင့် မွန်းစတားအုပ်ထဲတွင် အလွယ်တကူ ရှာတွေ့နိုင်သည်။ မကြာခင် ဒုတိယမြောက် တစ်ကောင်ကို ရှာတွေ့ပြီး မိုးကြိုးအလား ပျံသန်း တိုးဝင်သွားသည်။ ယခုတစ်ကြိမ်တွင်မူ လင်းဟွမ်သည် အချိန်ဆွဲခြင်း မရှိတော့ဘဲ ဒုတိယမြောက် ကျောက်တုံးသားရဲကို အလွယ်တကူ သတ်ဖြတ်ခဲ့သည်။ ထို့နောက်

ဦးတည်ရာပြောင်း၍ တတိယမြောက် ပစ်မှတ်ထံ ဦးတည်သွားလိုက်၏။

နှစ်မိနစ်၊ သုံးမိနစ် အတွင်းမှာပင် လင်းဟွမ်က ကျောက်တုံးသားရဲ ဆယ်ကောင်ကျော် သတ်ဖြတ်ခဲ့သည်။

မကြာခင် အပေါ်မှ စောင့်ကြည့်နေသော သာလွန်အဆင့်မွန်းစတားများသည် လင်းဟွမ်ကို သတိထားမိသွားကြသည်။

အင်ပေါ်တယ်အဆင့် (၅) မွန်းစတား တစ်ကောင် ဖြစ်သော မွန်းစတားခေါင်းဆောင်သည် လင်းဟွမ်ကို

စောင့်ကြည့် နေခဲ့ပြီးနောက် သူ့ဘေးက မွန်းစတားနှစ်ကောင်ကို လင်းဟွမ်အား သတ်ဖြတ်ရန် ညွှန်ကြားလိုက်သည်။

"အဖြူရောင် မီးလျှံအဆင့် ဒီလူသားက အစွမ်းထက်တယ်။ သူ့ကို ဘယ်သူ သတ်ချင်လဲ"

"သူက အဖြူရောင်မီးလျှံအဆင့် လူသားလေးပဲ ငါ သွားလိုက်မယ်"

အပြာရောင် မီးလျှံအဆင့် ငှက်တစ်ကောင်က ပြောလိုက်ရာ

"ဒါဆိုလဲ သွား။ သတိတော့ထား၊ ဒီကောင်က သာမန် အဖြူရောင်မီးလျှံအဆင့် မဟုတ်ဘူး"

မွန်းစတား ခေါင်းဆောင်က သတိပေးလိုက်သည်။

ငှက်မွန်းစတားသည် အတောင်ပံများ ခတ်၍ သာလွန်အဆင့် မွန်းစတားအုပ်ကြီးထဲမှ ခွဲထွက်ကာ လင်းဟွမ်ထံ ပျံသန်းသွားသည်။

## အခန်း(၅၄၀) - ခွန်အား၏ အသွင်အပြင်။

လင်းဟွမ်သည် အစိမ်းရောင် ၄က်တစ်ကောင် သူ့ထံ ပျံသန်းလာသည်ကို မြင်လိုက်လျှင် မျက်ခုံးပင့်လိုက်သည်။ သာလွန်အဆင့် မွန်းစတားများကို ရန်မစချင်သော်လည်း သူ့ထံ ရောက်လာပြီ။ တစ်ချက်ကြည့်လိုက်ပြီးနောက် အစိမ်းရောင်၄က်သည် မည်သည့် မျိုးစိတ်ဖြစ်ကြောင်း သိလိုက်သည်။

ဒါသည် ရှေးဦး သွေးမျိုးဆက်ပါသော သန္ဓေနှစ်ကြိမ်ပြောင်း ကျောက်စိမ်းဌက်မွေး ငှက်မျိုးစိတ်ပင် ။ ၎င်းတွင် အနက်ရောင် မျက်လုံးများနှင့် အပြာရောင် အမောက်များအပြင် တစ်ကိုယ်လုံးကို အစိမ်းရောင်အမွေးများ ဖုံးအုပ်ထားသည်။ လုံးဝ လျစ်လျူမရှုနိုင်သော အရာမှာ ၎င်း၏ ခန္ဓာကိုယ်အချိုးအစား ထက် ဝက်ခန့် ကြီးမားနေသော လက်သည်းကြီးများပင်။

အစိမ်းရောင်အမွေးများမှ စွမ့်ထွက်ပေါ်နေသော အော်ရာမှတစ်ဆင့် ၎င်းသည် အပြာရောင် မီးလျှံအဆင့်ဖြစ်ကြောင်း ထင်ရှားနေသည်။

ဟင်းလင်းပြင် အပျက်အစီးထဲတွင် လင်းဟွမ် ကြုံတွေ့ခဲ့ရသော မီးဖီးနစ်ဌက်ထက် များစွာ သေးငယ်သည်။ သို့သော်လည်း မီးဖီးနစ်ငှက်ထက် များစွာ ပိုမိုအစွမ်းထက်သည်မှာ ပြောစရာ မလိုပေ။ ထိုငှက်၏ စွမ်းရည်သည် မီးဖီးနစ်ဌက်ထက် အားနည်းနေခြင်း မရှိပေ။ တိုက်ခိုက်ရေး

အဆင့်နှစ်ဆင့် ပိုမြင့်သဖြင့် ၎င်း၏စွမ်းရည်မှာ ပိုမိုအားကောင်းနေသည်။

အားတီနှင့် ကျန်သည့်လူများသည် ကျောက်စိမ်းဌက်မွေး ရုတ်တရက် ထိုးဆင်း လာသည်ကို သတိထားလိုက်မိသည်။

အားတီသည် ကျောက်စိမ်းဌက်မွေး ဌက်က လင်းဟွမ်ထံ ထိုးဆင်းလာသည်ကို မြင်လိုက်လျှင် လင်းဟွမ်ထံ ချက်ချင်း ပြေးသွားသည်။ အဖြူရောင် မီးလျှံအဆင့် သာရှိသေးသော လင်းဟွမ်က သန္ဓေနှစ်ကြိမ်ပြောင်း အပြာရောင်မီးလျှံအဆင့်

ဒီမွန်းစတားကို တိုက်ခိုက်နိုင်လိမ့်မည်ဟု သူမထင်ပေ။

"လင်းဟွမ်၊ ပြေး....."

အားတီသည် ကျောက်စိမ်းဠက်အမွေး၏ အရှိန်ကို မှီအောင် မလိုက်နိုင်သဖြင့် လင်းဟွမ်ကို လှမ်းအော်လိုက်သည်။

"အခုမှ ထွက်ပြေးဖို့ အရမ်း နောက်ကျသွားပြီ"

ကျောက်စိမ်းဠက်မွေးက လင်းဟွမ်ထံ ရောက်သောအခါ လျှောင်ပြောင် လိုက်သည်။

ထို့နောက် ၎င်း၏ခြေသည်းများကို ဆန့်တန်းပြီး လင်းဟွမ် သွေးပျက်၍ ကြောက်လန့်နေသော မြင်ကွင်းကို စိတ်ထဲမှ မြင်ယောင်ကြည့်လိုက်သည်။

သို့သော်လည်း လင်းဟွမ်ကမူ မော့ကြည့်ကာ ကျောက်စိမ်းဒှက်မွေးကို ခနဲ့တဲ့တဲ့ ပြုံးပြလိုက်သည်။

ကျောက်စိမ်းဒှက်မွေးသည် လင်းဟွမ်၏ ထူးဆန်းသော အပြုံးကိုမြင်လိုက်လျှင် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော်လည်း ဤလူငယ်လေး၏ အော်ရာမှာ အဖြူရောင် မီးလျှံအဆင့်သာ ဖြစ်ကြောင်း ပြသနေသည်။

"သေစမ်း....."

လင်းဟွမ်က လေထဲခုန်ပြီး ဓားကို အောက်မှအပေါ်သို့ ဒေါင်လိုက် ပင့်ခုတ်လိုက်သည်။ လခြမ်းပုံသဏ္ဍာန် ရှိသော အဖြူရောင်အလင်းသည် လေထဲ ဖြတ်ခနဲ လက်သွားပြီး ကျောက်စိမ်းဌက်မွေးထံ ထိုးဖောက်ဝင်ရောက်သွားသည်။

ကျောက်စိမ်းဌက်မွေး ၏ ခန္ဓာကိုယ်သည် မမြင်ရသော အင်အားဖြင့် ပိုင်းဖြတ်လိုက်သကဲ့သို့ စုတ်ပြဲ သွား၍ အစိမ်းရောင်သွေးများသည်

မိုးရွာသကဲ့သို့ ဖျန်းခနဲ လွင့်စင်သွားသည်။ လေထဲ၌ ရှိရှာဖွယ် ကောင်းသော သွေးနံ့များက နေရာအနှံ့ ပျံ့နှံ့သွား၏။ သန်မာတောင့်တင်းသော ကျောက်စိမ်းငှက်မွေး၏ အသားပိုင်း နှစ်ခုသည် မြေပြင်ပေါ် ပြုတ်ကျသွားသည်။

လင်းဟွမ်ကမူ လေထဲတွင် နဂိုအတိုင်းသာ ရပ်နေခဲ့ပြီး သူ့ခန္ဓာကိုယ်ပေါ်တွင် သွေးတစ်စက်မျှပင် မရှိပေ။ ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်သည့် လူတိုင်း အံ့သြမှင်တက် သွားကြသည်။

လူအများက ကျောက်စိမ်းဌက်မွေး လင်းဟွမ်ထံ ပြေးဝင်လာသောအခါ ထိုလူငယ်လေး အသတ်ခံရတော့မည်ကို စိုးရိမ်နေခဲ့ကြသည်။ ဤကဲ့သို့ ဖြစ်လာလိမ့်မည်ဟု သူတို့ မမျှော်လင့်ထားခဲ့ကြပေ။

"ဓားချက် တစ်ချက်တည်းနဲ့ သတ်လိုက်တာလား"

အားတီနှင့် အခြားသော ရွှေမီးလျှံအဆင့်လူများသည် မယုံနိုင်စရာကောင်းသည်ဟု ထင်နေကြသည်။ ကျောက်စိမ်းငှက်မွေးက သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား

တစ်ကောင်ဖြစ်ကြောင်း ကောင်းစွာ သိကြသည်။ အပြာရောင်မီးလျှံအဆင့်သာ ရှိသော်လည်း ၎င်း၏စွမ်းရည်မှာ ခရမ်းရောင်မီးလျှံအဆင့်ထက် သာလွန်နေသည်။ ရွှေမီးလျှံအဆင့်လူများပင် ဤမွန်းစတားကို သတ်ဖြတ်ရန် အချိန်တစ်ခု ယူရလိမ့်မည်။

ရွှေမီးလျှံအဆင့်တွင် ရှိနေသော အားတီပင် ဤမွန်းစတားကို ဓါးချက် တစ်ချက်တည်းနှင့် သတ်ပစ်ရန် ယုံကြည်ချက် မရှိပေ။

ထိုအတောအတွင်း၌ ဤမြင်ကွင်းကို မြင်တွေ့ခဲ့ရသော သာလွန်အဆင့် မွန်းစတားများလည်း တုန်လှုပ် သွားကြသည်။ လင်းဟွမ်က မြင်တွေ့ရသည်ထက် များစွာ ပို၍ အစွမ်းထက်ကြောင်း သိရှိသွား၍

"လူသား ပါရမီရှင်လား။ မင်းတို့ထဲက ရွှေမီးလျှံအဆင့် သုံးကောင်က ဒီကောင့်ကို ဝိုင်းသတ်"

အင်မော်တယ်အဆင့် (၅) ခေါင်းဆောင် မွန်းစတားက လင်းဟွမ်ကို စိုက်ကြည့်ကာ ဒေါသတကြီး အမိန့်ပေးလိုက်သည်။

"သန့်ရှင်းမီးလျှံအဆင့် မွန်းစတားအားလုံး မွန်းစတားအုပ်ထဲမှာ ပုန်းနေတဲ့ ကြွက်စုတ် အားလုံးကိုသတ်...."

ညွှန်ကြားချက် ရလိုက်သည်နှင့် သာလွန်အဆင့် မွန်းစတားအားလုံးသည် အုပ်စုခွဲ၍ သာလွန်အဆင့် လူသားများထံ ပြေးဝင် တိုက်ခိုက်ကြသည်။

အားတီသည် ရွှေမီးလျှံအဆင့် မွန်းစတား သုံးကောင်က လင်းဟွမ်ထံ ပျံသန်းလာသည်ကို သတိထားမိ၍ ပြေးသွားချင်သော်လည်း သူ့ထံ ရွှေမီးလျှံအဆင့် မွန်းစတားနှစ်ကောင် ပြေးလာသဖြင့် ရပ်တန့်လိုက်ရသည်။

"သူတို့ကို မတိုက်နိုင်ရင် အတင်း မတိုက်နဲ့"

လင်းဟွမ်ကို သတိပေးရန် မမေ့ခဲ့ပေ။

ထိုအားတီက အော်ဟစ်လိုက်သော်လည်း ရွှေမီးလျှံအဆင့် မွန်းစတာလေးကောင်က သူ့ကို ဝန်းရံပြီး ပိတ်ဆို့ထားသည်။

လင်းဟွမ်ကို ဝိုင်းထားသော မွန်းစတားသုံးကောင်မှာ ခေါင်းသုံးလုံး အမဲလိုက်ခွေး၊ ဇီးကွက်မိစ္ဆာနှင့် စုန်းမဖြစ်ပြီး နတ်ဆိုးစုန်းမ အဆင့်မတက်ခင် အချိန်က အဆင့်နှင့် အတူတူပင်။

သို့သော်လည်း လင်းဟွမ်သည် စုန်းမအပြင် အခြားမွန်းစတား နှစ်ကောင်ကလည်း ထူးခြားနေကြောင်း မကြာခင် သဘော ပေါက်သွားသည်။

ခေါင်းသုံးလုံး အမဲလိုက်ခွေးနှင့် ဇီးကွက်မိစ္ဆာတို့မှာ မွန်းစတား စွယ်စုံကျမ်းတွင် သူမြင်ခဲ့ဖူးသော

အချက်အလက်များနှင့် ကွဲပြားနေသည်။ သူတို့တွင် ပင်ကိုယ်အသိစိတ် အပြည့် ရှိနေသည်။ သူတို့ကို မြင်သောအခါ သတ်ဖြတ်ခြင်း ဗီဇသာ ကျန်ရှိတော့သည့် ပဟေဠိကျွန်းပေါ်က သူကြုံတွေ့ခဲ့ရသော မွန်းစတားများကို ပြန်သတိ ရသွားသည်။

လင်းဟွမ်၏ အတွေးကိုပင် ပြီးဆုံးအောင် မစောင့်ဘဲ စုန်းမက လင်းဟွမ်ကို အရိပ်နှင့် ပိတ်လှောင်ရန် ကြိုးစားလိုက်ပြီး ခေါင်းသုံးလုံး

အမဲလိုက်ခွေးနှင့် ဇီးကွက်မိစ္ဆာတို့က တပြိုင်နက် တိုက်ခိုက်လိုက်သည်။

သူတို့ တိုက်ခိုက်လိုက်သည်နှင့် တပြိုင်နက် လင်းဟွမ်သည် သူရှိနေသောနေရာမှ ဖြတ်ခနဲ ပျောက်ကွယ်သွား၏။

ခေါင်းသုံးလုံး အမဲလိုက်ခွေးနှင့် ဇီးကွက်မိစ္ဆာတို့၏ တိုက်ခိုက်မှုက လွဲချော်သွားသလို စုန်းမ၏ အရိပ်သည်လည်း ပစ်မှတ် ဆုံးရှုံးသွားသည်။

စုန်းမသည် လင်းဟွမ်ကို လိုက်ရှာနေစဉ် သူမနောက်မှ အသံတစ်ခု ထွက်ပေါ်လာသည်။

"မင်းတို့တွေ အရမ်း နေးတယ်။"

လင်းဟွမ် စကားမဆုံးခင် စုန်းမခန္ဓာကိုယ် အပေါ်ပိုင်းက မြေပြင်ပေါ် ပြုတ်ကျသွားသည်။

စုန်းမ အသတ်ခံရသည့်အချိန်၌ ခေါင်းသုံးလုံး အမဲလိုက်ခွေးနှင့် ဧီးကွက်မိစ္ဆာတို့သည် ထိန်းချုပ်မှု ဆုံးရှုံးသွားပြီး တုန်လှုပ် သွားကြသည်။

"ဒါက ငါထင်ထားတဲ့ အတိုင်းပဲ"

လင်းဟွမ်သည် မွန်းစတားနှစ်ကောင်၏ အခြေအနေကို မြင်လိုက်လျှင် ဤမွန်းစတားများ

ဘယ်ကာလလဲ ဆိုသည်မှာ သေချာသွားခဲ့ပြီ။ အမာရွတ် အမှတ်အသား အလုပ်ရုံ၊ သူ ပပေါ်ဌားကျွန်းတွင် ရှိစဉ်က မျက်လုံးစုံမှတ်ပြီး သတ်ဖြတ်တတ်သည်မှ လွဲ၍ ပင်ကိုယ်အသိစိတ် ပျောက်ဆုံးနေသော မွန်းစတားများစွာနှင့် ကြုံတွေ့ ခဲ့ရဖူးသည်။ ဤမွန်းစတားနှစ်ကောင်ကို စုန်းမက ထိန်းချုပ်ထားပုံရပြီး စုန်းမ သေသွားသောအခါ သူတို့၏ ပင်ကိုယ်စရိုက် အစစ်အမှန် ပြန်ပေါ်လာကြသည်။

"ဒါဆိုရင် အမာရွတ် အမှတ်အသား အလုပ်ရုံက ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းနဲ့ အလုပ်အတူတူ လုပ်နေတာလား။"

နောက်ဆုံးတွင် လင်းဟွမ်သည် နောက်ကွယ်မှ ကိစ္စများများ၏ သဲလွန်စကို ရရှိသွားသည်။ ရုပ်ဆိုးသော အမှန်တရားအကောင့်၏ ဟောကိန်းကို ပြန်အမှတ်ရသွားပြီး ထိုအကောင့်ပိုင်ရှင် ဆိုလိုသော မြေအောက် အဖွဲ့အစည်းနှစ်ခုမှာ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းနှင့် အမာရွတ် အမှတ်အသားအလုပ်ရုံတို့ ဖြစ်သည်မှာ သေချာလု

နီးပါး ဖြစ်သွားသည်။ သို့သော်လည်း ယခုအခါ၌ အမာရွတ်အမှတ်အသား အလုပ်ရုံကို မည်ကဲ့သို့ ခေါ်ဆိုကြောင်း သေသေချာချာ မသိပေ။

လင်းဟွမ် အတွေးနက်နေစဉ် ခေါင်းသုံးလုံး အမဲလိုက်ခွေးနှင့် ဇီးကွက်မိစ္ဆာတို့က တစ်ပြိုင်နက် တိုက်ခိုက်လာကြ၏။

ခေါင်းသုံးလုံး အမဲလိုက်ခွေးက ၎င်း၏ ပါးစပ်ကြီးကို ဖွင့်ဟပြီး တိုက်ခိုက်လိုက်သလို ဇီးကွက်မိစ္ဆာက ၎င်း၏ လက်ထဲမှ

ရောမပုဆိန်ကြီးနှင့် တိုက်ခိုက်လာသည်။ နှစ်ကောင်လုံးက ဘေးဘက်မှ တိုက်ခိုက်လာခြင်းပင်။

လင်းဟွမ်၏ခေးသည် အဖြူရောင် လက်သွားပြီး မွန်းစတားများထံ ခါးချက်နှစ်ချက် ရောက်သွားသည်။

မွန်းစတားနှစ်ကောင်သည် အသံတစ်ချက်မှ မထွက်နိုင်ဘဲ ရောမ ခေါင်းလေးလုံးက လေထဲ လွင့်ထွက်သွားသည်။ မွန်းစတားများ၏ လည်ပင်းမှ သွေးများသည် စမ်းရေများကဲ့သို့ ဆယ်မီတာအထိ ပန်းထွက်သွားသည်။

လင်းဟွမ်သည် သွေးများ ပန်းထွက်လာသည်နှင့် တပြိုင်နက် ဆယ်မီတာကျော် ခုန်ဆုတ်လိုက်သဖြင့် သူ့ခန္ဓာကိုယ်ကို သွေးများ လုံးဝ မစင်ခဲ့ပေ။

## အခန်း(၅၄၁) - စက္ကန့်ပိုင်းလေးအတွင်း နောက်တစ်ကြိမ် သတ်ဖြတ်ခြင်း။

နောက်ဆုံး၌ လင်းဟွမ်သည် သူ၏စစ်မှန်သော အစွမ်းကို ပထမဦးဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ပြီး၊ ရွှေမီးလျှံအဆင့် မွန်းစတား သုံးကောင်ကို ကြက်ကလေး သုံးကောင် သတ်သကဲ့သို့ အလွယ်တကူ သတ်ဖြတ်လိုက်သည်။

လင်းပွှမ်ကို အာရုံစိုက်နေသော အားတီသည် အံ့အောထိတ်လန့်စွာ နောက်တစ်ကြိမ် စိုက်ကြည့်နေပြီး

"သူက... အထွတ်အထိပ် ပါရမီရှင်လား"

အားတီနှင့် ကျန်သည့်လူများသည် နေရာအနှံ့ ခရီးလှည့်လည် သွားခဲ့ဖူးသော်လည်း သန္ဓေနှစ်ကြိမ်ပြောင်း ရွှေမီးလျှံအဆင့် မွန်းစတားများကို စက္ကန့်ပိုင်းလေးအတွင်း သတ်ပစ်နိုင်သည့် အဖြူရောင် မီးလျှံအဆင့်ကို

တစ်ခါမှ မကြားခဲ့ဖူးပေ။ အထွတ်အထိပ် ပါရမီရှင်များကသာ လုပ်နိုင်ပေလိမ့်မည်။

လင်းဟွမ်သည် ရွှေမီးလျှံအဆင့် မွန်းစတား သုံးကောင်ကို သတ်ဖြတ်ပြီးနောက် ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်သည်။ မွန်းစတားအုပ်ထဲတွင် ပုန်းအောင်းနေသော လူသားများကို ရှာဖွေနေသည့် သန့်ရှင်းမီးလျှံအဆင့် မွန်းစတား တစ်ရာကျော်ကို တွေ့လိုက်ရသည်။

မူလက လင်းပွှမ်ကို ကယ်တင်ချင်ခဲ့သော အားတီသည် ယခုအခါ၌ ရွှေမီးလျှံအဆင့် မွန်းစတားလေးကောင်၏ ဝိုင်းဝန်း တိုက်ခိုက်ခြင်းကို ခံနေရသည်။ ကျန်သည့်လူများက မွန်းစတား အုပ်ထဲတွင် ပုန်းနေကြဆဲပင်။

"ပိုင်၊ ကိုင်လီ မွန်းစတားအုပ်ကြီးကို မေ့လိုက်တော့။ သန့်ရှင်းမီးလျှံအဆင့် မွန်းစတားတွေကို အမြန် ဖြေရှင်း။"

လင်းဟွမ်က သူညွှန်ကြားချက်ကို ချက်ချင်း ပြောင်းလိုက်သည်။

လင်းဟွမ်သည် သာလွန်အဆင့် မွန်းစတားများနှင့် မတိုက်ခိုက်ခင် မွန်းစတားများ၏ အရေအတွက်ကို တတ်နိုင်သမျှ လျှော့ချချင်ခဲ့သည်။

သို့သော်လည်း ယခုအခါ၌ သာလွန်အဆင့် မွန်းစတားများက တိုက်ပွဲထဲ ပါဝင်လာသောကြောင့် မွန်းစတားများနှင့် လူသားများကြားက အချိုးသည် ငါးချိုး၊ တစ်ချိုး ကျော်သွားခဲ့ပြီး

မွန်းစတားများဘက်မှ တိုက်ခိုက်နေသော အရေအတွက်က များပြားလှသည်။

အားတီနှင့် ကျန်သည့်လူများ အပေါ်တွင် ခြိမ်းခြောက်မှု ကြီးမားနေခဲ့ပြီ။ အကယ်၍ သာလွန်အဆင့် မွန်းစတားများကို ချက်ချင်း မသတ်ပါက သာလွန်အဆင့် လူသားများ သေဆုံးသွားနိုင်သောကြောင့်ပင်။

လင်းဟွမ်သည် ညွှန်ကြားချက် ပေးပြီးသည်နှင့် တပြိုင်နက် အဖြူရောင် အလင်းတန်းတစ်ခုအလား အားတီထံ ပျံသန်းသွားသည်။

အားတီသည် အစွမ်းထက်သည် ဆိုသော်လည်း ရွှေမီးလျှံအဆင့် မွန်းစတားလေးကောင်၏ ဝိုင်းဝန်း တိုက်ခိုက်ခြင်းကို အချိန်ကြာအောင် မတောင့်ခံနိုင်တော့ချေ။

အားတီသည် လင်းဟွမ်က အလင်းတန်းတစ်ခု အဖြစ် ပြောင်းလဲသွားသည်ကို မြင်လိုက်လျှင် အားတက်သွားကာ ပြုံးလိုက်မိသည်။

ခဏအကြာ လင်းဟွမ်သည် အားတီ တိုက်ခိုက်နေသော တိုက်ပွဲနေရာ အတွင်း ပေါ်လာသည်။ ထို့နောက် လင်းဟွမ် လက်ထဲမှ ဓါးသည် အဖြူရောင်အလင်းတစ်ခုအဖြစ် လေထဲတွင် ဖြတ်ခနဲ လက်သွားသည်။

ထိုစဉ် သူ့နောက်ကျောဘက်မှ အန္တရာယ်တစ်ခု ချဉ်းကပ်သလို ခံစားလိုက်ရသဖြင့် ချက်ခြင်း လှည့်ကြည့်လိုက်ပြီး မီတာ တစ်ထောင်ကျော် ခုန်ဆုတ်လိုက်သည်။

လေထဲမှနေ၍ တိုက်ပွဲ စောင့်ကြည့်နေသော အင်မော်တယ်အဆင့် မွန်းစတား သုံးကောင်ထဲမှ နှစ်ကောင်က တိုက်ခိုက်ခဲ့ခြင်းပင်။

သူတို့ထဲမှ တစ်ကောင်မှာ အင်မော်တယ်အဆင့် (၁) တိမ်ကျားသစ် ဖြစ်ပြီး ကျန်တစ်ကောင်မှာ အင်မော်တယ် အဆင့် (၃) ပင့်ကူဘုရင်မ သာ...

လင်းဟွမ်သည် မွန်းစတား လမ်းညွန်ထဲတွင် ဖတ်ခဲ့ဖူးသောကြောင့် ဒီမွန်းစတားနှစ်ကောင်လုံးနှင့် ရင်းနှီးနေသည်။

တိမ်ကျားသစ်သည် အဆင့်တူ သက်ရှိတိုင်း နီးပါး၏ အရှိန်အဟုန်ကို အံတုနိုင်သော သန္ဓေပြောင်းသားရဲပင်။ ၎င်း၏ ခန္ဓာကိုယ် အရွယ်အစားမှာ အရွယ်ရောက်ပြီးသူ လူတစ်ယောက်၏ ပျမ်းမျှ လက်မောင်း အရွယ်အစားခန့်သာရှိ၍ နှင်းဖြူရောင် အမွေးများ

ပါရှိပြီး အမှန်တကယ် ချစ်စရာကောင်းလှသည်။ သို့သော်လည်း ချစ်စရာကောင်းသော ထိုမွန်းစတားကို ချစ်မိပါက အမှားကြီး မှားသွားပေလိမ့်မည်။

အရွယ်ရောက်ပြီးသော တိမ်ကျားသစ် တစ်ကောင်သည် အစွမ်းထက်သော အင်မော်တယ်အဆင့် မွန်းစတားတစ်ကောင်ပင် ။ ၎င်း ခြေသည်းများ၏ ချွန်ထက်မှုသည် အထွတ်အထိပ် ဓာတ်ကြွင်းများနှင့် နှိုင်းယှဉ် နိုင်သည်။ ထို့အပြင် ၎င်း ပိုင်ဆိုင်ထားသော ကြောက်မက်စရာ ကောင်းသည့်

အမြန်နှုန်းနှင့်ဆိုပါက အဆင့်တူ လူတစ်ယောက်၏ ခန္ဓာကိုယ်ကို အလွယ်တကူ ထိုးဖောက်နိုင်သည်။

ထိုမွန်းစတားက သားကောင်၏ ခန္ဓာကိုယ်ကို ထိုးဖောက်ပြီး အတွင်းအင်္ဂါများကို ဖြည်းညှင်းစွာ စားသောက် တတ်သောကြောင့် အင်မတန် ရက်စက်ကြမ်းကြုတ် ကြသည်။

အစာထောက်ပံ့မှု အကန့်အသတ် မရှိပါက သားကောင်၏ လတ်ဆတ်သော ကိုယ်တွင်းအင်္ဂါများကိုသာ စားလေ့ ရှိသည်။ သားကောင်သည် ၎င်း၏ ကိုယ်အတွင်းအင်္ဂါ

အစိတ်အပိုင်း အကုန်လုံး ဆုံးရှုံးသွားသည့်အချိန်မှ အပူချိန်လည်း ကျဆင်းသွားကာ သေဆုံးသွားမည် ဖြစ်သည်။ ထို့နောက် တိမ်ကျားသစ်သည် အသက်ရှင်နေသော နောက်ထပ် သားကောင်ကို ထပ်မံ ရှာဖွေကြသည်။

အခြားတစ်ဖက်တွင်မူ ပင့်ကူဘုရင်မသည် ကပ်ပါးကောင် ဖြစ်သည်။ ကြောက်စရာကောင်းသော မျက်နှာနှင့် ဒေါသကြီးသည့် ပုံစံရှိနေပြီး ခြေတံရှည် ရှစ်ချောင်းနှင့်အတူ မွေးဖွားလာခဲ့တာ ၎င်း

ဝမ်းဗိုက်အဆုံးတွင် အဆိပ်ရှိသော အနက်ရောင် ဆူးတစ်ချောင်း ရှိသည်။ ထိုအဆူးကို လက်ခံကောင်ထဲ ကပ်ပါးကူးစက်ရန် အသုံးပြုသည်။ ထိုမွန်းစတား၏ အလေ့အထသည် သဲပင့်ကူနှင့် အတော်လေး ဆင်တူ၏။

ၚင်းတို့သည် သက်ရှိသတ္တဝါများကို ဖမ်းယူပြီး သားကောင်၏ ဦးနှောက်အတွင်းသို့ ဥများဥချကာ ကပ်ပါးကူးစက်စေသည်။ ဥသည် သုံးရက်အတွင်း အကောင် ပေါက်လာသည်။ ထို့နောက် ပင့်ကူ သားပေါက်လေးသည် လက်ခံကောင်၏ ဦးနှောက်ကို

စားကာ ဦးနှောက်ကို သိမ်းပိုက်ပြီး လက်ခံကောင်ကို ရုပ်သေးရုပ်အဖြစ် ပြုလုပ်ကြသည်။

၎င်း၏ ကပ်ပါးစွမ်းရည်အပြင် သားကောင်ကို အမဲလိုက်သည့် နည်းလမ်းကလည်း ရက်စက်ကြမ်းကြုတ်လှ၏။ ၎င်းပိုက်အောက်ရှိ အဆိပ်ဆူးမှတစ်ဆင့် သားကောင်ထဲသို့ သေစေနိုင်သော အဆိပ်တစ်မျိုး ထိုးသွင်းသည်။ ထိုအဆိပ်သည် သားကောင်၏ သွေးကြောထဲ ဝင်ရောက်သွားသည်နှင့် သွေးကြောများ၊ ကြွက်သားများ၊ အဆီများနှင့် အရိုးများကိုပင် လျင်မြန်စွာ ပျော်ကျသွားစေသည်။

သို့ရာတွင် သားကောင်၏ အရေပြား သို့မဟုတ် အမွေးများကို မထိခိုက်စေပေ။ ပုံမှန်အားဖြင့် သားကောင်၏ ခန္ဓာကိုယ်သည် သုံးနာရီအတွင်း အရည်အဖြစ် ပြောင်းလဲသွားမည်။ ထို့နောက် မွန်းစတားက ၎င်း၏လျှာကို ဆန့်ထုတ်၍ သားကောင်၏ ခန္ဓာကိုယ်ထဲ ထိုးသွင်းကာ စိတ်ကျေနပ်သည်အထိ အရည်များကို စုပ်ယူသည်။ နောက်ဆုံး၌ အရေခွံနှင့် အမွေးများသာ ကျန်ရစ်ခဲ့သည်။

အတိုချုပ် ပြောရမည်ဆိုလျှင် ဒီမွန်းစတား နှစ်ကောင်လုံးက ရင်းနှီးဖော်ရွေခြင်း မရှိဘဲ ရန်လိုသည်မှာ အသေအချာပင်။

သို့သော်လည်း မကြာခင် လင်းဟွမ်သည် အင်မော်တယ်အဆင့် မွန်းစတားနှစ်ကောင်နှင့် ပတ်သက်၍ ထူးဆန်းသော အရာတစ်ခုကို သတိထား လိုက်မိသည်။

"တိမ်ကျားသစ်ရဲ့ မျက်လုံးတွေက အနက်ရောင် ရှိနေရမှာပါ။ ဒါပေမဲ့ ထူးထူးဆန်းဆန်း အစိမ်းရောင်

ပြောင်းနေတယ်။ နောက်ပြီးတော့ ပင့်ကူဘုရင်မရဲ့ အရောင်ကလည်း အရမ်း တောက်ပနေတယ်။ သူတို့ရဲ့အပြုအမူက တစ်ခုခု လွဲနေပြီ၊ အရမ်း ဒေါသထွက်နေတဲ့ပုံပဲ"

သူ၏ လေ့လာ တွေ့ရှိချက်အရ မွန်းစတားများသည် ပစ်မှတ်ကို လွဲချော်သွားသည့်အခါ ပို၍ စိတ်တိုလာကြသည်။ လုပ်ကြံသတ်ဖြတ်ရေး ဘုရင်မဖြစ်သည့် ပင့်ကူဘုရင်မ စိတ်တိုနေသည်မှာ မဆန်းပေ။

"မင်းတို့တွေက အမာရွတ်အမှတ်အသား အလုပ်ရုံက စမ်းသပ်ခံတွေလား။"

လင်းဟွမ်၏ စိတ်ထဲတွင် အတွေးတစ်ခု ချက်ခြင်းပေါ်လာပြီး ဒီမွန်းစတားနှစ်ကောင်က ဘာတွေ မှားနေသလည်းဟု တွေးတောနေမိသည်။

အားတီ၏ရန်သူများမှာ ရွှေမီးလျှံအဆင့် သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားလေးကောင် ဖြစ်နေသဖြင့် အားတီ၏ ခုခံမှု အပိုင်းမှာ အတော်လေး အားနည်းနေခဲ့သည်။ မွန်းစတားများ၏

တိုက်ခိုက်ရေးအဆင့်သည် သူနှင့် တန်းတူ ဖြစ်သော်လည်း အရေအတွက် များနေသောကြောင့် သူ့အသက်ကို ကြိုးတန်းပေါ်တင်ပြီး တိုက်ခိုက်နေရသည်မှာ အထင်အရှားပင်။ အတွေ့အကြုံ ရှိသော်လည်း ကိုင်တွယ်ဖြေရှင်းရန် မတတ်နိုင်ပေ။

လင်းဟွမ်သာ ထိုနေရာသို့ အချိန်မှီမရောက်ပါက မကြာခင် သေရတော့မည်ကို သဘောပေါက် နေသည်။

လင်းဟွမ်သည် သူ့လမ်းကို ပိတ်ဆို့ထားသော အင်မော်တယ်အဆင့် မွန်းစတားနှစ်ကောင်ကို ကြည့်ပြီး မျက်လုံးများထဲတွင် ဒေါသ အရိပ်အယောင်များ တဖျပ်ဖျပ် တောက်ပလာနေသည်။

"ကြည့်ရတာ ဒီတိုက်ပွဲက မကြာခင် ပြီးတော့မယ့်ပုံပဲ..."

"ရှောင်ဖိန် ငါ့တိုက်ခိုက်ရေးစွမ်းအားကို မြှင့်တင်ဖို့ လူသားပုံစံ ထိန်းသိမ်းပြီး ယာယီအသွင်ပြောင်းကတ် သုံးမယ်။"

လင်းဟွမ်သည် ယာယီအသွင်ပြောင်းကတ်ကို တိုက်ခိုက်ရေး အဆင့်မြှင့်ကတ်အဖြစ် အသုံးပြုလိုက်သည်။

"ယာယီ အသွင်ပြောင်းကတ်ကို အသုံးပြုနေပါတယ်။ အသွင်ပြောင်းကတ်ရဲ့

အသွင်ပြောင်းလဲခြင်း အကျိုးသက်ရောက်မှုကို ကန့်သတ်ထားပါတယ်"

" တိုက်ခိုက်ရေးအဆင့် တိုးလာပြီ။ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က ရွှေရောင် မီးလျှံအဆင့်အထိ ယာယီ တိုးမြှင့်သွားပါပြီ"

လင်းဟွမ်သည် ရှောင်ဖိန်၏ အသံကို ကြားလိုက်သည်နှင့် တိုက်ခိုက်ရေး အစွမ်းများ ရုတ်ချည်း မြှင့်တက်လာသည်။ တစ်စက္ကန့် မပြည့်ခင် အဖြူရောင် မီးလျှံအဆင့်မှ

ရွှေရောင်မီးလျှံအဆင့်အထိ မြင့်တက်သွားသဖြင့် လင်းဟွမ်သည် သူ့စွမ်းရည်များ သိသိသာသာ မြင့်တက်လာသည်ကို ခံစားလိုက်ရသည်။

ဒါသည် ပထမဦးဆုံးအကြိမ် အသွင်ပြောင်းခြင်း မဟုတ်သောကြောင့် မကြာခင် ကြီးမားသော ခွန်အားနှင့် လိုက်လျောညီထွေ ဖြစ်အောင် လုပ်နိုင်ခဲ့သည်။

လင်းဟွမ်သည် အသွင်ပြောင်းမှု ပြီးဆုံး သွားသောအခါ အင်မော်တယ်အဆင့်

မွန်းစတားနှစ်ကောင်ထံ လျင်မြန်စွာ ချဉ်းကပ်သွားသည်။

တိမ်ကျားသစ်၏ ထက်မြက်သော ခြေသည်းများသည် လင်းဟွမ်၏ ရင်ဘတ်ထံ လျှပ်စီးလက်သကဲ့သို့ လျင်မြန်စွာ တိုးဝင်လာပြီး အခြား တစ်ဖက်တွင် ပင့်ကူဘုရင်မက ပင့်ကူမျှင်များကို ချိန်းကြိုးပုံစံ ပြုလုပ်၍ ပစ်ပေါက်လိုက်သည်။

"မင်းတို့ ငါ့ဆီ ရောက်လာကတည်းက မင်းတို့ဘာသာမင်းတို့ ခက်ခဲအောင် လုပ်တာပဲ။ ငါ့ကို အပြစ်မတင်နဲ့။"

လင်းဟွမ်က ပြုံးလိုက်ပြီး ဓားကို တင်းတင်းကြပ်ကြပ် ဆုတ်ကိုင်၍ ရှေ့သို့ ခုတ်ချလိုက်ရာ လေထဲတွင် ရွှေရောင်အလင်း ဖြတ်ခနဲ လက်သွားသည်။

ခေး၏ ရွှေရောင်အလင်းသည် လေထဲတွင် နေရောင်ခြည်လို တောက်ပနေသောကြောင့် လူတိုင်း ငေးကြည့်နေကြ၏။

ခေးသွားပေါ်မှ တောက်ပနေသော အလင်းများသည် တိမ်ကျားသစ်နှင့် ပင့်ကူဘုရင်မတို့၏ ခန္ဓာကိုယ်ကို ဖုံးအုပ်သွားသည်။ ခဏအကြာတွင် လင်းလက်တောက်ပနေသော အလင်းတန်းသည် တစ်ဆယ် ကီလိုမီတာကျော် ပျံ့နှံ့သွားသည်။

လင်းဟွမ်နှင့် မနီးမဝေးတွင် လေတိုက်လာသောအခါ အနက်ရောင် အရိပ်နှစ်ခုသည် ဖုန်မှုန့်များအဖြစ် ပြိုကွဲ၍ လွင့်ထွက်သွားသည်။

"အိုး ကမ္ဘာသန့်စင်ခြင်း ဓါကွက်ကနေ မွန်းမံထားတဲ့ စွမ်းရည်အသစ်လား။ အစွမ်းထက်လွန်းတယ်"

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

# အခန်း(၅၄၂) - မင်းကိုယ်မင်း တော်တော်လေး အထင်ကြီးနေတာပဲ..

ကမ္ဘာ့သန့်စင်ခြင်း ဓါးကွက်မှနေ၍ မွမ်းမံထားသော စွမ်းရည်၏ အဓိက အနှစ်သာရမှာ ဂန္တဝင်အဆင့် ကြယ်တာရာလိပ်ခုံး ကျင့်စဉ်ကို အသုံးပြုပြီး ယေဘုယျနိယာမ အဖြစ် အဆင့်(၂) ဓါးတာအိုနယ်ပယ်ကို အသုံးပြုထားခြင်းပင် ။

လူသား စွမ်းရည်နှင့် မွန်းစတား စွမ်းရည် အမျိုးမျိုးတို့သည် ထိုအဆင့် မြှင့်တင်မှု၏

အခြေခံအုတ်မြစ် ဖြစ်လာကြသည်။ အခု လောလောဆယ်တွင် ကျွမ်းကျင်မှု တစ်ခုအနေနှင့်သာ အသုံးပြုနိုင်ပြီး ပြီးပြည့်စုံသော အခြေအနေ မဟုတ်သေးပေ။ ထို့ကြောင့် နာမည်ပင် မပေးရသေးချေ။

သို့သော်လည်း လင်းဟွမ်သည် ဤဓါးကျင့်စဉ်ကို ဖန်တီးနိုင်သရွေ့ သူ၏ အစွမ်းထက်ဆုံး စွမ်းရည်တစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်သည်။ ထို့အပြင် သူ၏ဓါးတာအို နယ်ပယ်နှင့် ကြယ်တာရာလိပ်ခုံး၏ အဆင့်ပေါ်လိုက်၍

ခါးကျင့်စဉ်များက စွမ်းအား မြင့်တက်လာကာ အားကောင်းလာလိမ့်မည်။

လင်းဟွမ်သည် ဤကျင့်စဉ်ကို လက်တွေ့တိုက်ပွဲတွင် ပထမဦးဆုံး အကြိမ် အသုံးပြုခြင်း ဖြစ်ပြီး ရလဒ်မှာ သူ မျှော်လင့်ထားသည်ထက် အများကြီး သာလွန် ကောင်းမွန်ပြီး တစ်ချက်ခုတ်ရုံနှင့် သတ်ပစ် နိုင်လောက်အောင် အစွမ်းထက်လှ၏။

"ကြည့်ရတာ အနာဂတ်မှာ ဒီကျင့်စဉ်ကို မကြာခဏ အသုံးပြုတာက မသင့်တော်ဘူး

ထင်တယ်။ သာလွန်အဆင့် မွန်းစတားတွေရဲ့ အလောင်းက ပိုက်ဆံ အများကြီးတန်တယ်”

လင်းဟွမ်သည် သူ့အတွေးကို သူ့ဘာသာသူ သဘောကျနေပြီး ကျယ်လောင်စွာ ရယ်မော လိုက်သည်။

ထို့နောက် အားတီကို လှည့်ကြည့်လိုက်ရာ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများစွာ ရရှိထားကြောင်း သတိထားလိုက်မိသည်။ အဆင့်တူ မွန်းစတား လေးကောင်၏ ဝိုင်းဝန်း တိုက်ခိုက်ခြင်းကို ခံနေရပြီး

ကာကွယ်နိုင်စွမ်း မရှိခဲ့ပေ။ သူသာ မကူညီလျှင် အားတီ သေသွားနိုင်ကြောင်း သိလိုက်၍

လင်းဟွမ်သည် ခုန်ပျံကျော်လွှားပြီး အားတီကို တိုက်ခိုက်နေသော မွန်းစတား၏ အနောက်ဘက်တွင် ပေါ်လာသည်။

ဒါသည် ဓါးခုတ်ကောင်နှင့်တူသော မွန်းစတား တစ်ကောင်ပင်။

ထိုမွန်းစတားသည် သူ့အနောက်ဘက်မှ အန္တရာယ် ကျရောက်လာကြောင်း သိလိုက်သည့် အချိန်တွင် ခန္ဓာကိုယ်မှာ ခါးတစ်ဝက်မှ ပြတ်ထွက်သွားသည်။

လင်းဟွမ်သည် ထိုမွန်းစတားကို တစ်ချက်တည်းနှင့် သေအောင် သတ်ပြီးနောက် တိတ်တဆိတ် ပျောက်ကွယ် သွားပြန်သည်။ နောက်ထပ် အခိုက်အတန့်၌ ဒုတိယမြောက် မွန်းစတား၏ နောက်တွင် ပေါ်လာသည်။ ဒါသည် မြေခွေးခေါင်းဆောင်ပင်။ ၎င်း၏ နောက်ဘက်မှ ကျရောက်လာသော အန္တရာယ်ကို လုံးဝ သတိမထားမိခဲ့ပေ။ မကြာခင် လင်းဟွမ်က ခေါင်းဖြတ်ပစ်လိုက်သည်။

လင်းဟွမ်သည် တတိယနှင့် စတုတ္ထမြောက် မွန်းစတားတို့ကိုလည်း မတုံ့ပြန်နိုင်ခင် စက္ကန့်ပိုင်းလေး အတွင်းမှာပင် သတ်ဖြတ်ပစ်ကာ အားတီကို ကယ်တင်ပြီးနောက် စိတ်သက်သာရာ ရသွားသည်။

အားတီက လင်းဟွမ်ကို ပြုံးပြပြီး ကျေးဇူးတင်စကား ပြောလာသည်။ မကြာခင် လင်းဟွမ်၏ တမူထူးကဲနေသော တိုက်ခိုက်ရေး အဆင့်ကို သတိထားလိုက်မိပြီး

"မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က .. .."

"ဒါက ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့် အစစ်အမှန်ပဲ.."

လင်းဟွမ်သည် အင်မော်တယ်အဆင့်ကို သတ်ဖြတ်နိုင်စွမ်းရှိသည့် ရွှေရောင် မီးလျှံအဆင့် ဖြစ်ကြောင်း အမှန်တိုင်း မပြောခဲ့ပေ။ ထိုအစား ရွှေရောင် မီးလျှံအဆင့် ပါရမီရှင်များကလည်း ထိုကဲ့သို့ လုပ်ဆောင်နိုင်ကြသည်။

အားတီသည် လင်းဟွမ်၏ အဖြေကို နားထောင်ပြီးနောက် စိတ်အေးသွားပြီး ဆက်လက် မစုံစမ်းတော့ချေ။

"မွန်းစတားအုပ်ကြီးကို ဆက်ရှင်းရအောင်။ ဒါပေမယ့် မင်း မပေါ်လာတာ ပိုကောင်းတယ်။

ငါ့ဘာသာ ငါပဲ သာလွန်အဆင့် မွန်းစတားတွေကို ကိုင်တွယ်လိုက်မယ်”

လင်းဟွမ်သည် အားတီက အားမနည်းကြောင်း သိသော်လည်း သူ့ကို ဝိုင်းဝန်းတိုက်ခိုက်သော မွန်းစတား အရေအတွက် များလာပါက ကိုင်တွယ်နိုင်စွမ်း မရှိတော့ပေ။

“ဒါပေမယ့် ကောင်းကင်ပေါ်က တစ်ကောင်.. ..”

အားတီသည် သိသိသာသာ စိတ်ပူနေသည်။ ထိုမွန်းစတား၏ တိုက်ခိုက်ရေး အဆင့်ကို မဖော်ထုတ်နိုင်သော်လည်း လင်းဟွမ်

သတ်ဖြတ်ခဲ့သော မွန်းစတားနှစ်ကောင်ထက် များစွာ ပိုမို၍ အားကောင်းကြောင်း သိသာထင်ရှားနေသည်။

"စိတ်မပူနဲ့.. ငါ ကိုင်တွယ်လိုက်မယ်.."

လင်းဟွမ်က သူ့ကို နှစ်သိမ့်ပေးလိုက်သည်။ သူမှလွဲ၍ အခြားလူများက အင်မော်တယ်အဆင့် မွန်းစတားဖြစ်ကြောင်း မသိကြသည့်အတွက် ကံကောင်းသည်ဟု တွေးလိုက်မိသည်။ မွန်းစတားကို သတ်ပြီးသည်နှင့် အလောင်းကို သိမ်းလိုက်ပြီး အင်မော်တယ်အဆင့် (၃) မွန်းစတား

တစ်ကောင်သာ ဖြစ်ကြောင်း ပြောလိုက်မည်။ အချို့သော ရွှေရောင်မီးလျှံအဆင့် ထိပ်တန်း ပါရမီရှင်အချို့သည် အင်မော်တယ်အဆင့် (၃) ကို သတ်ဖြတ်နိုင်သောကြောင့် ယုံကြည်ကြလိမ့်မည်။

"အင်မော်တယ်အဆင့် မွန်းစတားကို.. လျှော့ မတွက်နဲ့.."

အားတီသည် အင်မော်တယ်အဆင့် မွန်းစတား အကြောင်းကို သေသေချာချာ မသိပေ။ သို့သော် လင်းဟွမ် သတ်ခဲ့သည့် မွန်းစတားနှစ်ကောင်ထက် ပို၍ အစွမ်းထက်ကြောင်း သူ သိသည်။

သို့သော်လည်း လင်းဟွမ်က မွန်းစတားနှစ်ကောင်ကို စက္ကန့်ပိုင်းလေးအတွင်း အနိုင်ယူခဲ့သောကြောင့် ဤမွန်းစတားကို အနိုင်ယူရန် မခက်ခဲနိုင်ပေ။

"ကောင်းပြီ.. သွားရအောင်.."

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

လင်းဟွမ်သည် မွန်းစတားအုပ်ထဲ တိုးဝင်သွားသော အားတီကို ကြည့်ပြီးနောက် ခေါင်းမော့ကာ ကောင်းကင်ပေါ်မှ အင်မော်တယ်အဆင့် (၅) မွန်းစတားကို စိုက်ကြည့်လိုက်၏။

မိစ္ဆာမ တစ်ကောင်ပင်။ သို့သော်လည်း လင်းဟွမ်သည် မည်သည့် အမျိုးအစားလည်း ဆိုသည်ကို တိတိကျကျ မဖော်ထုတ်နိုင်ပေ။

သူမ၏ ခေါင်းပေါ်တွင် ဦးချို တိုတိုလေးများ ပါရှိသောကြောင့် ယုတ်ညံ့မှင်စာ မိစ္ဆာနှင့် ဆင်တူသည်။ နောက်ကျောတွင် အဖြူရောင်အရိုး တောင်ပံတစ်စုံ ပါရှိပြီး ခရမ်းရောင် ချပ်ဝတ်တန်ဆာကိုလည်း ဝတ်ဆင်ထားသည်။ ကျောပေါ်ရှိ အရိုးအတောင်များနှင့် ထူးဆန်းသော ချပ်ဝတ်တန်ဆာ မပါပါက ရိုးရိုး မိစ္ဆာ

မွန်းစတားတစ်ကောင်ဟု ထင်ခဲ့မိလိမ့်မည်။ ယခုမူ ထိုအတွေးက မသေချာ မရေရာတော့ပေ။

"လူသား.. မင်းရဲ့ တိုက်ခိုက်ရေးအဆင့်ကို တကယ်ပဲ ဖုံးကွယ်ထားတာလား"

နောက်ဆုံးတွင် မိစ္ဆာမက လင်းဟွမ်ကို လေးနက်သော အမူအရာနှင့် စိုက်ကြည့်ပြီး ပြောလိုက်သည်။

လင်းဟွမ်က အင်မော်တယ်အဆင့်(၃) ပင့်ကူဘုရင်မကို တစ်ချက်တည်း သတ်ဖြတ်ခဲ့သောကြောင့် သူ့စွမ်းရည်က သိသာ

ထင်ရှားလွန်းသည်။ သို့သော်လည်း မိစ္ဆာမသည် သူမ ရှုံးလိမ့်လိမ့်မည်ဟု မထင်ပေ။

"မင်းရဲ့ တိုက်ခိုက်ရေးအဆင့်ကို ဖုံးကွယ်ဖို့ ဘယ်လောက်ပဲ ခက်ခက်ခဲခဲ ကြိုးစား ကြိုးစား၊ မင်းက ရွှေရောင်မီးလျှံအဆင့်ပဲ ရှိပါသေးတယ်။ ငါတို့ရဲ့ တိုက်ခိုက်ရေးအဆင့်က လုံးဝ ကွာခြား နေတယ်။ မင်းငါ့ကို အနိုင် မယူနိုင်ဘူးဆိုတာ သေချာတယ်"

"ယုံကြည်ချက်ရှိတာ ကောင်းပါတယ်။ ဒါပေမယ့် မကြာခင် မင်းကိုယ်မင်း အထင်ကြီးလွန်းနေတယ် ဆိုတာ မင်း သိလာလိမ့်မယ်"

လင်းဟွမ်က မျက်ခုံးပင့်ပြီး ပြန်ပြောလိုက်သည်။

"ကြည့်ရတာ တိုက်ခိုက်ရေးအဆင့် ကွာဟချက်ကို မင်း မသိသေးသလိုပဲ"

မိစ္ဆာမက လင်းဟွမ်၏ ယုံကြည်မှု လွန်ကဲနေသော အော်ဟစ်သံကို ကြားလိုက်လျှင် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"မင်းက နံ့အလွန်းတယ်လို့ပဲ ပြောရမလား၊ ဒါမှမဟုတ် သတ္တိကောင်းတယ်လို့ပဲ ပြောရမလား မသိတော့ဘူး"

"မင်းက အင်မော်တယ် အဆင့်(၃) ရှိတဲ့ မွန်းစတားတစ်ကောင်ပဲ။ မင်းနဲ့ငါကြားမှာ အဆင့် သုံးဆင့်ပဲ ကွာတယ်။ အဆင့်သုံးဆင့်က ဒီလောက် ကွာခြားမယ်လို့ ငါမထင်ဘူး"

လင်းဟွမ်က လူအများကို လှည့်စားနိုင်ရန် ရည်ရွယ်ချက်ရှိရှိ အော်ပြောလိုက်သည်။

"အင်မော်တယ် အဆင့် (၃)လား.."

မိစ္ဆာမက ဝါးလုံးကွဲ ရယ်မောလိုက်သည်။ လင်းဟွမ်က သူမ၏ တိုက်ခိုက်ရေးအဆင့်ကို မှားယွင်းစွာ သုံးသပ်ခဲ့ပြီဟု ထင်လိုက်သော်လည်း အမှားပြင်ပေးရန် ရည်ရွယ်ချက် မရှိပေ။

"ဒါဆိုလည်း အင်မော်တယ် အဆင့် (၃) က ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ မင်းကို ငါ ပြပေးမယ်"

မိစ္ဆာမက စကားပြောပြီးသည်နှင့် သူမ နောက်ကျောမှ အရိုး အတောင်ပံနှစ်ခုကို ခတ်လိုက်သည်။ ချက်ချင်းဆိုသလို လင်းဟွမ်

ရှေ့တွင် ပေါ်လာသည်။ ထို့နောက် သူမ၏ လက်သည်းများဖြင့် လင်းဟွမ် နှလုံးရှိသည့် ရင်ဘက် ဘယ်ဘက်ခြမ်းကို ကုတ်ဆွဲလိုက်သည်။

ချွန်ထက်သော လက်သည်းများက လင်းဟွမ်၏ ရင်ဘတ်အနီးကို ရောက်လာစဉ် တောက်ပသော အလင်းရောင်တစ်ခု ဖျတ်ခနဲ လက်သွားသည်။

မိစ္ဆာမက သူမလက်ကို ပြန် မရုပ်သိမ်းနိုင်ခင် ထိုအလင်းတန်း သူမ ညာဘက် လက်ကောက်ဝတ်ကို ဖြတ်ချသွားသည်။

မိစ္ဆာမသည် ခံစားရသော နာကျင်မှုဝေဒနာကြောင့် အော်ဟစ်ပြီး မီတာ တစ်ရာကျော်ကမန်းကတန်း ဆုတ်ခွာသွားသည်။

"မင်း ဟန်ဆောင်နေတာလား"

မိစ္ဆာမသည် ပြတ်နေသော သူမလက်ကို မယုံကြည်နိုင်စွာ ငုံကြည့်လိုက်ပြီး လင်းဟွမ်ကိုလည်း ကြောက်ရွံ့လာသည်။

လင်းဟွမ်က လက်ကိုမြှောက်ပြီး ဓါးကို ပခုံးပေါ်တင်၍ ထမ်းလိုက်သည်။ ထို့နောက် ရယ်မောပြီး

“မင်းကို ယုံကြည်မှု လွန်ကဲနေပါတယ်လို့ ငါ ပြောခဲ့သားပဲ..”

“ငါ မင်းကို လျှော့တွက်မိပြီ..”

မိစ္ဆာမသည် မစိုးရိမ်တော့ပေ။ လင်းဟွမ် ခုတ်ဖြတ်ခဲ့သော သူမလက်သည် သာမန်မျက်စိနှင့် မြင်နိုင်သောနှုန်းဖြင့် လျင်မြန်စွာ ပြန်လည် ကောင်းမွန်လာသည်။

“ငါ မင်းကို လျှော့တွက် ခဲ့မိတယ်ဆိုတာ ဝန်ခံတယ်။ ဒါပေမယ့် ဒီအချိန်ကစပြီး အဲ့ဒီလို အမှားမျိုး ထပ်လုပ်တော့မှာ မဟုတ်ဘူး..”

“မဟုတ်ဘူး ဟုတ်လား။ အခုချိန်အထိ မင်းနားမလည်သေးဘူးပဲ။ မင်း ငါ့ကို လျှော့မတွက်ပါဘူး။ မင်းကိုယ်မင်း အထင်ကြီးနေတာပဲ ရှိတာ”

လင်းဟွမ်က ကျေနပ်အားရစွာ ရယ်မောနေပြီး ကြမ်းတမ်းသော မှတ်ချက် ပေးလိုက်သည်။

“ငါ့ကိုယ်ငါ အထင်ကြီးတာ ဟုတ်လား”

မိစ္ဆာမသည် လင်းဟွမ်ကို မျက်လုံးမှေးပြီး စိုက်ကြည့်နေသည်။ သူမ မျက်လုံးထဲတွင် ဒေါသအရိပ်အယောင်များ တဖျတ်ဖျတ် တောက်ပနေသည်။

လင်းဟွမ်က မိစ္ဆာမကို နှိမ့်ချသော စကားလုံးများ သုံးပြီး ရည်ရွယ်ချက်ရှိရှိ ရန်စနေခဲ့ခြင်းပင်။

"ကြွက်စုတ်.. ဒီစကားကြောင့် မင်း မသေခင် ငါ မျိုချပစ်မယ်"

မိစ္ဆာမသည် ထိုစကား ပြောပြီးနောက် တောင်ပံများကို ခပ်ကြမ်းကြမ်းခတ်ကာ မူလနေရာမှ တစ္ဆေတစ်ကောင်အလား ပျောက်ကွယ်သွားသည်။

## အခန်း(၅၄၃) - မှုန်ဝါးသောသွေးများ။

လေထဲတွင် လင်းဟွမ်သည် မိစ္ဆာမကို အကြိမ်ပေါင်း ရာနှင့်ချီပြီး ခုတ်ထစ်နေခဲ့သည်။

အရိပ်နှစ်ခုမှာ ပေါ်လိုက်၊ပျောက်လိုက် လှုပ်ရှားနေကြသည်။ အချင်းချင်း ထိပ်တိုက်တွေ့ဆုံသောအခါ ပြင်းထန်သော စွမ်းအားလှိုင်းများပေါက်ကွဲထွက်လာပြီး နေရာအနှံ့ ဖြာထွက်သွားသည်။

ကံကောင်းထောက်မစွာဖြင့် သူတို့ တိုက်ပွဲဖြစ်ပွားနေသော ကောင်းကင်အောက်၌ သာလွန်အဆင့် မွန်းစတားအုပ်ကြီး ရှိနေသဖြင့် သာလွန်အဆင့် မွန်းစတားများ ထိခိုက်ပျက်စီးကုန်သည်။ လူသားများကမူ ဆယ်ကီလိုမီတာအကွာတွင် ရှိနေကြသောကြောင့် အကျိုးသက်ရောက်မှုက သိသာ ထင်ရှားခြင်း မရှိခဲ့ပေ။

သို့သော်လည်း သဲများပါသော လေပြင်းများ တိုက်ခတ်လာသောကြောင့် ပုန်းကွယ်နေရသည်။

သန့်ရှင်းမီးလျှံအဆင့် လူများသည် သူတို့နှစ်ယောက် တိုက်ပွဲဖြစ်ပွားရာနေရာမှ ရှောင်ရှား ခဲ့သောကြောင့် ထိခိုက်ခြင်း မရှိခဲ့ပေ။

မိစ္ဆာမသည် အစောပိုင်းက လင်းဟွမ်တွေ့ခဲ့သော ပြိုင်ဘက်များနှင့် ကွဲပြားပြီး အဝေးရောက် တိုက်ခိုက်မှုများကို ကျွမ်းကျင်သည်။ သူမ နောက်ကျောရှိ အရိုးတောင်ပံ တစ်စုံသည် လင်းဟွမ်၏ အထွတ်အထိပ် ဓါတ်ကြွင်းနှင့် အဆင့်တူသည်။ ထို့အပြင် အစွမ်းထက်လွန်းသော သံချပ်ကာကိုလည်း ဝတ်ဆင် ထားသေးသည်။

ထို့အပြင် နတ်ဆိုးဆန်သော ပြန်လည် ကုသရေး စွမ်းရည်လည်း ပိုင်ဆိုင်ထားသည်။

ယခု လောလောဆယ်၌ လင်းဟွမ်သည် မိစ္ဆာမကို သတ်ဖြတ်နိုင်ခြင်း မရှိသေးပေ။ သို့သော်လည်း သူတို့နှစ်ယောက် တိုက်ခိုက် လာသည်နှင့်အမျှ မိစ္ဆာမ၏ စိတ်ထဲတွင် ကြောက်ရွံ့စိတ်များ တဖြည်းဖြည်း ကြီးထွားလာသည်။

အစပိုင်းတွင် လင်းဟွမ်ကို ဖိနှိပ်နိုင်လိမ့်မည်ဟု ထင်ခဲ့သော်လည်း သူမ အမြင်က တက်တက်စင်အောင် လွဲသွား ခဲ့သည်။

အချိန်ကြာလာသည်နှင့်အမျှ ပြိုင်ဘက်၏ ဓါးနှင့် တိုက်ခိုက်နေသော တိုက်ခိုက်မှုများက ပိုမို ချောမွေ့လာကာ ကျော်ဖြတ်ရန် မဖြစ်နိုင်တော့ချေ။

သံချပ်ကာဝတ်စုံနှင့် သူမ၏ နတ်ဆိုးဆန်သော ပြန်လည်ကုသခြင်း စွမ်းရည်က မှီခိုအားထားရခြင်း မရှိပါက အစကတည်းကပင် သေဆုံးသွားနိုင်ကြောင့် သိနေသဖြင့် ဖိအားများနေသည်။

"သူမရဲ့ မွမ်းမံမှုက သူမရဲ့စွမ်းရည်ကို ပိုမြင့်အောင် လုပ်ပေးနိုင်တာလား"

လင်းဟွမ်သည် မိစ္ဆာမနှင့် တိုက်ခိုက်နေရင်း ရှောင်ဖိန်ကို စိတ်ချင်းဆက်သွယ်ပြီး မေးလိုက်ရာ

"သူမရဲ့တောင်ပံက တိုက်ခိုက်မှု စွမ်းအားနဲ့ အရှိန်အဟုန်ကို သိသိသာသာ မြင့်တက်လာစေတယ်။ ဒါပဲ မဟုတ်သေးဘူး။ သံချပ်ကာဝတ်စုံကလည်း ခုခံမှုကို တိုးတက်စေတယ်။ နောက်ပြီးတော့ နတ်ဆိုးဆန်တဲ့ ပြန်လည်ကုသရေး စွမ်းရည်ကလည်း အလုပ် ကောင်းကောင်း လုပ်တယ်။ ဒါကြောင့် ရှင်သန်နိုင်စွမ်း မြင့်တက်လာတာပဲ"

"ငါ မြင်ဖူးသမျှထဲမှာတော့ ဒီမိစ္ဆာမက အအောင်မြင်ဆုံး ပြုပြင်မွမ်းမံမှုပဲ။ နောက်ပြီးတော့ အသိစိတ်လည်း အပြည့်ရှိနေတယ်။ မင်းတို့ နှစ်ယောက်ကြားက ပြောခဲ့တဲ့ စကားပြောဆိုမှုကို အခြေခံရမယ်ဆိုရင် အရင်တုန်းက ငါတို့တွေ့ခဲ့တဲ့ ချို့ယွင်းချက် ရှိနေတဲ့ အကောင်တွေနဲ့ မတူဘူး ဆိုတာ သိသာတယ်"

"သတ်လိုက်၊ ဒီမိစ္ဆာမကတ် မင်းကို ဆုပေးမယ်"

"သဘောတူတယ်.."

လင်းဟွမ်သည် ရှောင်ဖိန်က ဤကဲ့သို့ မပြောလျှင်ပင် မိစ္ဆာမကို အသက်ရှင်ခွင့်ပေးရန် ရည်ရွယ်ချက် မရှိပေ။ အကယ်၍ ဆုကြေးအနေနှင့် မွန်းစတားကတ် ထပ်ရလာမည်ဆိုပါက ဒီတာဝန်ကို ကျေကျေနပ်နပ်ကြီး ထမ်းဆောင်လိုက်မည်သာ....။

“ဒါပေမယ့် သူမရဲ့ မှတ်ဉာဏ်ကို ထိန်းသိမ်းထားနိုင်ဖို့တော့ ကူညီပေး။ မွန်းစတား အလုံးအရင်း ကျူးကျော်မှုက အမှာရွတ်အမှတ်အသား အလုပ်ရုံနဲ့ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းတို့နဲ့ တစ်ခုခု ပတ်သက်နေလားဆိုတာ သိချင်တယ်”

“ကိစ္စမရှိဘူး”

လင်းဟွမ်က လျှင်မြန်စွာ အဖြေပြန်ပေးသည်။ လင်းဟွမ်စိတ်ထဲတွင် ဆုလဒ် နှစ်ဆကတ် အသုံးပြုရင် ကောင်းမလားဟု စဉ်းစားနေသေးသည်။ သို့သော်လည်း ဒါသည် မော်ကွန်းအဆင့် သန္ဓေနှစ်ကြိမ်ပြောင်း မိစ္ဆာကတ်သာ ဖြစ်၍ နှစ်ဆကတ် အသုံးပြုရန် မထိုက်တန်ပေ။

လင်းဟွမ်သည် နတ်ဆိုးမိစ္ဆာမ နှစ်ကောင်ရှိလျှင် အလွန် ကြည့်ကောင်းပြီး အထာကျမည့်ဟု

တွေးခဲ့သော်လည်း လက်တွေ့ကျသော ချဉ်းကပ်မှုကိုသာ ရွေးချယ်လိုက်သည်။

“ဒီမွန်းစတားသာ သန္ဓေသုံးကြိမ်ပြောင်း ဒါမှမဟုတ် လေးကြိမ်ပြောင်း မွန်းစတား ဆိုရင် နတ်ဆိုးစုန်းမနဲ့ အမွှာ ညီအစ်မလားလို့ တွေးမိအုံးမယ်။ ဒါပေမယ့် မော်ကွန်းအဆင့် ကတ်လေးတစ်ခုအတွက်နဲ့ နှစ်ဆကတ် အသုံးပြုရတာ နှမြောဖို့ ကောင်းတယ်”

ရှောင်ဖိန်က သူ့ကို မွန်းစတားကတ်ပေးမည်ဟု ကတိ ပေးထားသောကြောင့် လင်းဟွမ်၏ တိုက်ခိုက်မှုမှာ ပိုမို ပြင်းထန်လာသည်။

သိပ်မကြာခင် မိစ္ဆာမသည် လင်းဟွမ်၏ တိုက်ခိုက်မှုကို မခုခံနိုင်တော့ပေ။ သူမ ခန္ဓာကိုယ်ပေါ်က ဒဏ်ရာများမှာ များသထက် များလာပြီး နတ်ဆိုးဆန်သော ပြန်လည်ကုသရေး စွမ်းရည်ကပင် အချိန်မီအောင် မကုသနိုင်တော့ချေ။

မိစ္ဆာမ၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ပိုမို များပြားလာသည်နှင့်အမျှ နတ်ဆိုးဆန်သော

ပြန်လည် ကုသရေးစွမ်းရည်က ဝန်ထုပ်ဝန်ပိုးကြီး တစ်ခု ဖြစ်လာသည်။ ကံကြမ္မာစွမ်းအား သုံးစွဲမှုကလည်း အဆပေါင်းများစွာ ပိုမို မြင့်တက်လာသည်။

အကယ်၍ သူမ၏ဝှက်ဖဲကိုသာ ထုတ်မသုံးခဲ့လျှင် ဤနေရာမှာပင် သေသွားနိုင်ကြောင်း မိစ္ဆာမ သိနေသည်။

သူတို့အချင်းချင်း ထိပ်တိုက် တွေ့ဆုံပြီးသောအခါ မိစ္ဆာမသည် အတောင်ပံများခပ်ပြီး ဘေးကင်းသော နေရာအထိ ဆုတ်ခွာသွားသည်။ မကြာခင်

လက်များကို လျှင်မြန်စွာ လှုပ်ရှား၍ အစီအရင်တစ်ခု ဖွဲ့စည်းလိုက်သည်။

“အမ်..”

လင်းဟွမ်သည် ပြိုင်ဘက်၏ လှုပ်ရှားမှုကို ကြည့်ပြီး ထိတ်လန့်သွားသည်။ လျှို့ဝှက်စွမ်းရည် တစ်ခုခု ထုတ်လွှတ်တော့မည်မှာ သေချာနေပြီ။ သူသတ်ခဲ့ဖူးသော မွန်းစတား အများကြီး ရှိနေပြီး လက်ကိုလှုပ်ရှား၍ အစီအရင် ဖွဲ့စည်းတတ်သော မွန်းစတားများနှင့်လည်း တွေ့ဆုံခဲ့ဖူးသည်။

လင်းဟွမ် ပြေးဝင်သွားသော်လည်း အနား မရောက်ခင် မိစ္ဆာမကြ အစီအရင် ဖွဲ့စည်းပြီးသွားပြီ။

သူမ၏ ခေါင်းပေါ်တွင် အရိပ်ကြီးတစ်ခု လျှင်မြန်စွာ ဖွဲ့စည်းလာသည်။ ဒါသည် ခရမ်းရောင် မျက်နှာကြီးဖြစ်ပြီး အမျိုးသမီး မျက်နှာဖုံးတစ်ခုနှင့် ဆင်တူသည်။ ၎င်းသည် မီတာရာနှင့်ချီ မြင့်မားပြီး အနီးအနားတစ်ဝိုက်တွင် အမျိုးအမည် မသိသော အော်ရာများ ပျံ့နှံ့နေသည်။

လင်းဟွမ်သည် ကြီးမားပြီး မိစ္ဆာဆန်သော မျက်နှာကြီးကို မြင်လိုက်လျှင် ထူးထူးခြားခြား ဖိနှိပ်ခံလိုက်ရလို ခံစားမိပြီး

"ဒါက ဘာကြီးလဲ.."

လင်းဟွမ်သည် မျက်မှောင်ကြုတ်ပြီး ရှောင်ဖိန်ကို မေးလိုက်သည်။

မိစ္ဆာဆန်သော မျက်နှာသည် တိုက်ပွဲဝိညာဉ်နှင့် ဆင်တူသော်လည်း တိုက်ပွဲဝိညာဉ်နှင့် လုံးဝ ကွဲပြားသည်ဟု ခံစားနေရသည်။ ထို့အပြင်

လင်းဟွမ်သည် တိုက်ပွဲဝိညာဉ် ဆင့်ခေါ်နိုင်သည့် မွန်းစတားများ အကြောင်းကို မကြားဖူးပေ။

"ဒါက မထင်မရှား သွေးစွမ်းရည်ကနေ ပုံဖော်ထားတဲ့ ပုံရိပ်ပဲ။ အင်မော်တယ်အဆင့် သွေးအားကောင်းတဲ့ မွန်းစတားတွေပဲ သုံးနိုင်တဲ့ လျှို့ဝှက်စွမ်းရည်တစ်ခုပေါ့"

"မထင်မရှား သွေးဟုတ်လား။ အဲ့ဒါက ဘာကြီးလဲ။ တကယ့် သက်ရှိနဲ့လည်း မတူဘူး၊ တိုက်ပွဲထဲ ဝင်ပါနိုင်လို့လား"

လင်းဟွမ်သည် ဤကဲ့သို့ အသုံးအနှုန်းကို ပထမဦးဆုံးအကြိမ် ကြားဖူးခြင်းပင်။

"မထင်မရှား သွေးစွမ်းရည်က မွန်းစတားရဲ့ သွေးအပေါ်မှာ စွဲမက်တဲ့ အကျိုးသက်ရောက်မှု ရှိတယ်။ ဒါပေမယ့် စွဲမက်တဲ့သွေးကလည်း အစွမ်းထက်တယ်။ အဲ့ဒါက ရှေးဦးသွေးမျိုးဆက် ဒါမှမဟုတ် နဂါးသွေးမျိုးဆက် ဖြစ်လိမ့်မယ်။ အဲ့ဒီသွေးက စင်ကြယ်ပြီး လက်သင်အဆင့်ကနေ အလယ်အလတ်အဆင့်ကို ယာယီ မြင့်တက်နိုင်တယ်။"

" အလယ်အလတ်အဆင့် ဆိုရင် အဆင့်မြင့် သွေးမျိုးဆက်အထိ ၊ အဆင့်မြင့် သွေးမျိုးဆက်ဆိုရင် သန်းစင်တဲ့ သွေးမျိုးဆက်အဖြစ် ယာယီ မြင့်တက်သွားလိမ့်မယ်"

"တကယ်တော့ တိုက်ပွဲ ဝိညာဥ်ဆိုတာက သန့်စင်တဲ့ သွေးမျိုးဆက် ပိုင်ဆိုင်ထားတဲ့ မထင်မရှားသွေးကနေ ဆင်းသက်လာတဲ့ အရာတစ်ခုပဲ"

"ဒါဆိုရင် တိုက်ပွဲ ဝိညာဥ်ဆိုတဲ့ လျှို့ဝှက်စွမ်းရည်က မွန်းစတားတွေ ဆီကနေ

သင်ယူရတာပေါ့။ အင်မော်တယ် အဆင့်ရောက်မှ ထုတ်လွှတ်နိုင်တဲ့ အရာက မထင်မရှား သေးစွမ်းရည်နဲ့ တူနေတာ မဆန်းတော့ဘူး”

လင်းဟွမ်သည် ထိုအကြောင်းနှင့် ပက်သက်၍ တစ်ခါမျှ မတွေးခဲ့ဖူးပေ။

“နောက်ကျရင် ပိုင်နဲ့ ချောကလက်လေးတို့က မထင်မရှား သွေးစွမ်းရည် အသုံးပြုနိုင်မယ်လို့ ပြောချင်တာလား..”

"ဟုတ်တယ်၊ အင်မော်တယ်အဆင့် ရောက်တာနဲ့ အမွေဆက်ခံထားတဲ့ မှတ်ဉာဏ်တွေ ချိတ်ပွင့်လာပြီး လျှို့ဝှက်စွမ်းရည်တွေကို သင်ယူနိုင်လိမ့်မယ်"

လင်းဟွမ်က ရှောင်ဖိန်ထံမှ မထင်မရှား သွေးစွမ်းရည်နှင့် ပတ်သက်၍ အသုံးပြုပုံနှင့် အကျိုးသက်ရောက်မှုများကို လေ့လာနေသလို မိစ္ဆာမ၏ သွေးစွဲလန်းမှုကလည်း ပြီးဆုံးတော့မည်။ သူမခေါင်းပေါ်ရှိ ခရမ်းရောင်မျက်နှာကြီးက မိစ္ဆာမ ခန္ဓာကိုယ်ထဲမှ သွေးများကို ကုန်လုနီးပါး ဖြစ်သွားအောင် စုပ်ယူနေသည်။

မိစ္ဆာမထံမှ ဖြာထွက်နေသော အော်ရာသည် တောက်ပသည်ထက် တောက်ပလာကာ ပိုမို အားကောင်းလာပြီး နောက်ကျောရှိ အဖြူရောင် အရိုးတောင်ပံတစ်စုံမှာ ငွေရောင် ပြောင်းသွားသည်။ တောင်ပံသည် အရိုးများသာ မဟုတ်တော့ဘဲ ယခုအခါ၌ သတ္တုနှင့် တူနေသည်။

ထို့အပြင် ခရမ်းရောင်သံချပ်ကာ ဝတ်စုံပေါ်တွင် ငွေရောင် အစင်းကြောင်းများ ပေါ်လာပြီး ပို၍ အချိုးအစား ကျနေအောင် ပြုလုပ်ထားပုံပင်။ ထိုအရာမှလွဲ၍ ပြောင်းလဲခြင်း အများကြီး မရှိပေ။

"ဒါက သွေးစွဲဆောင်မှုရဲ့ အကျိုးသက်ရောက်မှု ဖြစ်မယ့်ပုံပဲ"

သူမ၏ အသွင်ပြောင်းလဲမှုကို လျစ်လျူရှု၍ ထွက်ပေါ်လာသော အော်ရာကို အခြေခံ၍ ပြောရမည်ဆိုလျှင် မိစ္ဆာမ၏ တိုက်ခိုက်ရေး အဆင့်သည် အနည်းဆုံး အဆင့်တစ်ဝက်ခန့် ပိုမို အားကောင်းလာကြောင်း အတည်ပြုနိုင်သည်။

လင်းဟွမ်က မိစ္ဆာမ၏ အပြောင်းအလဲများကို စိုက်ကြည့်နေစဉ် လက်ကျန် ခရမ်းရောင် အခိုးအငွေ့အားလုံးကို မျက်နှာကြီး လုံးဝ

စုပ်ယူသွားသည်။ ထို့နောက် မိစ္ဆာမကြ ခေါင်းဖြည်းဖြည်းခြင်း ထောင်လာပြီး နီရဲနေသော မျက်လုံးနှစ်လုံးနှင့် လင်းဟွမ်ကို အသေ စိုက်ကြည့်နေကာ သေစေနိုင်သော ခံစားချက်ကို ပေးစွမ်းနေသည်။

## အခန်း(၅၄၄) - အလွန်ကြမ်းသော တိုက်ပွဲတစ်ခု။

ခရမ်းရောင် သံချပ်ကာ ဝတ်ဆင်ထားသော မိစ္ဆာမ၏အောက်ရာသည် ကြီးသည်ထက် ကြီးလာပြီး သွေးရောင် တောက်ပနေသော မျက်လုံးတစ်စုံက လင်းဟွမ်ကို အသေ စိုက်ကြည့်နေသည်။ ခဏလေး အတွင်းမှာပင် သူမ နောက်ကျောမှ ငွေရောင် တောင်ပံတစ်စုံသည် တဖျတ်ဖျတ် ခတ်သွားပြီး မူလနေရာမှ ပျောက်ကွယ်သွားသည်။

နောက်ထပ် အခိုက်အတန့်၌ လင်းဟွမ်ရှေ့တွင် ပေါ်လာသည်။ သူမ၏ချွန်ထက်သော ခရမ်းရောင် ခြေသည်းများက ကောင်းကင်တစ်ခုလုံး ဖုံးလွှမ်းသွားသကဲ့သို့ လင်းဟွမ်၏ခေါင်းကို ဖြတ်ပစ်ရန် တိုးဝင်လာသည်။

"မြန်လိုက်တာ..."

လင်းဟွမ် မျက်လုံးပြူးသွားပြီး မိစ္ဆာမ၏ လက်သည်းကို ဓါးနှင့်ခုတ်ချလိုက်သည်။ အဖြူရောင် ကံကြမ္မာစွမ်းအားများ ဖုံးအုပ်ထားသော ဓါးသည်

ရေပြင်ညီအတိုင်း ဖြတ်သန်းသွားပြီး လေထဲ၌ လှိုင်းကယက်များ ဖြစ်ပေါ်လာသည်။

ဘုန်း.......

နောက်ထပ် အခိုက်အတန့်၌ အဖြူရောင် ဖုံးလွှမ်းနေသော ဓါးနှင့် ခရမ်းရောင် ခြေသည်းတို့သည် ပြင်းထန်စွာ ထိမိသွားကြသည်။

တိုက်မိသောနေရာကို ဗဟိုပြု၍ အဖြူရောင်နှင့် ခရမ်းရောင် အလင်းများ ဖြာထွက်လာကာ ကောင်းကင် တစ်ဝက်ကျော်ခန့် ဖုံးလွှမ်းသွားသည်။

အာရုံ မတက်သေးသော်လည်း နေရာတိုင်းတွင် တလက်လက် တောက်ပနေသော အလင်းရောင်များ ပျံ့နှံ့လာပြီး နေ့ခင်းဘက်အလား လင်းထိန်သွားသည်။

ဖြာထွက်လာသော စွမ်းအင်များသည် ပိုမို ကြီးမားသည်ထက် ကြီးမားကျယ်ပြန့်လာပြီး သူတို့ ယခင်က တွေ့ကြုံဖူးသမျှထက် အဆအနည်းငယ် ပိုမို ပြင်းထန်ပြီး ကြမ်းတမ်းလွန်းလှသည်။

တုန်ခါမှု ဒဏ်ကြောင့် (၁၀) ကီလိုမီတာ အကွာတွင် တည်ဆောက်ထားသော ကာကွယ်ရေး အဆောက်အအုံများပင် တုန်ခါသွားသည်။

လေထုအလယ်၌ သူတို့နှစ်ယောက်သည် အချင်းချင်း ပြင်းထန်စွာ တိုက်ခိုက်နေကြပြီး မီတာတစ်ရာ ပတ်လည်အတွင်းရှိ မွန်းစတားများမှာ အပိုင်းပိုင်း ပျက်ကျကုန်၏။

လက်ကျန် စွမ်းအင် သက်ရောက်မှုသာ ဖြစ်သော်လည်း သာလွန်အဆင့်အောက် မွန်းစတားများ ကာကွယ်နိုင်ခြင်း၊ ခုခံနိုင်ခြင်း၊ မရှိခဲ့ပေ။ မွန်းစတားများနှင့် လူသားများသည် တိုက်ပွဲထဲ အချောင် ညပ်ပါသွားမည်ကို

စိုးရိမ်သောကြောင့် အသက်ကို ဖက်နဲ့ထုပ်၍ လျင်မြန်စွာ ထွက်ပြေးကြသည်။

သက်ရောက်သော ပြင်းထန်မှုကြောင့် ပျက်စီးဆုံးရှုံးမှု များပြားခဲ့သော်လည်း အမှန်တကယ်တွင် တစ်စက္ကန့်သာ ကြာမြင့်ခဲ့သည်။ သူတို့နှစ်ယောက်လုံးလည်း လွင့်ထွက်သွားကြသည်။

လင်းဟွမ်ကမူ မြေပေါ်သို့ တည်ငြိမ်စွာဆင်းသက်နိုင်ခဲ့သော်လည်း မိစ္ဆာမမှာ ပိုမြင့်သောလေထဲသို့ လွင့်ထွက်သွားသည်။

“အခုတော့ တကယ့်ကို ပို အားကောင်းလာပြီ။ သူမရဲ့ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ်အဆင့် ခြောက်ထက်တောင် ကျော်နိုင်သေးတယ်”

လင်းဟွမ်သည် သူ့အရည်အချင်းကို သူ ကောင်းကောင်း သိသည်။ လွန်ခဲ့သော ရက်ပေါင်း ငါးဆယ်ကျော်က အင်မော်တယ်အဆင့် (၅) ရှိသော ယုဝမ်ပင်ကို သတ်ဖြတ်နိုင်ခဲ့သည်။ ယခုဆိုလျှင် ထိုအချိန်ကထက်ပင် ပို၍ သန်မာနေနိုင်သည်။

ဤမိစ္ဆာမတွင် ခရမ်းရောင်သံချပ်ကာ ဝတ်စုံနှင့် နတ်ဆိုးဆန်သော ကုသမှုစွမ်းရည် မရှိလျှင်

အသတ်ခံရခဲ့သည်မှာ ကြာလှပြီ။ လွန်ခဲ့သော မိနစ်အနည်းငယ်ကပင် လင်းဟွမ်က သူမလက်ကို ခုတ်ဖြတ်ခဲ့သဖြင့် လင်းဟွမ်၏ခါးကို ချွန်ထက်သော လက်သည်းများနှင့် မတိုက်ခိုက်ဝံ့ပေ။ ပြန်လည် ကောင်းမွန်လာ နိုင်သော်လည်း ခါးကို ထပ်မံ ဆုပ်ကိုင်ရန်အတွက် သူမ၏ ချွန်ထက်သော လက်သည်းများကို အသုံးပြုရဲသည့် စိတ်ဆန္ဒ မရှိတော့ပေ။

လင်းဟွမ်ကို အတောင်ပံများနှင့် တိုက်ခိုက်ရန်သာ သတ္တိ ရှိတော့သည်။

သို့သော်လည်း လင်းဟွမ်၏ ဓါးသည် ချွန်ထက်သော လက်သည်းများနှင့် ထိလိုက်တိုင်း အဖြူရောင်အစင်းရာ တစ်ခုသာ ချန်ထားခဲ့နိုင်ပြီး ခံစစ်ကို ချိုးဖျက်နိုင်ခြင်း မရှိသေးပေ။

မိစ္ဆာမသည် သူမ လက်သည်းပေါ်မှ အစင်းရာများကို မြင်သောအခါ လင်းဟွမ်ကို လှောင်ပြောင်လိုက်ပြီး…

“မင်းရဲ့အစွမ်းက ဘာမှလည်း မထူးခြားဘူး။ အခုထက်ထိ ငါ့ရဲ့ ခံစစ်ကိုတောင် မချိုးဖျက်နိုင်သေးဘူး”

"ငါ ထင်တာမမှားရင် မင်းရဲ့ ကံကြမ္မာစွမ်းအားတွေ တော်တော်လေး ကုန်နေပြီ"

လင်းဟွမ်က မပြောင်းခဲ့ပေ။ ထိုအစား ခေါင်းမော့ပြီး မိစ္ဆာမ ခေါင်းပေါ်မှ နတ်ဆိုးမျက်နှာကြီးကို ကြည့်လိုက်သည်။

"ဒါဆိုရင် ဘာလဲ။ ငါကမင်းကို တတ်နိုင်သမျှ အမြန်ဆုံး သတ်စေချင်တာလား..."

မိစ္ဆာမသည် ယခင်ကဲ့သို့ပင် ယုံကြည်မှု ရှိနေသေးသည်။

“ကောင်မလေး… မင်းကိုယ်မင်း ပိုတွက် နေပြန်ပြီ”

လင်းဟွမ်က ခေါင်းခါပြီး ရိုးရိုးရှင်းရှင်းသာ ပြောလိုက်သည်။

“ပထမဦးဆုံးအနေနဲ့ မင်းငါ့ကို သတ်နိုင်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတာ ငါ မရှင်းပြနိုင်ဘူး။ ဒုတိယ အချက်အနေနဲ့ မင်းကို ဒီလိုစွမ်းရည် ထုတ်သုံးရလာအောင် တမင်သက်သက် ဖိအား ပေးခဲ့တာပဲ။ မင်းရဲ့ ကံကြမ္မာစွမ်းအား ကုန်သွားရင် မင်းဘာမှ လုပ်နိုင်တော့မှာ မဟုတ်ဘူး။ မင်းရဲ့

ဒဏ်ရာတွေကို နတ်ဆိုးဆန်တဲ့ ကုသရေးစွမ်းရည်နဲ့ ကုသထားတယ်။ ဒီလိုစွမ်းရည် အသုံးပြုတာက မင်းရဲ့ကံကြမ္မာစွမ်းအား ကုန်ဆုံးမှုကို အနည်းဆုံး ဆယ်ဆ ပိုမြန်စေတယ်။ မင်းကို သတ်ပစ်ဖို့အတွက် အရိုးရှင်းဆုံးနဲ့ အလွယ်ဆုံးနည်းလမ်းက မင်းရဲ့ ကံကြမ္မာစွမ်းအားတွေ ကုန်ဆုံးသွားအောင် လုပ်ဖို့ပဲ”

အဆင့်မြင့် ပြန်လည်ကုသရေး စွမ်းရည်နှင့် နတ်ဆိုးဆန်သော ပြန်လည်ကုသရေး စွမ်းရည်ကဲ့သို့ စွမ်းရည်များကို ပိုင်ဆိုင်ထားသော မွန်းစတားများမှာ သူတို့၏ ခေါင်း၊ နှလုံးနှင့် အရေးကြီးသော

အစိတ်အပိုင်းများ ထိုးဖောက်သွားလျှင်ပင် ကံကြမ္မာစွမ်းအား မကုန်ဆုံးသရွေ့ မသေနိုင်ချေ။

သူတို့ကို သတ်ဖြတ်ရန် နည်းလမ်းနှစ်ခုသာ ရှိသည်။ ပထမ တစ်နည်းလမ်းမှာ သူတို့ကို အပိုင်းပေါင်း ရာနဲ့ချီအောင် ခုတ်ပိုင်းခြင်း ဖြစ်ပြီး ဒုတိယနည်းလမ်းမှာ ကံကြမ္မာစွမ်းအားများ ကုန်ဆုံးသွားအောင် ပြုလုပ်ရန်သာ....

လင်းဟွမ်၏ စွမ်းရည်အရ အနိုင်ယူရန် မခက်ပေ။ သို့သော်လည်း အပိုင်းပိုင်းဖြစ်အောင် ခုတ်ပိုင်းရန် မလွယ်ကူပေ။ ထို့ကြောင့် ဒုတိယနည်းလမ်းဖြစ်သည့်

ပြိုင်ဘက်၏ ကံကြမ္မာစွမ်းအား ကုန်ဆုံးစေမည့် နည်းလမ်းကိုသာ ရွေးချယ်ခဲ့သည်။ ကံကြမ္မာစွမ်းအား မရှိပါက ပြန်လည် ကုသနိုင်တော့မည် မဟုတ်ချေ။

"ငါ့ရဲ့ ကံကြမ္မာစွမ်းအား ကုန်အောင်လုပ်ဖို့လား။ ဒါဆိုရင် ငါ့ရဲ့ကံကြမ္မာစွမ်းအားကို ကုန်အောင် မသုံးခင် မင်းကိုသတ်ပစ်မယ်..."

လင်းဟွမ် ပြောခဲ့သည့် ဒုတိယ အကြောင်းပြချက်ကို အာရုံစိုက်ခဲ့သော်လည်း ပထမ အကြောင်းပြချက်ကိုမူ လုံးဝ လျစ်လျူရှုခဲ့သည်။

မိစ္ဆာမက အတောင်ပံများကို နောက်တစ်ကြိမ် ခတ်ပြီး ချွန်ထက်သော ခြေသည်းများက ကောင်းကင်ကို ဖုံးအုပ် သွားပြန်သည်။ ထို့နောက် ငွေရောင် အရိုးအတောင်ပံများသည် ချွန်ထက်သော ဓါးများအဖြစ် ပြောင်းလဲသွားကာ လေထုကို ဖြတ်သန်း၍ လင်းဟွမ်ခေါင်းပေါ် ချက်ချင်း ရောက်လာသည်။

လင်းဟွမ်သည် လက်ဖဝါးကို ဖြန့်လိုက်လျှင် သူ့ရှေ့တွင် အနက်ရောင် အလင်းတန်းတစ်ခု ချက်ချင်းပေါ်လာသည်။ ထို အနက်ရောင်

အလင်းတန်းသည် ကန့်လန့်ကာ တစ်ခုကဲ့သို့ သူ့ခေါင်းနှင့် ကောင်းကင်ကြားတွင် ပိတ်ဆို့ထားလိုက်သည်။

မိစ္ဆာမ၏ တိုက်ခိုက်မှုသည် ကာကွယ်ထားသော အလွှာနှင့် ထိမှန်သွားသောအခါ အနက်ရောင် ပင်လယ်ထဲ ကျရောက်သွားသကဲ့သို့ ပျောက်ကွယ်သွားခဲ့သည်။ အနက်ရောင် မျက်နှာပြင်ပေါ်တွင် တုန်ခါမှု အနည်းငယ် ဖြစ်ပေါ်သွားသည်မှလွဲ၍ အခြားတုံ့ပြန်မှု မရှိခဲ့ပေ။

မိစ္ဆာမသည် သူမ၏ပြင်းထန်သော တိုက်ခိုက်မှုက လင်းဟွမ်ကို အန္တရာယ် မပေးနိုင်ကြောင်း သိလိုက်လျှင် ကြောက်လန့်သွားသည်။ လင်းဟွမ်က ကာကွယ်ရေး စွမ်းရည်ကို အသုံးပြုလိမ့်မည်ဟု မမျှော်လင့် ထားသည်မှာ အထင်အရှားပင်။ ထိုအချိန်တွင် အနက်ရောင် ကန့်လန့်ကာ ပြိုကျ သွားသည်။

အဖြူရောင် တောက်ပနေသော ဓါးထိပ်ဖျားက ကန့်လန့်ကာ နောက်မှ ထွက်ပေါ်လာကာ မိစ္ဆာမ၏ ခေါင်းထဲကို တိုက်ရိုက် ထိုးဖောက်သွားသည်။

မိစ္ဆာမ၏ မျက်လုံးထဲတွင် ကြောက်ရွံ့မှုများ အတိုင်းသား ပေါ်နေပြီး အတောင်ပံ ခတ်၍ ထိုတိုက်ခိုက်မှုကို ချက်ချင်း ရှောင်တိမ်းလိုက်၏။

ထိုတိုက်ခိုက်မှုက ခေါင်းကို မထိမှန်ခဲ့ပေ။ အကယ်၍ ထိမှန်သွားပါက မသေနိုင်သော်လည်း ဒဏ်ရာရသောခေါင်းကို ပြန်လည် ကောင်းမွန်စေရန် ကံကြမ္မာစွမ်းအားများ အသုံးပြု၍ ကံကြမ္မာစွမ်းအားများ ကုန်ဆုံးစေနိုင်သည်။ ဒါသည် အရေးကြီးသော အချက်တစ်ချက် ဖြစ်ပြီး ကုန်ဆုံးမှု နှစ်ဆ ပိုများလာနိုင်၏။

မထင်မရှား သွေးစွမ်းရည်ကို အသက်သွင်းရန်အတွက် ကံကြမ္မာစွမ်းအား တစ်ဝက်ကျော် အသုံးပြုခဲ့ရသည်။ ထို့ကြောင့် အရေးကြီးသော အစိတ်အပိုင်းများ ဒဏ်ရာရရှိ၍ ပြန်လည်ကောင်းမွန်အောင် ကုသရန် လိုအပ်သည့် ကံကြမ္မာစွမ်းအားများ သုံးစွဲရခြင်းမှ ရှောင်ရှား ရလိမ့်မည်။

ထိုကဲ့သို့ မဟုတ်ပါက မထင်မရှား သွေးစွမ်းရည်ကို ဆက်လက် ထိန်းသိမ်း ထားနိုင်မည့်အချိန်က သိသိသာသာ လျော့ကျသွားပေလိမ့်မည်။

ချွင်......

ဓါးအဖျားသည် အရိုးတောင်ပံနှင့် တိုက်မိပြီး ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာသည်။ လင်းဟွမ်က မမျှော်လင့်သော ရှုထောင့်မှ တိုက်ခိုက်ခဲ့သဖြင့် မိစ္ဆာမသည် အချိန်မီ မတုံ့ပြန်နိုင်ပေ။ တစ်ဖက်သတ် တိုက်ပွဲကြီး ဖြစ်ပျက်နေခဲ့သည်။

တလက်လက် တောက်ပနေသော အဖြူရောင် အလင်းများသည် မိစ္ဆာမ၏ခန္ဓာကိုယ်ကို ချက်ချင်း ဖုံးလွှမ်းသွားသည်။

လင်းဟွမ်သည် သူ၏ အစွမ်းအထက်ဆုံး ကမ္ဘာ့သန့်စင်ခြင်း ဓါးကွက်ကို အသုံးပြုခဲ့သော်လည်း ပြိုင်ဘက်ကို တစ်ချက်တည်းနှင့် အသေ သတ်ပစ်ရန် မဖြစ်နိုင်ကြောင်း သိနေ၏။

နေရာတစ်ခုလုံးကို အဖြူရောင် အလင်းများ ဖုံးလွှမ်းနေသဖြင့် မိစ္ဆာမ၏ အမူအရာကို မမြင်နိုင်သော်လည်း ထိမှန်သွားပြီး ဒဏ်ရာ ပြင်းပြင်းထန်ထန် သွားသည့်အကြောင်းကို တစ်နည်းနည်းနှင့် အတည်ပြုနိုင်ခဲ့သည်။

ခဏအကြာ လေထဲတွင် အဖြူရောင်အလင်းများ ရှင်းလင်းလာပြီး မိစ္ဆာမ၏ ခန္ဓာကိုယ်က ဖြည်းဖြည်းချင်း ထွက်ပေါ်လာသည်။ လေထုအလယ်တွင် ပျံသန်းနေဆဲ ဖြစ်သော်လည်း တော်တော်လေး စုတ်ပြတ်သပ်နေပြီ။

လင်းဟွမ်၏ တိုက်ခိုက်မှုကြောင့် သူမ၏ ငွေရောင်အရိုး တောင်ပံတစ်ဝက်ခန့်သည် ကြေမွ ပျက်စီးသွားကာ ခရမ်းရောင် သံချပ်ကာဝတ်စုံ တစ်စိတ်တစ်ပိုင်းလည်း ပျက်စီးနေပြီ။

ဦးခေါင်း တစ်ဝက်ခန့် ပေါက်ကွဲနေပြီး သံချပ်ကာ အကာအကွယ် မရှိသော ခန္ဓာကိုယ် အစိတ်အပိုင်းများတွင် မီးလောင်ဒဏ်ရာများ ရရှိထားသည်။ သို့သော်လည်း မိစ္ဆာမသည် အသက်ရှင်နေသေးသည်။ ကိုယ်ပေါ်ရှိ ဒဏ်ရာများသည် သာမန်မျက်စိနှင့် မြင်နိုင်သောနှုန်းဖြင့် ပြန်လည်ကောင်းမွန်နေကာ အသားများ ကြီးထွားလာသည်။

ခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာများကို ကုသရန်အတွက် အသားများ ဆက်လက် ကြီးထွားနေသည်။ ဦးခေါင်းတစ်ဝက်ခန့် ပေါက်ကွဲနေသော နေရာသည်

သုံးစက္ကန့်အတွင်း ပြန်လည် ကောင်းမွန်လာခဲ့ပြီး အမာရွတ်ပင် မကျန်ခဲ့ပေ။ အကယ်၍ သူမ၏ အဝတ်အစားပေါ်တွင် သွေးများ စွန်းထင်းနေခြင်း မရှိပါက ဒဏ်ရာရသွားသည်ဟု မည်သူမျှ မသိနိုင်ပေ။

သူမ ခန္ဓာကိုယ်အပြင် ခရမ်းရောင် သံချပ်ကာဝတ်စုံနှင့် အရိုးတောင်ပံများသည် လျင်မြန်စွာ ပြန်လည် ကောင်းမွန်လာခဲ့ပြီ။ သံချပ်ကာဝတ်စုံနှင့် အတောင်ပံ ပြန်လည် ကောင်းမွန်လာသော နှုန်းသည် ခန္ဓာကိုယ်ထက် အနည်းငယ်

နေ့းကွေးသော်လည်း ငါးစက္ကန့် မပြည့်ခင် လုံးဝ ကောင်းမွန်သွားခဲ့သည်။

"နတ်ဆိုးဆန်တဲ့ ပြန်လည်ကုသခြင်း စွမ်းရည်က တကယ် ကြောက်စရာကောင်းတာပဲ"

လင်းဟွမ်သည် ဒါကို မြင်လိုက်လျှင် အံ့သြ ထိတ်လန့် သွားသည်။

မိစ္ဆာမသည် ခန္ဓာကိုယ် ပြန်လည် ကောင်းမွန်လာသည်နှင့် လင်းဟွမ်ကို ကြမ်းတမ်း၍ ရန်လိုစွာ ကြည့်လိုက်သည်။ လင်းဟွမ်၏ တိုက်ခိုက်မှုကြောင့် သူမ ခန္ဓာကိုယ်ထဲတွင်

ရှိနေသော လက်ကျန် ကံကြမ္မာ စွမ်းအား တစ်ဝက်ခန့် ကုန်ဆုံးလာခဲ့သည်။ မထင်မရှားသွေး စွမ်းရည်ကို ဆက်လက် ထိန်းသိမ်းထားနိုင်မည့် အချိန်က များစွာမကျန်တော့ကြောင်း သူမ သိနေသည်။

လင်းဟွမ်၏ တိုက်ခိုက်မှုများက အမှန်တကယ် ကြောက်စရာ ကောင်းလှပြီး မထင်မှတ်ထားလောက် စရာပင်။ ထို့ကြောင့် နောက်ပြန်ဆုတ်ချင်လာသည်။ သို့သော်လည်း ထိုကဲ့သို့ ပြုလုပ်ခဲ့ပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို တွေးပြီးနောက်

ဒေါသမီးများ တောက်လောင်လာကာ လင်းဟွမ်ကို သတ်ဖြတ်ချင်သည့်စိတ်နှင့် စိုက်ကြည့်နေသည်။

"ငါ ထွက်ပြေးဖို့ ကြိုးစားရင် သေချာပေါက် သေမှာပဲ။ ငါ တိုက်ခိုက်မယ်ဆိုရင် အသက်ရှင်ဖို့ အခွင့်အရေး ရှိသေးတယ်။ အသက်ရှင်ဖို့ တစ်ခုတည်းသော အခွင့်အရေးက ဒီကောင့်ကို အသေသတ်ပစ်ရမယ်"

## အခန်း(၅၄၅) - ဒါက မြန်ပါတယ်။ မင်း သိလိုက်မှာတောင် မဟုတ်ဘူး။

အစပိုင်းတွင် မိစ္စာမက လင်းပွှမ်ကို ပုဇွန်လေးကဲ့သို့ အားနည်းသော အဖြူရောင် မီးလျှံအဆင့်မျှသာ ဟုထင်မိ၍ အထင်သေးခဲ့သည်။ သို့သော်လည်း လက်တွေ့ အမှန်တရားတွင် ရက်စက်ကြမ်းကြုတ်သည့် လူစား ငါးမန်းကြီး တစ်ကောင်ဖြစ် နေကြောင်း သိလိုက်ရသည်။ သူမထံတွင် နတ်ဆိုးဆန်သော ပြန်လည်ကုသခြင်း

စွမ်းရည် မရှိခဲ့ပါက အကြိမ်များစွာ သေဆုံးခဲ့လိမ့်မည်။

သို့သော်လည်း သူမဘက်မှ အခြေအနေအရ သူမ၏ပြိုင်ဘက်မှာ လူသားစားငါးမန်း ဖြစ်ပါစေ သေသည်အထိ တိုက်ခိုက်ရန်သာ ရွေးချယ်စရာ ကျန်တော့သည်။

သေသည့်အထိ တိုက်ပွဲဝင်ပါက အသက်ရှင်နိုင်မည့် အခွင့်အလမ်း နည်းပါးသော်လည်း အနည်းဆုံးတော့ အသက်ရှင်နိုင်မည့် မျှော်လင့်ချက် ရှိနေသေးသည်။ ထွက်ပြေးပါက အသက်ရှင်နိုင်မည့်

နောက်ဆုံး မျှော်လင့်ချက်ပင် ရှိတော့မည် မဟုတ်ချေ။

မိစ္ဆာမ၏ စိတ်ထဲတွင် ထိုကဲ့သို့ တွေးတောပြီးနောက် သူမ မျက်လုံးထဲတွင် လူသတ်ပစ်သောစိတ်များ ပေါ်လာသည်။

“လူသား သေစမ်း"

ထိုကဲ့သို့ အော်ဟစ်လိုက်လျှင် သူတို့အောက်ဘက်တွင် ရှိနေသော သာလွန်အဆင့် မွန်းစတားများလည်း ရှုးသွပ်သွားကာ လင်းဟွမ်ထံ ပြေးဝင်လာပြီး စတင် တိုက်ခိုက်ကြတော့သည်။

မိစ္ဆာမသည် သန့်ရှင်းမီးလျှံအဆင့် မွန်းစတား တစ်ရာကျော်ကို ညွှန်ကြားချက် အသစ်အား လျှို့ဝှက် ထုတ်ပြန်ခဲ့သည်။

လင်းဟွမ်သည် သူ့ထံသို့ သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများ ပြေးဝင်လာသည်ကို မြင်သောအခါ မိစ္ဆာမက ထိန်းချုပ်ထားခြင်း ဖြစ်နိုင်ကြောင်း အကြမ်းဖျင်း ခန့်မှန်းမိပြီး

"သန့်ရှင်း မီးလျှံအဆင့် မွန်းစတားတွေကို ငါ့ဆီ ပြေးဝင် တိုက်ခိုက်ဖို့ ထိန်းချုပ်ထားတယ်ဆိုတော့ အချိန်ဆွဲဖို့ ကြိုးစားနေတာလား"

လင်းပွမ် သံသယ ဝင်သွားသည်။

မကြာခင် ပထမဦးဆုံး မွန်းစတားသည် လင်းပွမ်ထံ ခုန်ဝင်လာသည်။ ၄က်မွန်းစတား၏ ခန္ဓာကိုယ်သည် တစ်မီတာခန့် ရှည်လျားသည်။ မမျှော်လင့်စွာဖြင့် လင်းပွမ်က ဓါးနှင့်မခုတ်ခင် ဆယ်မီတာအကွာတွင် ရှိနေသော မွန်းစတား၏ ခန္ဓာကိုယ်သည် လျင်မြန်စွာ ကြီးထွားလာ၏။

လင်းပတ်မ်သည် ၎င်း၏ရည်ရွယ်ချက်ကို ချက်ခြင်း သိလိုက်ပြီး အချိန်မဆိုင်းဘဲ အမှောင်ထုဒိုင်းကို ချက်ချင်း အသက်သွင်းလိုက်သည်။

လင်းပတ်မ် အမှောင်ထုဒိုင်းကို အသက်သွင်းပြီး နောက်ထပ် တစ်စက္ကန့်၌ ငှက်မွန်းစတား၏ ခန္ဓာကိုယ်မှာ ပေါက်ကွဲ သွားသည်။ မီးတောက်များသည် ကောင်းကင်ယံအထိ မြင့်တက်သွားပြီး လင်းပတ်မ်၏ ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားသည်။

သို့သော် ဒါသည် အဆုံးသတ် မဟုတ်သေးပေ။

ပထမဦးဆုံး ၄က်မွန်းစတား ပေါက်ကွဲပြီးနောက်၊ ဒုတိယ၊ တတိယနှင့် စတုတ္ထ...

သာလွန်အဆင့် မွန်းစတားအားလုံး ဆက်တိုက် ပြေးဝင်လာသလို ပေါက်ကွဲ သံများကိုလည်း အဆက်မပြတ် ကြားနေရသည်။ ကောင်းကင်ပေါ်၌ ရောင်စုံမီးတောက်များ လင်းလက်နေသည်။

"လင်းဟွမ်"

ပေါက်ကွဲသံများက ပတ်ဝန်းကျင် တစ်ခုလုံး ပဲ့တင်ထပ်နေသဖြင့် အားတီနှင့် ကျန်သည့်လူများ စိုးရိမ် ပူပန်နေကြသည်။ မီးတောက်များ

ဖုံးလွှမ်းနေသော နေရာကို စိုးရိမ်တကြီး လှမ်းကြည့်နေကြသည်။

"မင်းက ဘယ်လောက်ပဲ သန်မာပါစေ သန့်ရှင်းမီးလျှံအဆင့်ပဲ ရှိပါသေးတယ်။ မင်းရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံ သန်မာမှုက အကန့်အသတ်ရှိတယ်။ ဒီလောက်များတဲ့ သန့်ရှင်းမီးလျှံအဆင့် မွန်းစတားတွေရဲ့ ပေါက်ကွဲမှုကနေ မင်း လွတ်မြောက်နိုင်ပါ့မလားလို့ သံသယ ဖြစ်မိတယ်”

မိစ္ဆာမက လျှောင်သလိုလို ပြုံးလိုက်သည်။ လင်းပွှမ်နှင့် နောက်ဆုံးအကြိမ် တိုက်ခိုက်စဉ်က ဤအချက်ကို စဉ်းစားမိခဲ့ခြင်းပင်။

လျှောင်သလိုလို ပြုံးနေသော ပါးစပ်ထောင့်မှ သွေးများ စီးကျလာသည်။ ထို့နောက် ခေါင်းကြီး ပေါက်ကွဲ ထွက်တော့မလို ပြင်းထန်သော ခေါင်းကိုက်ခြင်း ဝေဒနာကို ခံစားလာရသည်။ ခဏအကြာ သူမခန္ဓာကိုယ်က တုန်ခါလာပြီး ကောင်းကင်ကြီးက ဖောက်ထိုးမိုးမျှော် ဖြစ်သွားသည်။

သာမန် အခြေအနေတွင် မွန်းစတားအုပ်ကြီး၏ ခေါင်းဆောင် ဖြစ်လင့်ကစား ဤကဲ့သို့ လုပ်ဆောင်ရန် အခွင့်အာဏာ မရှိသောကြောင့် ကိုယ့်ကိုယ်ကို ဖောက်ခွဲ ဖျက်စီးခိုင်းသည့်အမိန့်ကို အကောင်အထည် ဖော်နိုင်မည် မဟုတ်ပေ။

သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများကို ကိုယ်တိုင် ဖောက်ခွဲစေရန် အတင်းအကြပ် ဖိနှိပ်၍ ဒေါသမျက်နှာ စွမ်းအားကို အသုံးပြုခဲ့ရသည်။ သူမ၏ ကံကြမ္မာစွမ်းအားများ ကုန်ဆုံး သွားသည့်အပြင် စိတ်စွမ်းအားလည်း ဆုတ်ယုတ်သွားခဲ့ပြီ။

ကံကြမ္မာစွမ်းအား ကုန်ဆုံးသွားသောကြောင့် ပင်ပန်း နွမ်းနယ်၍ အားနည်းသွားသလို စိတ်စွမ်းအားလည်း ဆုတ်ယုတ် သွားသဖြင့် အလွန်အမင်း ခေါင်းကိုက်လာသည်။ ထိုကဲ့သို့ ဖြစ်နေသည့်တိုင်အောင် ပေါက်ကွဲမှု ဖြစ်ပွားရာ နေရာသို့ အကြည့်မလွဲဘဲ စိုက်ကြည့်နေသည်။

"မင်းရဲ့ အမှောင်ထုဒိုင်းက ပေါက်ကွဲမှုတွေကို ခုခံနိုင်ရင်တောင် မင်းရဲ့ ကံကြမ္မာစွမ်းအားက ဒီလို ပေါက်ကွဲစွမ်းအားကို ဘယ်နှစ်ခါ တောင့်ခံနိုင်မှာလဲ"

မိစ္ဆာမသည် ခေါင်းကိုက်သည့် ဝေဒနာနှင့် လိုက်လျောညီထွေ ဖြစ်အောင် ကြိုးစားနေပုံပင်။ ကောင်းကင်ပေါ်အထိ ဖြာထွက်နေသော မီးတောက်များကို လှမ်းကြည့်ရင်း မိစ္ဆာမ၏ မျက်နှာပေါ်တွင် ကောက်ကျစ်သော အပြုံးတစ်ခု ထွက်ပေါ်လာ၏။

မိစ္ဆာမ၏ ခန့်မှန်းချက်က အမှန်တကယ် မှန်ကန်ခဲ့သည်။ မွန်းစတားများ ဖောက်ခွဲမှုက လင်းဟွမ်ကို အမှန်တကယ် စိုးရိမ်ပူပန်စေခဲ့သည်။ အမှောင်ထုဒိုင်း မရှိပါက ပြင်းထန်စွာ ဒဏ်ရာရသွား

နိုင်သလို သေပင် သေသွားနိုင်သည်။ အမှောင်ထုဒိုင်း၏ ကာကွယ်မှုအောက်တွင် ပေါက်ကွဲမှု တစ်ခုစီတိုင်းကြောင့် အမှောင်ထုဒိုင်း တုန်ခါနေပြီး လင်းဟွမ်၏ ကံကြမ္မာစွမ်းအားများကို သိသိသာသာ ကုန်ဆုံးစေခဲ့ပြီ။

ပေါက်ကွဲမှု လေးခု ဖြစ်ပြီးသောအခါ လင်းဟွမ်၏ ကံကြမ္မာစက်ဝိုင်း တစ်ခုထဲရှိ ကံကြမ္မာစွမ်းအားများ အားလုံး ကုန်ဆုံးသွားသည်။ လင်းဟွမ်၏ ခန္ဓာကိုယ်ထဲတွင် ကံကြမ္မာစက်ဝိုင်း ဆယ်ခု ရှိပြီး သာမန် အခြေအနေဆိုပါက

ပေါက်ကွဲမှု သုံးဆယ်ခန့်ကို တောင့်ခံပြီးမှ သူ့ကံကြမ္မာစွမ်းအားများ ကုန်ဆုံး သွားလိမ့်မည်။

သူ့ခန္ဓာကိုယ်ထဲမှ ကံကြမ္မာစွမ်းအားများ မကုန်သေးခင် ကံကြမ္မာစွမ်းအားများ ပြန်လည်ဖြည့်တင်းရန်အတွက် ဖြည့်တင်းခြင်းကတ်ကို ထုတ်ယူလိုက်သည်။

လင်းဟွမ်သည် ပြင်းထန်သော ပေါက်ကွဲမှုပေါင်း တစ်ရာကျော်ကို တောင့်ခံနိုင်ရန်အတွက် ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်တင်းခြင်း ကတ်နှစ်ကတ် အသုံးပြုခဲ့ရသည်။ ပေါက်ကွဲမှုများ

မပြီးဆုံးသေးသည့်အတွက် တတိယမြောက် ကံကြမ္မာစွမ်းအား ပြန်လည် ဖြည့်တင်းခြင်းကတ်ကို တစ်ဝက်ခန့်ပင် အသုံးပြုခဲ့ရသေးသည်။

သန့်ရှင်းမီးလျှံအဆင့် နောက်ဆုံးမွန်းစတား ပေါက်ကွဲသွားသောအခါ မိစ္ဆာမ ဦးခေါင်းထက်မှ ခရမ်းရောင် နတ်ဆိုးမျက်နှာမှာ ရုတ်တရက် တုန်ခါလာပြီး အစိတ်စိတ် အမွှာမွှာပြိုကွဲကာ လေထဲ ပျောက်ကွယ်သွားသည်။

မကြာခင် မိစ္ဆာမ ခန္ဓာကိုယ်သည် မူလအခြေအနေသို့ ပြန်လည် ရောက်ရှိသွားကာ

၎င်း၏ ငွေရောင် အရိုးအတောင်ပံများသည် အဖြူရောင် ပြန်ဖြစ်သွားသည်။ သူမ ဝတ်စုံပေါ်ရှိ ငွေရောင် အစင်းကြောင်းများလည်း ပျောက်ကွယ်သွားပြီး သန့်စင်သော ခရမ်းရောင် ပြန်ဖြစ်သွားသည်။ အစွမ်းထက်နေသော အော်ရာပင် မူလအခြေအနေသို့ ပြန်လည် ရောက်ရှိသွားခဲ့ပြီး ယခင်က ထက်ပင် ပိုအားနည်းသွား၏။

အတွင်းထဲမှ ထွက်ပေါ်လာသော အားနည်းမှုကို ခံစားလိုက်ရသည်။ စုန်းမသည် သူမခန္ဓာကိုယ်ထဲမှ နောက်ဆုံး လက်ကျန် ကံကြမ္မာစွမ်းအားများကို

ထိန်းချုပ်ပြီး လေထဲမှ ပြုတ်မကျသွားအောင် ကြိုးစား၍ ဟန်ချက် ထိန်းနေရသည်။

မွန်းစတားများကြားတွင် ပုန်းအောင်းနေသော သာလွန်အဆင့် လူသားများလည်း ထိုနေရာသို့ စိုက်ကြည့်နေကြပြီး တိုက်ပွဲရလဒ်ကို စိုးရိမ်စိတ်နှင့် စောင့်မျှော်နေကြသည်။

လင်းဟွမ် လွတ်မြောက်ခဲ့ပါက သူတို့ဘက်မှ တိုက်ပွဲကို အနိုင်ရနိုင်သေးသည်။ သို့သော်လည်း ဤပေါက်ကွဲမှုများထဲတွင် လင်းဟွမ်

သေဆုံးသွားပါက မွန်းစတားများဘက်တွင် မွန်းစတားအုပ်ကြီးအပြင် အင်မော်တယ်အဆင့် မွန်းစတားတစ်ကောင် ရှိနေသေးသဖြင့် လူသားများဘက်မှ ဤတိုက်ပွဲကို ရှုံးနိမ့်မှာ အသေအချာပင်။

အင်မော်တယ်အဆင့် မွန်းစတားသည် အားနည်းနေသော်လည်း သာလွန်လူသား ဆယ်ယောက်ကျော်ကို အလွယ်တကူ ကိုင်တွယ်နိုင်သေးသည်။

သို့သော်လည်း ပိုင်နှင့် အာဏာရှင်တို့ကမူ လင်းဟွမ်နှင့် အချိန်မရွေး ဆက်သွယ်နိုင်သောကြောင့် လင်းဟွမ်အတွက် စိတ်မပူခဲ့ကြပေ။ လင်းဟွမ် ဒဏ်ရာမရကြောင်း သူတို့သိနေကြသည်။ မိုးပေါ် တစ်ချက်မော့ကြည့်ပြီးနောက် စိတ်အနှောက်အယှက် မဖြစ်ဘဲ မွန်စတားများကို ဆက်လက် တိုက်ခိုက်နေခဲ့သည်။

"ပြီးသွားပြီလား"

ခဏအကြာ လင်းဟွမ်သည် သူ့အနောက်ဘက်ကို အခြား မွန်းစတားများ ရောက်လာနေသေးကြောင်း

သတိထားလိုက်မိသည်။ မွန်းစတား မည်မျှ ပေါက်ကွဲခဲ့လဲ ဆိုသည်ကို မရေတွက်နိုင်သော်လည်း သူ့ခန့်မှန်းချက် အနီးတွင် ရှိလိမ့်မည်ဟု ယုံကြည်သည်။ အမှောင်ထုဒိုင်းကို မဖယ်ရှားခင် အထဲတွင်နေပြီး ခဏ စောင့်ဆိုင်းနေခဲ့သည်။

ထိုအချိန်တွင် မီးခိုးများ တဖြည်းဖြည်း ရှင်းလင်းလာပြီး မိစ္ဆာမကလည်း တိုက်ပွဲရလဒ်ကို စောင့်ဆိုင်းနေသည်။

ထိုစဉ် လေပြည်ညင်းလေး တိုက်ခတ်လာပြီး လင်းဟွမ်အား ဖုံးအုပ်ထားသော မီးခိုးအလွှာများကို

မှုတ်ထုတ်လိုက်ချိန်တွင် လင်းဟွမ်၏ ပြီးပြည့်စုံသော ခန္ဓာကိုယ် ထွက်ပေါ်လာသည်။

ဦးခေါင်းပေါ်က နတ်ဆိုးမျက်နှာ ပျောက်ကွယ်သွားသော မိစ္ဆာမသည် လင်းဟွမ်ကို စိုက်ကြည့်ရင်း အံ့အားသင့်နေသည်။

လင်းဟွမ်က စပ်ဖြဲဖြဲ အမူအရာနှင့် လှမ်းပြုံး ပြလိုက်ပြီး....

"ငါ့ကို ပြန်တွေ့ရလို့ အံ့ဩနေတာလား"

မိစ္ဆာမသည် လင်းဟွမ်က ဒဏ်ရာမရဘဲ အကောင်းအတိုင်း ရှိနေသေးကြောင်း မြင်လိုက်လျှင် ပို၍ပင် ထိတ်လန့်သွားသည်။ အတွေးများက ပြန်လည် ကောင်းမွန်လာသောအခါ ချက်ချင်း လှည့်၍ထွက်ပြေးရန် ကြိုးစားလိုက်သည်။

ပျံပြေးသွားသော်လည်း မီတာ တစ်ရာပင် မဝေးလိုက်ချေ။ ပျံသန်းနေရင်း သူမခန္ဓာကိုယ်က မြေပြင်ပေါ် ရုတ်တရက် ပြုတ်ကျသွားပြီး ပျံသန်းရန်အတွက် လုံလောက်သော ကံကြမ္မာ စွမ်းအားများ မရှိတော့ပေ။

လင်းဟွမ်ပင် မိစ္ဆာမက ဤမျှ အားနည်းနေလိမ့်မည်ဟု မထင်ထားခဲ့ချေ။

မိစ္ဆာမ ထွက်ပြေးသွားသည်ကို မြင်လိုက်လျှင် နောက်မှ လိုက်ရန် လုပ်လိုက်သည်။ သို့သော် မိစ္ဆာမက တစ်စက္ကန့်မျှသာ ပျံသန်းခဲ့ပြီး မြေပြင်ပေါ် ဖုတ်ခနဲ ပြုတ်ကျသွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ယခုဆိုလျှင် မတ်တပ်ပင် ကောင်းကောင်း မရပ်နိုင်တော့ချေ။

ထို့နောက် လင်းဟွမ်သည် မိစ္ဆာမရှေ့တွင် ဖြတ်ခနဲ ပေါ်လာသည်။ သူ့လက်ထဲမှ ဓါးသည် တောက်ပသော အလင်းရောင်များ ဖြာထွက်နေပြီး အေးစက်သော ခံစားချက်ကို ပေးစွမ်းနေသည်။

"အရမ်း အားနည်းနေတဲ့ မိန်းမတစ်ယောက်ကို သတ်မှာလား။"

မိစ္ဆာမက လင်းဟွမ်ကိုမော့ကြည့်ပြီး အားနည်းစွာ မေးလိုက်ရာ

"မင်းက အားနည်းတယ်ဆိုရင် ဒီကမ္ဘာပေါ်က မိန်းမတွေအားလုံး ငပျော့ပဲ ဖြစ်နေလိမ့်မယ်"

လင်းဟွမ်က စနောက်လိုက်သည်။

ထို့နောက်

"စိတ်မပူနဲ့၊ မြန်မြန်လေး လုပ်ပေးမယ်။ နာလိုက်မှာတောင် မဟုတ်ဘူး..."

လင်းဟွမ် စကားမဆုံးခင် လေထဲတွင် အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွားပြီး မိစ္ဆာမ၏ ဦးခေါင်းသည် လည်ပင်းမှ တိခနဲ ပျက်ကျသွားကာ သွေးများ စီးကျလာသည်။

မိစ္ဆာမသည် ခေါင်းမရှိသော ခန္ဓာကိုယ်ကို ပြန်ကြည့်ရင်း နောက်ဆုံး အတွေးတစ်ခုက သူမ စိတ်ထဲ ပြေးလွှားသွားခဲ့သည်။

"တကယ် မနာလိုက်ဘူးပဲ"

## အခန်း(၅၄၆) - ဘေးအန္တရာယ်များကို ဖယ်ရှားခြင်း

မိစ္ဆာမ မြေပြင်ပေါ် လဲကျသွားချိန်မှာပင် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"ဂန္ထဝင်အဆင့် မွန်းစတားကတ် - ခရမ်းရောင်မှော်ဆရာမ (မိစ္ဆာ) ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် အလောင်းကို သိမ်းဆည်းပြီးနောက် ကတ်ကို တစ်ချက်ကြည့်ကာ ကောင်းကင်ပေါ် ပျံတက်သွားသည်။ မွန်းစတား အများအပြား မြင်လိုက်ရသဖြင့် မျက်မှောင် ကြုတ်သွားသည်။

ထိုအချိန်တွင် သာလွန်အဆင့် မွန်းစတားအားလုံး သေဆုံးနေပြီ ဖြစ်သည်။ သို့သော်လည်း မွန်းစတားပေါင်း တစ်သိန်းကျော်နှင့် ဖွဲ့စည်းထားသော အုပ်စုကြီးမှာ သူတို့အတွက် ကြီးမားသော ဘေးဒုက္ခ ဖြစ်နေဆဲပင်။

ပြင်းထန်သော တိုက်ပွဲမှာ မိနစ်အနည်းငယ်သာ ကြာခဲ့ပြီး မွန်းစတားအုပ်ကြီးက ကီလိုမီတာနှစ်ဆယ်ပင် မဝေးသော နေရာအထိ ချဉ်းကပ် ရောက်ရှိလာသည်။ မွန်းစတားအုပ်ကြီးမှာ ဆယ်မိနစ် မပြည့်သော အချိန်၌ လူသားများ နေရာကို လုံးဝ ဖုံးလွှမ်းသွားတော့မည်။

"အသေးစား ဖျက်ဆီးရေးကတ်ကို သုံးရင်ကောင်းမလား။"

လင်းဟွမ်သည် ဘာလုပ်သင့်လည်း ဆိုသည်ကို တွေးတော စဉ်းစားနေသည်။ အမြန်ဆုံး

နည်းလမ်းမှာ အသေးစားဖျက်ဆီးရေး ကတ်ကို အသုံးပြုလိုက်ခြင်းပင်။ သို့သော်လည်း ထိုကဲ့သို့ ပြုလုပ်လိုက်ပါက မွန်းစတားတစ်သိန်း သို့မဟုတ် တစ်သန်းကျော် သတ်ဖြတ်နိုင်သည့် သူ့စွမ်းရည်ကို ထုတ်ဖော် ပြသရလိမ့်မည်။

"ရှောင်ဖိန် အသေးစား ဖျက်ဆီးရေး ကတ်အပြင် အချိန်တိုလေး အတွင်းမှာ မွန်းစတားတွေကို ကိုင်တွယ်နိုင်တဲ့ နည်းလမ်းရှိလား"

လင်းဟွမ်သည် ဘာလုပ်ရမလဲ ဆိုသည်ကို မသိတော့သဖြင့် ရှောင်ဖိန်ထံမှ အကူအညီ တောင်းလိုက်သည်။

"မင်းမှာရှိတဲ့ ကတ်တွေထဲမှာ မြွေနှစ်ကောင်နဲ့ မျောက်ဝံနှစ်ကောင်က ဒီလိုမျိုး အုပ်စုလိုက် တိုက်ခိုက်နေတဲ့ အချိန်မှာ ဆင့်ခေါ်ဖို့ သင့်တော်တယ်။ နောက်ပြီးတော့ မင်းမှာ ချောကလက်လေး နဲ့ အာဏာရှင်လည်း ရှိသေးတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်အရွယ်အစား ကန့်သတ်ချက်တွေကို ဖယ်ရှားလိုက်ရင်

ပုံမှန်အနေအထား ပြန်ရောက် သွားလို့မ်မယ်။ အဲဒီအရွယ်အစားက ဘီလူးကြီးတွေနဲ့ အတူတူပဲ၊ ကိုင်လီရဲ့ တပ်အင်အားလည်း ရှိသေးတယ်။"

"အထိရောက်ဆုံး လျှို့ဝှက်စွမ်းရည်ကတော့ သွေးရဲရဲလေးရဲ့ ကပ်ပါးစွမ်းရည် ဆိုတာ သေချာတယ်။ သူ့ရဲ့လက်ရှိ စွမ်းရည်အရ သာလွန်အဆင့်အောက်ဆိုရင် သန်းနဲ့ချီတဲ့ မွန်းစတားတွေကို ကိုင်တွယ်ဖို့ မခက်ခဲဘူး။ မွန်းစတား အရေအတွက်ကလည်း အကုန်လုံးမှ

သန်းတစ်ဝက်လောက်ပဲ ရှိတော့ အလွယ်တကူ ကိုင်တွယ်နိုင်ပါတယ်။"

"ဟုတ်တယ်၊ သွေးရဲရဲလေးရဲ့ ကပ်ပါးစွမ်းရည်ကို ဘယ်လိုလုပ်ပြီး မေ့နေရတာလဲ"

ပုံမှန်အားဖြင့်ဆိုလျှင် လင်းဟွမ်သည် စုံစမ်းစစ်ဆေးမှု တစ်ခုခုလုပ်ဆောင်ရန် လိုအပ်တိုင်း သွေးရဲရဲလေး အကြောင်းကိုသာ တွေးမိတတ်သည်။ သို့သော်လည်း တိုက်ပွဲအတွက် ဆိုလျှင်မူ သွေးရဲရဲလေးကို မရည်ရွယ်ဘဲ လျစ်လျူရှုထားခဲ့မိသည်။ ဒါသည် မိုးကြိုးအား

ပျံ့သန်းနိုင်သော စီးတော်ယာဉ်ဟု သတ်မှတ်ထားသလို တွေ့မိသည့်အတွေးနှင့် တူပြီး သွေးရဲရဲလေး၏ တိုက်ခိုက်ရေး အစွမ်းကို လျစ်လျူရှုထားမိသည်။

ထို့ကြောင့် လင်းဟွမ်သည် တိုက်ပွဲများထဲတွင် ပြဿနာတစ်ခုခု ကြုံလာတိုင်း သွေးရဲရဲလေးနှင့် မိုးကြိုးတို့ကို မျက်လုံးထဲမထည့်ဘဲ မသိစိတ်မှ အလိုလို ဖယ်ထုတ်ထားမိသည့် အကြောင်းအရင်း သာ...

ရှောင်ဖိန်ထံမှ သတိပေးမှုကို ကြားသောအခါ လင်းဟွမ်သည် ဤကြီးမားသော တိုက်ပွဲကြီးတွင်

သွေးရဲရဲလေးက အမုန်တကကယ်ပင် အနိုင်ယူ၍ မနိုင်ရသော ကွပ်မျက်သူတစ်ယောက် ဖြစ်ကြောင်း ပြန်သတိရသွား၏။

လင်းဟွမ်သည် သာလွန်အဆင့် လူသားများကို တစ်ချက်ကြည့်လိုက်ရာ လူတော်တော်များများက သူ့ကို ကြည့်နေကြောင်း သိလိုက်ရသည်။ ထို့နောက် ဆုံးဖြတ်ချက် ချလိုက်ပြီး အလုံးအရင်းနှင့် ကျူးကျော်လာသော မွန်းစတားအုပ်ကြီးကို ကိုင်တွယ်ရန်အတွက် သွေးရဲရဲလေးကို ဆင့်ခေါ် လိုက်သည်။

သွေးရဲရဲလေးသည် ခရမ်းရောင်မြွေတစ်ကောင်ပုံစံ ပြောင်းလဲပြီး လင်းဟွမ်၏ ဘယ်ဘက်လက်မောင်းတွင် ရစ်ပတ် လိုက်သည်။ လင်းဟွမ်က မွန်းစတားများကို သတ်ပစ်မည့် သူ့အစီအစဉ်အကြောင်းအား သွေးရဲရဲလေးကို ပြောပြလိုက်သည်။

"သွေးရဲရဲလေး ငါတို့ဆီမှာ အချိန်ကျပ်နေတယ်။ ဒီမွန်းစတား အုပ်ကြီး လူတွေနေတဲ့ နေရာကို ပြားပြားဝပ်သွားအောင်လုပ်ဖို့ ဆယ်မိနစ်လောက်ပဲ ကျန်တော့မယ်။ မင်းက အခုချက်ချင်း

မွန်းစတားသန်းဝက်လောက်ကို ကပ်ပါး ကူးစက်နိုင်မလား။ ဒါက လုပ်နိုင်တဲ့ အလားအလာတော့ နည်းတယ်။ မွန်းစတားအုပ်ကြီး တစ်စိတ်တစ်ပိုင်းကို တိုက်ခိုက်ဖို့အတွက် မင်း ထိန်းချုပ်နိုင်မလား။ ကပ်ပါးမကူးစက်ခံရတဲ့ မွန်းစတားတွေနဲ့ သူတို့ကြားမှာ အချင်းချင်း ပဋိပက္ခ ဖြစ်လာအောင် လုပ်ပြီး ရှေ့တိုးလာတဲ့ မွန်းစတားအုပ်ကြီးကို ရပ်တန့်သွားအောင် လုပ်နိုင်လား"

"ပြဿနာ တချို့တော့ ထိန်းနိုင်တယ်။ ဦးဆောင်ပြီး သွားနေတဲ့ မွန်းစတားတစ်အုပ်ကို

ကပ်ပါးကူးစက်ပြီး လမ်းကြောင်း ပြောင်းလိုက်မယ်။ ဒါဆိုရင် ကျန်တဲ့မွန်းစတားတွေက သူတို့နောက်က လိုက်သွားလိမ့်မယ်။"

သွေးရဲရဲလေးသည် ထိုမွန်းစတားများ၏ အကြောင်းကို ကောင်းကောင်း သိနေသည်။

"ဒီလိုမျိုး မွန်းစတားအုပ်ကြီးမှာ နောက်ကလိုက်တဲ့ မွန်းစတား တော်တော်များများက သူတို့ရှေ့က မွန်းစတားတွေနောက်ကို မျက်လုံး စုံမှိတ်ပြီး လိုက်တတ်ကြတယ်။ လမ်းကိုတောင် မကြည့်ဘူး။ သူတို့ရှေ့က မွန်းစတား ဘယ်သွားသွား

နောက်က လိုက်နေမှာပဲ။ အဲဒါကြောင့် ဦးဆောင်တဲ့ မွန်းစတားတွေကို ဦးတည်ချက် ပြောင်းလိုက်ရင် လူတွေ နေတဲ့နေရာကို ဖျက်ဆီးတော့မှာ မဟုတ်ဘူး။"

"ဒီလိုမျိုးလည်း ရှိတာလား"

လင်းဟွမ်သည် ထိုစကားကိုကြားလျှင် အံ့အား သင့်သွားသည်။

"ဟုတ်တယ်၊ မင်းက ဦးဆောင်လာတဲ့ ခေါင်းဆောင် မွန်းစတားတွေကို သတ်လိုက်ပြီ ဆိုတော့ ဒီလိုမျိုးလုပ်ဖို့ မခက်တော့ဘူး။"

သွေးရဲရဲလေးက ခွဲခြမ်းစိတ်ဖြာ သုံးသပ်ပြီးနောက် ဤကိစ္စကို ထိထိရောက်ရောက် ကိုင်တွယ်ရန် ယုံကြည်ချက် ရှိနေသည်။

"အဲဒါဆိုလည်း မြန်မြန်လုပ်ကွာ၊ ငါတို့မှာ အချိန် သိပ်မကျန်တော့ဘူး"

လင်းဟွမ်က တိုက်တွန်းလိုက်သည်။

"ချက်ချင်း လုပ်လိုက်မယ်။ ကျေးဇူးပြုပြီး သုံးမိနစ်လောက်တော့ စောင့်"

သွေးရဲလေးလေးက ထိုစကား ပြောပြီးနောက် အရောင်ကင်းစင်ပြီး ထွင်းဖောက် မြင်ရသော မျှော်မျိုးစိတ်များသည် လေထဲမှတစ်ဆင့် မွန်းစတားအုပ်ကြီးထံ ပျံ့လွင့်သွားသည်။

နှစ်မိနစ်ခန့် ကြားသောအခါ သွေးရဲရဲလေး အသံကို နောက်တစ်ကြိမ် ကြားလိုက်ရပြီး

“ကပ်ပါးကူးစက်တဲ့ လုပ်ငန်းတော့ ပြီးသွားပြီ။ အခုပဲ သူတို့ဦးတည်ချက်ကို ပြောင်းခိုင်း လိုက်မယ်။"

သွေးရဲရဲလေး စကားများပြောပြီးနောက် မွန်းစတားအုပ်ကြီးသည် တုန့်ခနဲ ရပ်တန့်သွားသည်။ ခဏအကြာ လင်းဟွမ် ပတ်ဝန်းကျင်ရှိ မွန်းစတားများသည် သွားနေသော လမ်းကြောင်းများ ပြောင်းလဲသွားသည်။

လင်းဟွမ်သည် ထိုမြင်ကွင်းကို မြင်နေရသော်လည်း မယုံကြည်နိုင် ဖြစ်နေသေးသည်။

လင်းဟွမ်သည် ပျံသန်းနေရင်း သွေးရဲရဲလေးကို အင်ကျီလက်စထဲ ဝှက်ထားလိုက်သည်။

မြောက်ဘက်သို့ ဦးတည်နေသော မွန်းစတားအုပ်ကြီးသည် ရုတ်တရက် လမ်းကြောင်းပြောင်းကာ မြစ်ကြီးတစ်စင်းကဲ့သို့ အနောက်ဘက်ကို ဦးတည်နေသည်။ သွေးရဲရဲလေး ထိန်းချုပ်ထားသော မွန်းစတားအုပ်စု နောက်တွင် လိုက်ပါနေသော မွန်းစတားများသည် သူတို့နောက်မှ အမှန်တကယ် လိုက်ပါသွားပြီး တူညီသောနေရာသို့ လှည့်ပြောင်းသွားကြသည်။

လင်းဟွမ်သည် ထိုအချင်းအရာကို မြင်ပြီးနောက် ပိုင်နှင့် အာဏာရှင်တို့ကို ကတ်ပုံစံ ပြန်သိမ်းလိုက်သည်။ ထို့နောက် အားတီနှင့် ကျန်သည့်လူများကို

"မသတ်ကြနဲ့တော့။ မွန်းစတားအုပ်ကြီးရဲ့ ဘေးအန္တရာယ်ကနေ လွတ်မြောက်သွားပြီ။ လာ..... မွန်းစတားအုပ်ကြီးနောက် လိုက်ကြည့်ရအောင်"

လင်းဟွမ်၏အသံကို ကြားသောအခါ အားတီနှင့် ကျန်သည့်လူများ အံ့သြသွားကြသည်။ သို့သော်လည်း

အားတီသည် လင်းဟွမ်ကို ယုံကြည်ရန်ရွေးချယ်ပြီး ကောင်းကင်ပေါ် ပျံတက်သွားသည်။

မွန်းစတားအုပ်ကြီးက ဦးတည်ရာ ပြောင်းသွားသည်ကို မြင်လိုက်လျှင် အံ့အား သင့်သွားသည်။

"ဘာ... ဘာ တွေဖြစ်နေတာလဲ မွန်းစတားအုပ်ကြီးက ဘာဖြစ်လို့ ဦးတည်ရာ ပြောင်းသွားတာလဲ။"

လင်းဟွမ်ကို ချက်ချင်း လှည့်ကြည့်လိုက်သည်။

လင်းဟွမ်က ပခုံးတွန့်ပြလိုက်ပြီး ဤအကြောင်းနှင့် ပက်သက်၍ ဘာမှမသိကြောင်း ဟန်အမူအရာ ပြလိုက်သည်။

အားတီသည် ဘာမှ ထပ်မမေးတော့ဘဲ တိုက်ခိုက်နေသော ကျန်သည့်လူများကို ရပ်တန့်ခိုင်းလိုက်သည်။ လူအများသည် သူ၏ ညွှန်ကြားချက်အတိုင်း တိုက်ပွဲကို ခေတ္တရပ်တန့်ပြီး ကောင်းကင်ပေါ် ပျံတက်လာကြသည်။

ထူးခြားသောဖြစ်စဉ်ကို မြင်ပြီးနောက် ဘာတွေဖြစ်နေမှန်း မသိကြသဖြင့် အံ့ဩသွားကြသည်။

" မွန်းစတား အုပ်ကြီးက ဘာဖြစ်လို့ လမ်းကြောင်း ရုတ်တရက် ပြောင်းသွားတာလဲ။"

သူတို့ထဲမှ တစ်ယောက်သည် အတွေ့အကြုံများသော အားတီကို မေးလိုက်သည်။ ကျန်သည့်လူများကလည်း အားတီကို စိုက်ကြည့် နေကြသည်။

"ငါ့ကို မမေးနဲ့။ ငါလည်း ဘာကြောင့်မှန်း မသိဘူး။ ငါ့ဘဝ တစ်လျှောက်လုံးမှာ အလုံအရင်းနဲ့ ကျူးကျော်လာတဲ့ မွန်းစတားအုပ်ကြီးကို သုံးကြိမ်

ကြုံဖူးတယ်။ ဒါပေမယ့် ဒီလိုအခြေအနေမျိုးတော့ ပထမဆုံးအကြိမ် တွေ့ဖူးတာပဲ"

အားတီက ခေါင်းယမ်းပြီး ပြောလိုက်သည်။

ထိုစဉ် သူတို့ထဲမှတစ်ယောက်က လင်းဟွမ်ကို လှမ်းမေးလိုက်သည်။

"လင်းဟွမ်၊ မင်းက မွန်းစတားအုပ်ကြီး လမ်းကြောင်း ပြောင်းသွားတာကို ပထမဦးဆုံး သိတာပဲ။ ဒါကို ဘယ်လို သိတာလဲ"

"ငါ သတ်နေရင်းနဲ့ ပတ်ဝန်းကျင်မှာ ရှိတဲ့ မွန်းစတားတွေ လမ်းကြောင်း ပြောင်းသွားတာကို တွေ့လိုက်တာပဲ။ အဲဒါနဲ့ ဘာဖြစ်သွားတာလဲဆိုပြီး ပြေးကြည့်တော့ မွန်းစတားအုပ်ကြီးက အနောက်ဘက်ကို လမ်းကြောင်းပြောင်းပြီး သွားနေကြတာ တွေ့လိုက်ရတာ"

လင်းဟွမ်က သွေးရဲရဲလေး၏ အခန်းကဏ္ဍကို လုံးဝ ချန်လှပ်ထားခဲ့သည်။

လင်းဟွမ် ပြောခဲ့သလိုပင် ကျန်သည့်သူများလည်း သူတို့ သတိမထားမိဘဲ မွန်းစတားများ လမ်းကြောင်း

ရုတ်တရက် ပြောင်းသွားသည့် အကြောင်းကို ပြန်သတိရသွားသည်။

"မင်း အခုလေးတင် သတ်ပစ်လိုက်တဲ့ မွန်းစတား ခေါင်းဆောင်တွေနဲ့ ဆက်စပ်နေလိမ့်မယ်"

အားတီသည် လေးလေးနက်နက် တွေးတောပြီးနောက် ဤအဖြေတစ်ခုသာ စဉ်းစား၍ ရသည်။ လင်းဟွမ်ကို ဂုဏ်ပြုချင်၍လည်း ဖြစ်နိုင်သည်။

"အဲဒါက သေတော့ မသေချာဘူး။ ဒီလိုဖြစ်ရတဲ့ တခြားအကြောင်းရင်းတွေလည်း ရှိကောင်း ရှိနိုင်တယ်။"

လင်းဟွမ်က ခေါင်းခါ လိုက်သည်။ အင်မော်တယ်အဆင့် မွန်းစတားအချို့ကို သတ်ခဲ့သောကြောင့် လူအများ၏အာရုံကို ဖမ်းစား နိုင်ခဲ့သည်။ ယခုအခါ သွေးရဲရဲလေး၏ အမှတ်များက သူ့ထံရောက်သွားပြီး ထင်ပေါ်ကျော်ကြားလာအောင် မီးမောင်း အထိုးခံ နေရသည်။

"ဘာကြောင့်ပဲဖြစ်ဖြစ်၊ ငါတို့တွေ ကြုံတွေ့နေရတဲ့ ဘေးအန္တရာယ်ကိုတော့ ကျော်လွှား နိုင်သွားပြီ။ အားလုံး ဘေးကင်းတာ သတင်းကောင်းပဲ။"

အနောက်ဘက်သို့ ဦးတည်နေသွားသော မွန်းစတားအုပ်ကြီးက သူတို့နှင့် ဝေးကွာလာသည်ကို မြင်လိုက်လျှင် လူတော်တော်များများမှာ ရင်ထဲမှ အလုံးကြီး ကျသွားသည်။

ထို့နောက် အားတီသည် သူ့အကြည့်ကို မွန်းစတားအုပ်ကြီးထံမှ လင်းဟွမ်ထံ ပြောင်းရွှေ့လိုက်သည်။

"မင်းမှာ ဖုံးကွယ်ထားတဲ့ တိုက်ခိုက်ရေးအစွမ်း ရှိနေမှန်း ငါ မသိခဲ့ဘူး၊ မင်းက အင်မော်တယ်အဆင့် မွန်းစတားတွေကို သတ်နိုင်တယ်လို့ ပြောလိုက်တဲ့အချိန်တုန်းက ငါက မင်း နောက်နေတယ်လို့ ထင်ခဲ့တာ"

"ဟုတ်တယ်၊ မင်းပြောတဲ့ အချိန်တုန်းက ငါတို့ထဲက ဘယ်သူကမှ တကယ်ပြောနေတယ်လို့ မထင်ခဲ့ဘူး"

လူလတ်ပိုင်း အမျိုးသား နောက်တစ်ယောက်ကလည်း အပြုံးကလေးနှင့် ဝင်ပြောလိုက်သည်။

"အဲဒီလို ပြောတဲ့အချိန်တုန်းကတော့ အတည် ပြောတာပဲ။ မင်းတို့ မယုံတာ ငါလည်း မတတ်နိုင်ဘူး "

လင်းဟွမ်က ပခုံးတွန့်ပြပြီး ပြန်ပြောလိုက်သည်။

"အဖြူရောင် မီးလျှံအဆင့်က အင်မော်တယ်အဆင့်ကို သတ်နိုင်မယ်လို့ ဘယ်သူက ယုံမှာလဲ။"

လူအုပ်ကြီး ရယ်မောလိုက်ကြသည်။

(ဒါပေမယ့် ငါက တကယ် အဖြူရောင် မီးလျှံအဆင့်ပဲ...)

လင်းဟွမ်က သူ့ကိုယ်သူ စိတ်ထဲမှ တိုးတိုးလေး ပြောလိုက်သည်။ ထို့နောက် သူတို့ကိုပြုံးပြပြီး တိတ်တဆိတ် နေလိုက်သည်။

## အခန်း(၅၄၇) - တာဝန်ကတ် နောက်တစ်ကြိမ် အသက် ဝင်လာပြန်ပြီလားကွာ...

နယ်စပ် ကာကွယ်ရေးစခန်းမှ မွန်းစတားများ ထွက်ခွာသွားသည်နှင့် တပြိုင်နက် လူများက တိုက်ပွဲမြေပြင်ကို လျင်မြန်စွာ ရှင်းလင်းကြသည်။ ထို့နောက် ဖုန်းနံပါတ်များ ဖလှယ်ပြီး ထွက်ခွာ သွားကြသည်။

အန္တရာယ် ကြုံတွေ့နေရသော နယ်စပ် ကာကွယ်ရေး စခန်း (၃၂) ထဲတွင် တစ်ခုသော

ဖြေရှင်းရသေးသည်။ အလုံးအရင်းနှင့် ကျူးကျော်နေသော မွန်းစတားအုပ်ကြီးနှင့် စစ်ပွဲက မပြီးဆုံးသေးပေ။

လင်းဟွမ်သည် အသွင်ကူးပြောင်းမှုမှာ တစ်နာရီသာ ကြာမြင့်မည် ဖြစ်သောကြောင့် ဤအခွင့်အရေးကို ဆုပ်ကိုင်ပြီး မွန်းစတားများကို ထပ်သတ်ချင်သေးသည်။

“လာမယ့် တိုက်ပွဲကျရင် အစွမ်းထက်တဲ့ စွမ်းရည်တချို့ ထုတ်သုံးဖို့ လိုလိမ့်မယ်။ ငါ့ မျက်နှာကိုပြောင်းမှ ဖြစ်မှာပဲ။ မဟုတ်ရင်

အင်ပါယာအဆင့် မဆိုထားနဲ့ အင်မော်တယ်အဆင့်က လူတွေတောင် သိနိုင်တယ်”

ကျန်သည့်လူများ ထွက်သွားသည်နှင့် လင်းဟွမ်လည်း နောက်နေရာတစ်ခုသို့ ဦးတည်ပြီး ထွက်လာခဲ့သည်။ ထို့နောက် သူ၏ ကိုယ်ပိုင် အထောက်အထားကို ဖုန်းကွယ်ထားရမည် ဖြစ်ကြောင်း သဘောပေါက်လာသည်။

လင်းဟွမ်သည် ရှယ်လော ပြောခဲ့သော အသေးစားဖျက်ဆီးရေးကတ် ပိုင်ဆိုင်ထားသည့် ကျိန်စာစွမ်းရည် အကြောင်းနှင့် ပက်သက်၍

ရှင်းရှင်းလင်းလင်း မှတ်မိ နေသေးသည်။ နတ်ဘုရားများပင် ဤကဲ့သို့ စွမ်းရည်ကို ရရှိရန် စိတ်အား ထက်သန်ကြပြီး အတင်းအကြပ် သိမ်းယူပေလိမ့်မည်။

နတ်ဘုရားက ဤကမ္ဘာတွင် အမှန်တကယ် တည်ရှိခြင်း ရှိ၊ မရှိကို မသိသော်လည်း နတ်ဘုရားတစ်ပိုင်းကတော့ တည်ရှိသည်။ အကယ်၍ နတ်ဘုရားတစ်ပိုင်း၏ အာရုံကို ဖမ်းစားမိသွားပါက သေချာပေါက် ပျော်စရာ မကောင်းနိုင်ချေ။

"ရှောင်ဖိန်၊ လှည့်စားခြင်းကတ်ကို သုံးရင် နတ်ဘုရားတွေကို လှည့်စားနိုင်မလား"

လင်းဟွမ်သည် သူ၏ လှည့်စားခြင်းစွမ်းရည်နှင့် ထိုကဲ့သို့ လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ကြောင်း သိနေသည်။ လှည့်စားခြင်းကတ်၏ အကျိုးသက်ရောက်မှုကသာ သူ၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်း ပေးနိုင်လိမ့်မည်။

"ရတယ်။ မင်း လုပ်နိုင်တယ်။ အကျိုးသက်ရောက်မှုနဲ့ ပတ်သက်ရင်တော့ ကတ်ကို ကြည့်လိုက်"

ရှောင်ဖိန်၏ အသံကို ကြားပြီးနောက် လင်းဟွမ်ရှေ့တွင် ကတ်တစ်ခု ပေါ်လာသည်။ လှည်စားခြင်းကတ်၏ နောက်ကျောမှာ ရွှေရောင်ဖြစ်သည်။ အရှေ့ဘက်တွင် ရောင်စုံမျက်နှာဖုံးပုံ တစ်ခု ရှိသည်။ လင်းဟွမ်သည် အချက်အလက်များ ဖတ်ကြည့်ရန်အတွက် ကတ်ကို လှန်လိုက်သည်။

“လှည့်စားခြင်းကတ် - လုပ်ဆောင်ချက်ကို အသက်သွင်းလိုက်တာနဲ့ မင်းက လှည့်စားနိုင်ပြီး ဘယ်လို အထောက်အထားမဆို ရယူနိုင်တယ်”

"မှတ်ချက် (၁) - ကတ်ကို စပြီး အသက်သွင်းလိုက်တာနဲ့ (၂၄) နာရီပဲ အကျိုး သက်ရောက်မယ်"

"မှတ်ချက် (၂) - ကတ်ရဲ့ အကျိုးသက်ရောက်မှု ရှိနေတဲ့ အချိန်ကာလအတွင်းမှာ မင်းက လှည့်စားမှု အကျိုးသက်ရောက်မှုကို ဖယ်ရှားချင်တယ်ဆိုရင် ဖယ်ရှားဖို့ ခွင့်ပြုထားတယ်။ ဒါပေမယ့် ဖယ်ရှား ပြီးတာနဲ့ ဒုတိယအကြိမ် အသက်သွင်းနိုင်မှာ မဟုတ်ဘူး"

"မှတ်ချက် (၃) - လှည့်စားမှုက ဘယ်လို အထောက်အထားကိုမဆို ကန့်သတ်ထားခြင်း မရှိဘူး။ ဘယ်လို သက်ရှိပုံစံကိုမဆို လုပ်နိုင်တယ်"

"မှတ်ချက် (၄) - ရုပ်ဖျက်ထားတဲ့ အော်ရာကို ကန့်သတ်နိုင်တယ်။ အသုံးပြုသူ ရုပ်ဖျက်နိုင်တဲ့ အမြင့်ဆုံး အော်ရာက နတ်ဘုရားတစ်ပိုင်း အဆင့်ပဲ"

"သတိပေးချက် လှည့်စားခြင်းကတ်ကို နတ်ဘုရားအဆင့် ဒါမှမဟုတ် အဲ့ဒီအဆင့်ထက် နိမ့်တဲ့လူတွေကိုပဲ လှည့်စားနိုင်တယ်။

နတ်ဘုရားအဆင့်ထက် မြင့်မားတဲ့ အဆင့်ကို လှည့်စားရင် ထွင်းဖောက်မြင်ရလိမ့်မယ်”

လင်းဟွမ်သည် လှည့်စားခြင်းကတ်၏ ဖော်ပြချက်ကို ဖတ်ကြည့်ပြီးနောက် အနည်းငယ် ရင်အေးသွားသည်။

“နတ်ဘုရားတစ်ပိုင်း အဆင့်လောက်ကို လှည့်စားနိုင်ရင်ပဲ အလုပ်ဖြစ်နေပြီ။ နတ်ဘုရားတစ်ပါးနဲ့ ဆုံတွေ့ရင်တော့ ငါ တကယ်ကံဆိုးလို့ပဲ”

"စိတ်မပူနဲ့ ပုံမှန် အခြေအနေဆိုရင် ဒီကမ္ဘာကြီးရဲ့ နိယာမက နတ်ဘုရားအဆင့် တည်ရှိမှုကို တောင့်မခံနိုင်ဘူး။ တကယ်လို့ နတ်ဘုရားပါလို့ ပြောလာရင်တောင် အတုအယောင် နတ်ဘုရားပဲ ဖြစ်လိမ့်မယ်။ အတုယောင် နတ်ဘုရား ဆိုရင်တောင် လှည့်စားခြင်းကတ်ရဲ့ အကျိုးသက်ရောက်မှုကို ထွင်းဖောက် မြင်နိုင်မှာ မဟုတ်ဘူး"

"အတုအယောင် နတ်ဘုရား ဟုတ်လား"

လင်းဟွမ်သည် ဤအယူအဆကို ပထမဦးဆုံး အကြိမ် ကြားဖူးခြင်းပင်။

"အတုအယောင် နတ်ဘုရားက နတ်ဘုရား တစ်ပိုင်းရဲ့ အထက်မှာ ရှိတာလား။"

"တိတိကျကျ ပြောရမယ်ဆို အတုအယောင် နတ်ဘုရားအဆင့် ဆိုတာက အင်ပါယာအဆင့် အထက်က အဆင့်ပဲ။ နတ်ဘုရားတစ်ပိုင်း ဆိုတာက ဒီကမ္ဘာပေါ်က လူတွေပြောနေကြတဲ့ အထူး နာမည်တစ်ခုပဲ။ အဆင့်တစ်ခု မဟုတ်ဘူး။ နတ်ဘုရားတစ်ပိုင်း ဆိုတာက နတ်ဘုရားအဆင့်

တက်ဖို့ ပျက်ကွက်ခဲ့တဲ့လူတွေ၊ နတ်ဘုရားခေါင်း ဖွဲ့စည်းဖို့ ကျရှုံးခဲ့တဲ့ အင်ပါယာ အဆင့်တွေကို ခေါ်တဲ့နာမည် တစ်ခုပဲ”

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ နတ်ဘုရားတစ်ပိုင်း အယူအဆကို ပထမဦးဆုံးအကြိမ် ကြားသိခြင်းပင်။ သိုင်းပညာ မုဆိုးကောလိပ်တွင် ဖတ်ခဲ့ဖူးသော သမိုင်းအရင်းအမြစ်များအရ နတ်ဘုရားတစ်ပိုင်းက ဘာကြောင့် အင်ပါယာအဆင့်ထက် ပို၍ အစွမ်းထက်နေရလည်း ဆိုသည့်အချက်ကို သံသယ ဖြစ်ခဲ့ဖူးသည်။

"သာမန်အခြေအနေမှာဆို နတ်ဘုရား ဦးခေါင်း မဖွဲ့စည်းနိုင်တာနဲ့ နတ်ဘုရားဦးခေါင်း ပေါက်ကွဲ သွားလိမ့်မယ်။ သူတို့ရဲ့ ကံကြမ္မာနန်းတော် ပြိုကျပျက်ဆီးပြီး ကံကြမ္မာစက်ဝိုင်းလည်း ကျိုးပဲ့ သွားလိမ့်မယ်။ ကံကြမ္မာစက်ဝိုင်း ကျိုးပဲ့သွားတဲ့အခါ သူတို့ရဲ့ ကံကြမ္မာစွမ်းအားတွေ လျင်လျင်မြန်မြန် ကုန်ဆုံးပြီး မကြာခင် သေသွားမှာပဲ။ ဒါပေမယ့် လုံလောက်အောင် အစွမ်းထက်တဲ့ လူတွေကတော့ သူတို့ရဲ့ ကံကြမ္မာနန်းတော်မှာ အထူး စွမ်းရည်တချို့ ရှိတယ်။ ပြိုကျပျက်ဆီးသွားရင်တောင် တားဆီး နိုင်တယ်။ ကျိုးပဲ့နေတဲ့ နတ်ဘုရားဦးခေါင်းရဲ့

အစိတ်အပိုင်းတွေကို ထိန်းသိမ်းထားနိုင်တယ်။ သူတို့ခန္ဓာကိုယ်ထဲမှာ ကျန်ရှိနေတဲ့ အကျိုးအပဲ့ နတ်ဘုရားဦးခေါင်း အစိတ်အပိုင်းတွေကြောင့် နတ်ဘုရားစွမ်းအားကို ပိုင်ဆိုင်တယ်။ အဲ့ဒါကြောင့် သူတို့ကို နတ်ဘုရားတစ်ပိုင်းလို့ ခေါ်ကြတာ”

“ဘာဖြစ်လို့ သူတို့က အင်ပါယာအဆင့်ထက် ပိုသန်မာ နေရလဲဆို သူတို့ခန္ဓာကိုယ်ထဲက သွေးထဲမှာရှိတဲ့ နတ်ဘုရားစွမ်းအားကြောင့်ပဲ”

“အို ငါ သဘောပေါက်ပြီ”

နောက်ဆုံး၌ လင်းပွမ်သည် ရှောင်ဖိန်၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် နတ်ဘုရားတစ်ပိုင်း အဆင့်အကြောင်း သိသွားသည်။ မကြာခင် သူ့စိတ်ထဲမှာ သံသယများစွာ ပေါ်လာပြန်သည်။

"အတုအယောင် နတ်ဘုရားနှင့် နတ်ဘုရားကြားမှာ ဘာကွာလဲ"

"အတုအယောင် နတ်ဘုရားက နတ်ဘုရားဦးခေါင်း ဖွဲ့စည်းပြီး သူတို့ရဲ့ ကံကြမ္မာ စွမ်းအားကို နတ်ဘုရားစွမ်းအား ဖြစ်လာအောင်

ကြိုးစားရတယ်။ နတ်ဘုရားကတော့ သူတို့ရဲ့ နတ်မီးလျှံကို လောင်းကျွမ်းပြီးတော့ နတ်ဘုရားအဆင့်ကို တက်လှမ်းနိုင်မယ့် နတ်ဘုရားအခွင့်အရေး ပိုင်ဆိုင် ထားကြတယ်။ အခုလောလောဆယ်တော့ ဒါပဲ ငါ ပြောနိုင်တယ်။ ဒါက မင်း အဆင့်မဟုတ်သေးတော့ မင်း မမေးသင့်သေးဘူး”

“ကောင်းပြီလေ”

လင်းဟွမ် စိတ်ထဲတွင် သံသယများစွာ ရှိနေသော်လည်း ရှောင်ဖိန်က ဆက်

မပြောချင်တော့သဖြင့် လင်းဟွမ်က မမေးတော့ဘဲ အကြောင်းအရာ တစ်ခုကို တွေးလိုက်မိသည်။

"ခရမ်းရောင်စုန်းမ မှတ်ဉာဏ်ထဲက ရထားတဲ့ အထဲမှာ အသုံးဝင်တဲ့ အချက်အလက်တွေ ရှိသေးလား"

"ရှိတယ် ငါ ပို့ပေးလိုက်မယ်။ မင်း ကြည့် ကြည့်လိုက်"

ခဏအကြာ လင်းဟွမ် စိတ်ထဲကို အချက်အလက်အချို့ စီးဝင်လာသဖြင့် ချက်ချင်း စစ်ဆေး ကြည့်လိုက်သည်။ အချက်အလက်များကို

လေ့လာပြီးနောက် လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။

"မွန်းစတားတွေ အလုံးအရင်းနဲ့ ကျူးကျော်လာတဲ့ ဒီအဖြစ်အပျက်က တကယ်ပဲ လူသားတွေ လုပ်တာကိုး"

ခရမ်းရောင်စုန်းမ၏ မှတ်ဉာဏ်အရ သူမနှင့် အခြား အင်ပေါ်တယ်အဆင့် မွန်းစတားများအပြင် သန့်ရှင်းမီးလျှံအဆင့် မွန်းစတားများကို ခေါ်တော်ခွဲခန်းထဲက အင်ပါယာအဆင့် လူသား တစ်ယောက်က လွှတ်ပေးခဲ့ခြင်းပင်။

လွတ်မြောက်လာသော မွန်းစတားများသည် အနက်ရောင် ဝတ်စုံဝတ်ထားသော အင်ပါယာအဆင့် လူသုံးယောက် နောက်သို့လိုက်ကာ အုပ်စုသုံးစု ခွဲ၍ ထွက်ခွာလာခဲ့ကြသည်။

ခရမ်းရောင်စုန်းမတို့မှာမူ အုပ်စုငယ် (၁၀) ခု ခွဲပြီး အနက်ရောင်ဝတ်စုံဝတ် လူ၏ လမ်းညွှန်မှုအတိုင်း အလယ်အလတ် အန္တရာယ်ဇုန်သို့ ပို့ဆောင်ခြင်း ခံခဲ့ရခြင်းပင်။

အလယ်အလတ် အန္တရာယ်ဇုန်ထဲတွင် အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူက

အကြီးအမှူးအဆင့် မွန်းစတားများကို သတ်ဖြတ်ရန် ညွှန်ကြားခဲ့ပြီး ကျန်ခဲ့သည့် မွန်းစတားများကိုတော့ ထိန်းချုပ်ခိုင်း၍ နေရာတစ်ခုမှာ စုဝေး ထားခိုင်းလိုက်သည်။

ထို့နောက် လေဟာနယ်လှိုင်ခေါင်း ဖွင့်ပေးပြီး သတ်မှတ်ထားသော နေရာများကို မွန်းစတားများအား အရင်ဆုံး စေလွှတ်ခဲ့ခြင်းပင်။ မွန်းစတားအသစ်များ ပါဝင်လာသောကြောင့် မွန်းစတား အရေအတွက်က တိုးမြင့်လာကာ မွန်းစတားများကို မလွှတ်ပေးခင် ထိုနေရာတွင် တစ်ရက်ခွဲခန့် နေခဲ့ရသည်။

ခရမ်းရောင် စုန်းမနှင့် ကျန်သည့် မွန်းစတားများသည် တိုက်ခိုက်ရမည့် လမ်းညွှန်ချက် အသစ်ကို ရရှိခဲ့သည်။

နောက်ပိုင်းတွင် မည်သည့်အရာများ ဆက်ဖြစ်လာလဲ ဆိုသည်ကို လင်းဟွမ် သိလိုက်သည်။

"အနည်းဆုံး အင်ပါယာအဆင့် လူသုံးယောက်က ပူးပေါင်းခဲ့တာပဲ။ ဓါတ်ခွဲခန်း ပတ်ဝန်းကျင်က ခရမ်းရောင်စုန်းမနဲ့ မွန်းမံထားတဲ့ တခြား မွန်းစတားတွေကို အမာရွတ်အမှတ်အသား

အလုပ်ရုံက စေလွှတ်ခဲ့တာပဲ ဖြစ်လိမ့်မယ်။ ငါ့ ခန့်မှန်းချက် မှန်နေတာပဲ။ မွန်းစတားတွေ အလုံးအရင်းနဲ့ ကျူးကျော်လာတာက ခရမ်းရောင် ကြီးကန်းအဖွဲ့အစည်းနဲ့ အမာရွတ်အမှတ်အသား အလုပ်ရုံလက်ချက်ပဲ”

လင်းဟွမ်သည် ထိုအချက်ကို အတည် ပြုနိုင်ခဲ့သော်လည်း နားမလည်နိုင်သည့် အရာများစွာ ကျန်ရှိနေသေးသည်။

“ဒါပေမယ့် ရုပ်ဆိုးသော အမှန်တရားအကောင့်က သူတော်စင် အဖွဲ့ဝင်တွေနဲ့ သက်ဆိုင်တယ်လို့

ပြောထားတယ်။ သူတော်စင်အဖွဲ့ဝင်က ဒီမွန်းစတားတိုက်ခိုက်မှုနဲ့ ဘယ်လို ဆိုင်သွားတာလဲ”

မကြာခင် လင်းဟွမ်သည် သံသယ စိတ်များစွာဖြင့် ဒုတိယစခန်းသို့ ရောက်ရှိသွားသည်။

ဒုတိယမြောက် စခန်းနှင့် ကီလိုမီတာ ၁၀၀ ကျော်ဝေးနေသေးသည်။ လင်းဟွမ်သည် နှစ်ဆတိုးအရှိန်ကို အသုံးမပြုပါက ထိုနေရာကို သုံးမိနစ်အတွင်း ရောက်ရှိနိုင်သည်။

အကြာခင် ခပ်လှမ်းလှမ်းကပင် ပေါက်ကွဲသံများကြားလိုက်ရသည်။ ထို့ကြောင့် စစ်မြေပြင်ကို

အဝေးမှ လှမ်းကြည့်လိုက်သည်။ အလုံးအရင်းနှင့် ကျူးကျော်လာသော မွန်းစတားအုပ်ကြီးသည် ကာကွယ်ရေး စခန်းနှင့် ဆယ်မီတာပင် မဝေးတော့ချေ။ တိုက်ပွဲမှာ မယုံနိုင်လောက်အောင် ပြင်းထန်နေပြီ။

လေထဲတွင် အင်မော်တယ်အဆင့် အချို့သည် သာလွန်အဆင့် မွန်းစတားများနှင့် တိုက်ခိုက်နေကြပြီး သန့်ရှင်း မီးလျှံအဆင့်များက သူတို့ အဆင့်အောက်က မွန်းစတားများကို ရှင်းလင်းနေကြသည်။

"ဒီကာကွယ်ရေး စခန်းမှာ အင်မော်တယ်အဆင့် ရှိပေမယ့် အခြေအနေက ပထမ ကာကွယ်ရေး စခန်းထက်တောင် ပိုဆိုးနေသေးတယ်"

လင်းဟွမ်သည် သူ့ရှေ့မှ မြင်ကွင်းကို မြင်လိုက်လျှင်

"အချိန်တိုလေး အတွင်းမှာ ကာကွယ်ရေး စခန်းနှစ်ခုက ဘေးအန္တရာယ်ကနေ ကျော်လွှား နိုင်ပေမယ့် စခန်း အားလုံးကတော့ အချိန်မီ မကျော်လွှား နိုင်လောက်ဘူး။ ကာကွယ်ရေး စခန်းကလည်း (၃၂) ခု ရှိတယ်။ နောက်ပြီးတော့

တောင်ကနေ မြောက်ဘက်အထိ အကွာအဝေးကလဲ ကီလိုမီတာ (၃,၃၀၀) လောက် ရှိတော့ အင်ပါယာအဆင့်ကတောင် မွန်းစတားတွေကို တစ်ကောင်ပြီး တစ်ကောင် ရှင်းပစ်နေရတယ်”

လင်းဟွမ်သည် အဖြူရောင်မြို့တော်အတွက် ဘေးအန္တရာယ် တားဆီးနိုင်ရန် မည်ကဲ့သို့ လုပ်ဆောင်လျှင် ကောင်းမလဲဟု စဉ်းစားနေစဉ် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် တစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

“အထူး အခြေအနေကြောင့် တာဝန်ကတ် အသက် ဝင်လာပါတယ်”

“သတ်ပါ..... မွန်းစတား အရေအတွက် ဆယ်သန်းကျော်အောင် သတ်ဖြတ်ပါ”

“တာဝန်ချိန် တစ်နာရီ”

“ဆုလဒ် - သတ်ဖြတ်ခဲ့တဲ့ မွန်းစတား ဆယ်သန်းကျော်ပါက ကျပန်းဆုလဒ် သုံးခု ရရှိမယ်”

"တကယ်လို့ သတ်မှတ်ချိန်အတွင်း တာဝန်ပြီးမြောက်အောင် မလုပ်နိုင်ရင် ကျရှုံးတယ်လို့ သတ်မှတ်ပြီး အပြစ်ဒဏ် ပေးခံရမယ်"

"လုပ်ဆောင်ချက်ကတ် သုံးခုကို ကျပန်းဖယ်ရှားပစ်မယ်"

"တာဝန်ကို ကြေငြာပြီးပါပြီ။ နောက်ထပ် အသေးစိတ် အချက်အလက်တွေ သိချင်ရင် ကတ်ကိုလှန်ကြည့်ပြီး ဖတ်ပါ"

"ဒီလိုအချိန်ကျမှ လလေးလုံးဆောင်ပြီး (လ…လ…လ…လ..) အသက်သွင်းရလားဟ"

လင်းဟွမ်သည် တိုက်ပွဲကို ခပ်လှမ်းလှမ်းမှ ကြည့်နေရင်း လုပ်ချင်၊ ကိုင်ချင်စိတ် ပျောက်ရှုံး သွားသည်။ လင်းဟွမ်သည် တာဝန်ကဒ်က ဤနည်းနှင့် အသက် ဝင်လာသဖြင့် ဆွံ့အနေသည်။

# အခန်း(၅၄၈) - ဟာ......ငါ့ရဲ့ငွေးစေ့လေး ပျောက်သွားပြီ....

လင်းဟွမ်သည် စစ်မြေပြင်နှင့် အနည်းငယ် ဝေးနေသေးသဖြင့် တာဝန်ကတ် အသက်ဝင်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

"တစ်နာရီအတွင်း မွန်းစတား ဆယ်သန်းကျော် သတ်ဖို့လား။ ရှောင်ဖိန်၊ မင်း ရူးနေပြီလား"

လင်းဟွမ်က ကူကယ်ရာမဲ့စွာ ဆဲဆိုလိုက်သည်။

"အထူး အခြေအနေကြောင့် နောက်တစ်ကြိမ် အသက်ဝင်တာ ငါ့ရဲ့ထိန်းချုပ်မှုအတွင်းမှာ မရှိဘူး။ တာဝန်ကတိ အသက်ဝင်စေတဲ့ အခြေအနေနဲ့ပဲ သက်ဆိုင်တယ်။ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ အခြေအနေကို တွေ့ရင် အသက်ဝင်ဖို့အတွက် အစ ပျိုးလာလိမ့်မယ်။ ငါနဲ့ ဘာမှမဆိုင်ဘူး"

"ကောင်းပြီ ကောင်းပြီ"

လင်းဟွမ်သည် ရှောင်ဖိန်က ဘူးတစ်လုံးဆောင် အိုတောင် မဆင်းရဲဘူးဆိုသည့် အယူဝါဒကို ဆွဲကိုင်ထားသဖြင့် ဆက်မငြင်းတော့ချေ။

"မင်းက ငါ့ကို အသေးစား ဖျက်ဆီးရေးကတ် အတင်းအကြပ် သုံးခိုင်းနေတာပဲ။ ကတ်သုံးကတ် မဲဆွဲဖို့ကလည်း မလွယ်ဘူး။ ငါ့အသက်ကို ကယ်နိုင်လို့ နောက်ပိုင်း အရေးအကြောင်းကြုံရင် သုံးရအောင် သိမ်းထားချင်တာ"

လင်းဟွမ်တွင် အသေးစား ဖျက်ဆီးရေးကတ် ကျန်သေးသော်လည်း လွှမ်းခြုံနိုင်သော အကွာအဝေးမှာ စတုရန်းကီလိုမီတာ (၁၀,၀၀၀) သာရှိသည်။ တောင်ပိုင်းနယ်စပ် တလျှောက်ရှိ မွန်းစတားအားလုံးကို မလွှမ်းခြုံနိုင်ပေ။

လင်းဟွမ်သည် အသေးစား ဖျက်ဆီးခြင်းကတ်မှ လွဲ၍ တစ်နာရီအတွင်း မွန်းစတား သန်းပေါင်းများစွာ ရှင်းပစ်နိုင်မည့် နည်းလမ်းကို စဉ်းစားမရ ဖြစ်နေသည်။

ထို့နောက် အလယ်အလတ်အဆင့် ဖျက်ဆီးရေးကတ်ကို ထုတ်လိုက်သည်။ လင်းဟွမ်သည် အလယ်အလတ်အဆင့် ဖျက်ဆီးရေးကတ်၏ အကျိုးသက်ရောက်မှုကို ယခင်က ဖတ်ခဲ့ဖူးသည်။ စတုရန်းကီလိုမီတာ တစ်သန်းအထိ လွှမ်းခြုံနိုင်ကြောင်း ယောင်ဝါးဝါး

မှတ်မိနေသေးသည်။ ကတ်ပေါ်မှ တိကျသည့် အချက်အလက်များကို ဖတ်ခဲ့သော်လည်း မေ့သွားခဲ့ပြီ။

အလယ်အလတ်အဆင့် ဖျက်ဆီးခြင်းကတ်သည် အသေးစား ဖျက်ဆီးခြင်းကတ်နှင့် ဆင်တူသည်။ လက်တွေ့ အသုံးဝင်မှုကြားတွင် ကွာခြားခြင်း မရှိပေ။ နှစ်ခုလုံးက ကောင်းကင်ပေါ်မှ အဖြူရောင် အလင်းစက်များ ပေါ်ထွက်ပြီး ဖြူဖွေးသော အလင်းရောင်များ ဖြာထွက် လာလိမ့်မည်။

အလောင်း၊ မီးလောင်မြေများ၊ အက်ကွဲမြေပြင်များ ကျန်ရှိခဲ့နိုင်သည်။

ထို့နောက် ကတ်ကိုလှန်ကြည့်၍ ဖော်ပြချက်ကို ဖတ်လိုက်သည်။

"အလယ်အလတ်အဆင့် ဖျက်ဆီးခြင်းကတ်"

"လုပ်ဆောင်ချက် - ကတ်ကို အသက်သွင်းလိုက်တာနဲ့ နတ်ဘုရား တစ်ပိုင်းအဆင့် ဒါမှမဟုတ် အဲ့ဒီ အဆင့်အောက်ပိုင်းမှာရှိတဲ့ ပစ်မှတ်အားလုံးကို ရှင်းပစ်နိုင်တယ်။ စတုရန်း ကီလိုမီတာ သန်းတစ်ရာအထိ လွှမ်းခြုံနိုင်တယ်"

"မှတ်ချက် (၁) - ကတ်ကို အသက်သွင်းပြီးတာနဲ့ ပြန်ပိတ်လို့ မရဘူး။ တစ်နာရီအတွင်းမှာ တိုက်ခိုက်မယ့် ပစ်မှတ်နဲ့နေရာကို သတ်မှတ်ပေးရမယ်။ အဲ့ဒီလိုမဟုတ်ရင် ကတ်က ပစ်မှတ်နဲ့ နေရာကို ကျပန်းရွေးချယ်မယ်။ အသုံးပြုသူလည်း ပါတယ်။။ (ပစ်မှတ်နဲ့နေရာကို ကျပန်းရွေးချယ်တဲ့ အထဲမှာ အသုံးပြုသူလည်း ပါနေရင် ကတ်အသင်ဝင်သွားတာနဲ့ ကျိန်းသေပေါက် သေလိမ့်မယ်)"

"မှတ်ချက် (၂) - ခန္ဓာကိုယ်ထဲမှာ နတ်ဘုရား ဦးခေါင်း ဒါမှမဟုတ် ကျိုးပဲ့နေတဲ့ နတ်ဘုရားဦးခေါင်းရှိတဲ့ လူတွေအတွက် ကတ်က အကျိုးသက်ရောက်မှု မရှိနိုင်ဘူး"

"မှတ်ချက် (၃) - နတ်ဘုရား ပစ္စည်း ပိုင်ဆိုင်ထားတဲ့ လူတွေအပေါ်မှာလည်း ကတ်က အကျိုးသတ်ရောက်မှု မရှိဘူး"

"မှတ်ချက် (၄) - တိုက်ခိုက်မှုရဲ့ အကျိုးသက်ရောက်မှုကို သုံးစွဲသူရဲ့ တိုက်ခိုက်ရေး အဆင့်နဲ့ ကန့်သတ်ထားတယ်။ ဒါပေမယ့်

ဒီဖြစ်စဉ်က တမူထူးခြားနေလို့ တိုက်ခိုက်မှုရဲ့ အမြင့်ဆုံးအဆင့်ကို သာလွန်အဆင့်အောက် အသုံးပြုသူအတွက် ရွှေရောင် မီးလျှံအဆင့် ၊ အသုံးပြုသူက သန့်ရှင်းမီးလျှံအဆင့် ဆိုရင် အမြင့်ဆုံး တိုက်ခိုက်နိုင်တဲ့ အဆင့်ကို အင်မော်တယ် အဆင့်ကိုးအထိ ကန့်သတ် ထားတယ်။ အဲ့ဒီအဆင့်ထက် ကျော်သွားရင် တိုက်ခိုက်မှုရဲ့ အမြင့်ဆုံးအဆင့်ကို ခရမ်းရွှေရောင် အဆင့်မှာ သတ်မှတ်ထားတယ်"

"မှတ်ချက် (၅) - အသုံး ပြုသူက သတ်မှတ်ထားတဲ့နေရာနဲ့ ကီလိုမီတာ တစ်ရာ အကွာအဝေး အတွင််းမှာ ရှိနေရမယ်။ တကယ်လို့ အသုံးပြုသူက သတ်မှတ်ထားတဲ့ နေရာနဲ့ ကီလိုမီတာ တစ်ရာထက် ပိုဝေးနေရင် သက်ရောက်မှု မရှိဘူး"

"မှတ်ချက် (၆) - အသုံးပြုသူက အသတ်ခံရတဲ့ မွန်းစတားတွေဆီကနေ ကတ်အပိုင်းအစနဲ့ တခြား ဆုလဒ်တွေ မရဘူး"

"ဒီကတ်ကို ဂရုတစိုက် မသုံးမိရင် ငါပါ သေသွားနိုင်တယ်"

လင်းဟွမ်သည် ကတ်၏ဖော်ပြချက်ကို ဂရုတစိုက် ဖတ်ကြည့်ပြီးနောက် ပစ်မှတ်အဖြစ် ကျပန်း ရွေးချယ်ခြင်း ခံရနိုင်ကြောင်း အလေးပေး ဖော်ပြထားသည့် ပထမဦးဆုံး မှတ်ချက်ကို သတိထားလိုက်မိ၍ ဆွံ့အသွားသည်။ သို့သော်လည်း စတုတ္ထမြောက် မှတ်ချက်ကို ပို၍ အာရုံ စိုက်လိုက်သည်။

"ကတ်ရဲ့ လုပ်ဆောင်ချက်မှာ အသုံးပြုသူက နတ်ဘုရားတစ်ပိုင်း အဆင့်အောက်မှာရှိတဲ့ ပစ်မှတ်အားလုံးကို သတ်ဖြတ် နိုင်တယ်လို့ ဖော်ပြထားတယ်။ တကယ်တော့ ဒါက ကတ် လုပ်ဆောင်မှုရဲ့ အမြင့်ဆုံး လုပ်ဆောင်နိုင်စွမ်းပဲ။ တိုက်ခိုက်မှုရဲ့ အမှန်တကယ် အကျိုးသက်ရောက်မှုက ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့်နဲ့ ကန့်သတ်ထားတယ်"

"ငါကလည်း အဖြူရောင် မီးလျှံအဆင့်ပဲ ရှိတာဆိုတော့ အများဆုံးမှ အင်မော်တယ် အဆင့် (၉)အထိပဲ တိုက်ခိုက်နိုင်မယ်။ အခြေခံအားဖြင့်တော့

အမြင့်ဆုံးတိုက်ခိုက်မှုက အင်မော်တယ်အဆင့်ကိုး ဖြစ်နေရင် အဲ့ဒီ အဆင့်အောက်မှာ ရှိနေတဲ့ မွန်းစတားအားလုံးကို သတ်နိုင်တယ်”

လင်းဟွမ်သည် အလယ်အလတ်အဆင့် ဖျက်ဆီးခြင်း ကတ်၏ အကျိုးသက်ရောက်မှုကို ကျေနပ်နေသည်။

“တိုက်ခိုက်နိုင်တဲ့ နေရာကလည်း စတုရန်း ကီလိုမီတာ သန်းတစ်ရာ ကျယ်ဝန်းတယ်။ တောင်ဘက်နယ်စပ်ရဲ့ အရှည်က ကီလိုမီတာ (၃,၃၀၀) အကျယ်က (၃၀၀) ကီလိုမီတာ ရှိတယ်။

ဒါဆိုရင်တော့ မွန်းစတားအုပ်ကြီး အားလုံးကို လွှမ်းခြုံဖို့ လုံလောက်တယ်”

လင်းဟွမ်သည် အလယ်အလတ်အဆင့် ဖျက်ဆီးခြင်း ကတ်၏ အကျိုးသက်ရောက်မှုကို အတည်ပြုပြီးနောက် လှည့်စားခြင်း ကတ်ကို ထုတ်ယူလိုက်သည်။

“အသုံးမချခင် ငါ့ကိုယ်ငါ ရုပ်ဖျက်ပြီး အဝတ်အစား လဲရမယ်”

လင်းဟွမ်သည် တောင်ကုန်းလေး တစ်ခုပေါ်သို့ ဖြည်းဖြည်းလေး ဆင်းသက် လိုက်သည်။

တောင်စောင်းက သူတို့၏အမြင်အာရုံကို ပိတ်ဆို့ထားသောကြောင့် စစ်မြေပြင်မှ လှမ်းကြည့်လျှင် မည်သူမျှ မမြင်နိုင်ပေ။

လင်းဟွမ်သည် သူ့ပတ်ဝန်းကျင်ကို အကဲခတ်ရန် အလုံးစုံ နိယာမကို အသက်သွင်းလိုက်သည်။ မည်သူမျှ သူ့လျို့ လုပ်မနေကြောင်း အတည်ပြုပြီးနောက် လှည့်စားခြင်းကတ်ကို ချေမွလိုက်သည်။

"လှည့်စားခြင်းကတ် အသက် ဝင်သွားပါပြီ။ ကျေးဇူးပြုပြီး လှည့်စားမှုချင်တဲ့ မျိုးနွယ်ကို ရွေးချယ်ပေးပါ"

"လူသား မျိုးနွယ်"

လင်းဟွမ်က တွေဝေခြင်းမရှိဘဲ ရွေးချယ် လိုက်သည်။

"လိင်အမျိုးအစား ရွေးချယ်ပေးပါ"

လင်းဟွမ်သည် ခေတ္တမျှပြုံးသွားပြီး ထို့နောက် စပ်ဖြဲဖြဲ အမူအရာနှင့်

"အမျိုးသမီး"

သူနှင့် ပတ်သက်သည့်လူများကို ရှောင်ရှား ချင်သောကြောင့် အမျိုးသမီးအဖြစ် ရုပ်ဖျက်ရန် ရွေးချယ်လိုက်ခြင်းပင်။ လှည့်စားခြင်းကတ်က မည်ကဲ့သို့ပုံစံမျိုး ဖန်တီးပေးမလဲ ဆိုသည်ကို သိချင်နေသည်။ ရုပ်ဆိုး သွားတာလည်း ဖြစ်နိုင်သည်။

"ဇာတ်ကောင်ရဲ့ ဒီဇိုင်းကို အသေးစိတ် ပြုလုပ်ပါ့မယ်"

"ကျပန်း"

လင်းပွမ်သည် မျက်နှာဖန်တီးရန် အချိန် မဖြုန်းချင်ပေ။ ယခင်က ဂိမ်းကစားခဲ့သောကြောင့် ဂိမ်းထဲမှ ရုပ်ပုံများနှင့်သာ ရင်းနှီးသည်။ သူ့သာ မျက်နှာ ဖန်တီးရမည်ဆိုပါက တစ်နာရီကျော် ကြာသွားပေလိမ့်မည်။

"ဇာတ်ကောင်ရဲ့ ကိုယ်ဟန်ပုံစံကို ကျပန်း စတင် ဖန်တီးနေပါတယ်"

"အသွင်အပြင်နဲ့ ဝတ်စားဆင်ယင်မှုကို ဖန်တီးနေပါတယ်"

"ဇာတ်ကောင်ကို ကျပန်း ဖန်တီးပြီးပါပြီ"

အကြောင်းကြားချက် ထွက်ပေါ်ပြီးနောက် လင်းဟွမ်ရှေ့တွင် မှန်တစ်ချပ် ပေါ်လာသည်။ အဖြူရောင်ဝတ်စုံ ဝတ်ထားသော မိန်းမလှလေး တစ်ယောက် ဖြစ်နေသည်။

အဖြူရောင်ဝတ်စုံမှာ အေးစက်သော စိန်များနှင့် စီထားသော်လည်း လင်းဟွမ်သည် ဖက်ရှင်အကြောင်း သိပ် မသိပေ။ မျက်နှာကို ဂရုတစိုက် ကြည့်ပြီးနောက် စိတ်ရှုပ်နေသည်။ မိန်းကလေးမှာ ဆွဲဆောင်မှုရှိသလို သိမ်မွေ့သော အပြင်အဆင် ရှိသော်လည်း သူမတွင် အနက်ရောင်မျက်လုံးနှင့်

အနက်ရောင်ဆံပင် ရှိနေသောကြောင့် အရှေ့တိုင်း မိန်းကလေးနှင့် ပို တူသည်။ သူမ၏ အသားအရေသည် ကျောက်စိမ်းကဲ့သို့ ဖြူစင်ချောမွေ့နေသဖြင့် အဖြူရောင်ဝတ်စုံက သူမနှင့် လိုက်ဖက်နေသည်။

“စောက်ရမ်းလှတဲ့ မိန်းမပဲ”

လင်းဟွမ်က တအံ့တဩ ထအော်လိုက်သဖြင့်

“ရုပ်ဖျက်မှုကို အတည်ပြုလား။ တကယ်လို့ အတည်မပြုရင် မျက်နှာတစ်ခုကို ကျပန်း ထပ်ရွေးချယ်ပေးမယ်”

“အဆင်ပြေတယ်”

လင်းဟွမ်က အချိန် မဆိုင်းဘဲ ဆုံးဖြတ်လိုက်သည်။

လင်းဟွမ်သည် လှည့်စားခြင်းကတ်ကို အသုံးပြုပြီးနောက် သူ့ရင်ဘတ်ကို ကိုင်၍ ညစ်ကြည့်လိုက်သည်။

“တောက် အစစ်ဟ”

ထို့နောက် လက်သည်ရင်ဘက်မှ တဆင့်ဗိုက်၊ ဗိုက်မှအောက်သို့ ရောက်သွားသည်။ ခဏအကြာ

အလန့်တကြား ထအော်သော လင်းဟွမ်၏အသံ ထွက်ပေါ်လာသည်။

"ဟာ...... ငါ့ငွေးစေ့ ပျောက်သွားပြီ"

"လှည့်စားခြင်းကတ်ရဲ့ ရုပ်ဖျက်ခြင်း အကျိုးသက်ရောက်မှုက ထင်ယောင်ထင်မှား မဟုတ်ပါ။ ဒါက အသုံးပြုသူရဲ့ပုံစံကို အမှန်တကယ် ပြောင်းလဲနိုင်ပါတယ်"

ထို့နောက် လင်းဟွမ်သည် လှည့်စားခြင်းကတ်၏ အကျိုးသက်ရောက်မှုကို နားလည်သွားသည်။ မျက်စိကို လှည့်စားရုံသာမက အသုံးပြုသူ၏

အသွင်အပြင်ကို အမှန်တကယ် ပြောင်းလည်း ပစ်လိုက်သည်။ သို့သော်လည်း လင်းဟွမ်သည် လှည့်စားခြင်းကတ်၏ အကျိုးသက်ရောက်မှုနှင့် ပတ်သတ်၍ စိတ်အနှောက်အယှက် သိပ် မဖြစ်ပေ။

မကြာခင် သူ့လက်ထဲမှ အလယ်အလတ်အဆင့် ဖျက်ဆီးခြင်းကတ်အပေါ် အာရုံ ပြောင်းသွားသည်။ ထို့နောက် လင်းဟွမ်သည် တွေဝေခြင်းမရှိဘဲ ဒုတိယမြောက်ကတ်ကို ချေမွလိုက်သည်။

“အလယ်အလတ် ဖျက်ဆီးခြင်းကဒ်ကို အသက်သွင်းပြီးပါပြီ”

"ကျေးဇူးပြုပြီး ဖျက်ဆီးချင်တဲ့ သက်ရှိ အမျိုးအစားကို ရွေးချယ်ပေးပါ"

"မွန်းစတား အားလုံး"

"ပစ်မှတ်ကို အောင်မြင်စွာ ရွေးချယ်ပြီးပါပြီ။ ကျေးဇူးပြုပြီး နေရာ သတ်မှတ်ပေးပါ"

လင်းဟွမ်စိတ်ထဲတွင် မြေပုံတစ်ခု ပေါ်လာသည်။ မွန်းစတားများ ပြန့်ကျဲနေသော အဖြူရောင်မြို့တော်၏ တောင်ပိုင်း နယ်စပ်ကို ရှာဖွေလိုက်သည်။ ထို့နောက် လက်ကိုဆန့်ထုတ်ပြီး

နယ်စပ်ရှိ မွန်းစတား အားလုံးကို လွှမ်းခြုံလိုက်သည်။

"နယ်မြေ ရွေးချယ်ပြီးပါပြီ၊ နေရာ သတ်မှတ်ပြီးပါပြီ"

"ပစ်မှတ်ထားတဲ့ မွန်းစတား အားလုံးကို ရှင်းပစ်ချင်တာ သေချာလား"

"သေချာတယ် အားလုံးကို ဖျက်ဆီးပစ်"

လင်းဟွမ်က အားတက်သရော ခေါင်းငြိမ့် လိုက်သည်။ နောက်ထပ် အခိုက်အတန့်တွင်

စပါးစေ့အရွယ် အလင်းစက်များသည် သူ့နဖူးပေါ်မှ ထိုးဖောက်ပြီး ဖြာထွက်လာကာ သူ့ခန္ဓာကိုယ်က လွင့်မျော သွားသလို ဖြည်းဖြည်းချင်း မြောက်တက်လာသည်။

လင်းဟွမ် နဖူးမှ အလင်းစက်လေးသည် ထွက်လာသည်နှင့် တစ်ပြိုင်နက် ကောင်းကင်ပေါ် လျင်မြန်စွာ ပျံတက်သွားသည်။ ခဏအကြာ တိမ်များအတွင်းသို့ စိမ့်ဝင်သွားသည်။

ဤဖြစ်ရပ်သည် ရုတ်တရက် ဖြစ်ပွား ခဲ့သော်လည်း လူတော်တော်များများ၏ အာရုံစိုက်မှုကို

ဆွဲဆောင် နိုင်ခဲ့သည်။ လူတိုင်း အံ့သြ တုန်လှုပ်သွားကာ ကောင်းကင်ပေါ် မော့ကြည့် နေ၏။

ခဏအကြာ တိမ်များကြားမှ အဖြူရောင်အလင်းများ ထွက်ပေါ်လာပြီး နေရာအနှံ့ ပျံ့နှံ့သွားသည်။ ကောင်းကင်ပေါ်မှ ရေလှိုင်းများ ဖြာထွက်လာသလိုပင်။

မနက် သုံးနာရီကျော်ခန့်တွင် ရုတ်တရက် နေ ထွက်လာပြီး နေ့ခင်းကြောင်တောင် ရောက်သွားသကဲ့သို့ လင်းထိန် သွားသည်။

လှိုင်းလုံးကြီးသည် ပို၍ ပို၍ ကျယ်ပြန့်လာသည်နှင့်အမျှ အဖြူရောင်အလင်း ဖြတ်ကျော်သွားသည့် နေရာတိုင်းတွင် မြင့်မားသော အပူချိန်ကြောင့် မွန်းစတားများသည် ကာဗွန်ဒိုင် အောက်ဆိုဒ်အဆင့်သို့ ချက်ချင်း ပြောင်းလဲသွားကာ အမှုန်များအဖြစ် ပြောင်းလဲသွားပြီး လေထဲ ပြန့်ကျဲသွားသည်။

ဒါသည် လင်းဟွမ်အနီးရှိ ကာကွယ်ရေးစခန်းတွင် ဖြစ်ပွားခဲ့ခြင်းပင် ။ အဖြူရောင်အလင်းများ ပျံ့နှံ့လာသည်နှင့် အမျှ ဖြန်သန်းသွားရာ

နေရာတစ်လျှောက်မှ တိုက်ပွဲမြေပြင်ရှိ မွန်းစတားအားလုံး အမှုန့်များ ဖြစ်သွားပြီး ပျောက်ကွယ်သွားသည်။ မည်သည့် မွန်းစတားမှ ကျန်ခဲ့ခြင်း မရှိပေ။ သာလွန်အဆင့်မှ အင်ပေါ်တယ်အဆင့်အထိ မွန်းစတားများသည် ခုခံကာကွယ်နိုင်ခြင်း မရှိဘဲ အသတ်ခံခဲ့ရသည်။

လျှို့ဝှက် ဆန်းကြယ်သော်လည်း ကြောက်စရာကောင်းလွန်း၍ လူတိုင်း အံ့သြမှင်တက်နေကြသည်။

## အခန်း(၅၄၉) - လုမင် ပြန်ရောက်လာခြင်း။

သိုင်းပညာ မုဆိုးကောလိပ် အထက် ကောင်းကင်ယံ....

အနက်ရောင်ဝတ်စုံ ဝတ်ထားသော အရိပ်လေးခု ရုတ်တရက် ထွက်ပေါ်လာသည်။

“ငါ့တို့ကို ဘာဖြစ်လို့ ဒီ ခေါ်လာတာလဲ”

ခရမ်းရောင် ကြီးကန်း အဖွဲ့ခေါင်းဆောင်က အနက်ရောင်ဝတ်ရုံ ဝတ်ထားသော လူကို မေးလိုက်သည်။

"လူတစ်ယောက် လာရှာတာ"

ထိုလူက နူးညံ့သောအသံဖြင့် ပြောပြီးသည်နှင့် တစ်ပြိုင်နက် စိတ်စွမ်းအား ဖြန့်ကျက်ပြီး သိုင်းပညာ မုဆိုးကောလိပ်၏ ထောင့်တိုင်း၊ နေရာတိုင်း မကျန် စစ်ဆေးလိုက်သည်။

"အဲ့ဒီကောင် မရှိဘူး။ ကံကောင်းတယ် ကဲ သွားရအောင်"

"ဒီအတိုင်းပဲ  တကယ် ထွက်သွားတော့မှာလား"

ထိုအချိန်တွင် အသံတစ်ခု ထွက်ပေါ်လာပြီး ကောင်းကင်ပေါ် ဖြည်းဖြည်းချင်း ခြောက်တက်လာသော အရိပ်တစ်ခုကို တွေ့လိုက်ရသည်။

"လုမင်  လား...."

ထိုလူက ပိန်ပိန်ပါးပါး လူလတ်ပိုင်းအရွယ် ဖြစ်နေသဖြင့် ချက်ချင်း မှတ်မိလိုက်သည်။

“ဟုတ်တယ် ငါပဲ။ သိုင်းပညာ မုဆိုးကောလိပ်ကို မင်းတို့ လာလည်မှတော့ ငါက ညေ်ခံရမှာပေါ့။ ကျေးဇူးပြုပြီး နေကြပါဦး”

လုမင်သည် အင်ပါယာအဆင့် လေးယောက်နှင့် ရင်ဆိုင်နေရသော်လည်း သိသိသာသာ တည်ငြိမ်နေ၏။

“အင်ပါယာအဆင့်ကို တက်လှမ်းဖို့ မလွယ်ဘူး။ ငါတို့နဲ့ တိုက်ခိုက်မယ်ဆို ဖြစ်လာမယ့် အကျိုးဆက်တွေကို ခံယူနိုင်ဖို့ အဆင်သင့် ဖြစ်ပြီလား”

တိုးညင်းသော အသံတစ်ခု ထွက်ပေါ်လာသည်။

"နိုင်နိုင်၊ ရှုံးရှုံး ကိစ္စလေးတစ်ခုပါ။ ငါက အရှုံးကိုတော့ လက်ခံနိုင်ပါသေးတယ်"

လုမင် မျက်လုံးမှေးပြီး ပြန်ပြောလိုက်သည်။

"မင်း အသက်ရော ဆုံးရှုံးခံနိုင်လို့လား"

အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူက ဒေါသတကြီးအော်ဟစ်ပြီး ပြေးထိုးသည်။ ကျန်သည့်လူများက ထိုလူကို မတားကြသလို ကူလည်း မကူညီကြပေ။ ထိုလူ၏ လက်နက်မှာ

ငွေရောင်ခါးကြေး ဖြစ်သည်။ ခါးကို ခုတ်ချလိုက်သောအခါ လေထဲတွင် ခါးရိပ်များစွာ ဖြစ်ပေါ်လာပြီး လုမင်ထံ တိုးဝင်သွားသည်။

လုမင်က သူ၏ပါးလွှာသော အနက်ရောင်ခါးကို တည်တည်ငြိမ်ငြိမ် ထုတ်ယူလိုက်သည်။ ထို့နောက် ခါးကို ဝှေ့ယမ်းလိုက်ရာ လေထဲရှိ အရိပ်အားလုံး ပြိုကွဲသွားသည်။

"အဆင့် (၅) ခါးနယ်ပယ်လား"

ထိုတစ်ချက်သာ လှုပ်ရှားခဲ့သော်လည်း အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူများ၏ မျက်နှာအမူအရာမှာ လေးလံသွားသည်။

လုမင်က ခပ်ရိုးရိုးလေး ရယ်မောလိုက်သည်။ ယခင်က လင်းဟွမ်ကို စိန်ခေါ်ပြီးနောက် ဉာဏ်အလင်း အသစ်များ ရလာခဲ့သည်။ လေးလအတွင်း၌ ဓါးနယ်ပယ်ကို အဆင့်ဖြတ်ကျော်နိုင်ခဲ့ပြီ။ ထို့အပြင် အင်ပါယာအဆင့် ရောက်ခဲ့သောကြောင့် စွမ်းရည်များလည်း ပိုမိုအားကောင်းလာခဲ့သည်။

သူသည် အင်မော်တယ်အဆင့်တွင် ရှိသည့် အချိန်ကတည်းက အင်ပါယာအဆင့်နှင့် တိုက်ခိုက်နိုင်ခဲ့သည်။ ယခုမူ သူ့ခါးနယ်ပယ်က ပိုမို ဖွံ့ဖြိုးတိုးတက်လာသည့်အပြင် အင်ပါယာအဆင့်ကို တက်လှမ်းခဲ့သောကြောင့် သူ၏စွမ်းရည်မှာ ပို၍ပင် ကြောက်စရာ ကောင်းနေပြီ။

"နောက်ဆုတ်၊ မင်း သူနဲ့ မတိုက်ခိုက်နိုင်ဘူး"

နူးညံ့သော အသံက နောက်တစ်ကြိမ် ထွက်ပေါ်လာကာ သူ့လက်အောက်ငယ်သားကို ညွှန်ကြားပြီးနောက် လုမင်နှင့် မျက်နှာချင်းဆိုင်

နေရာကို ခုန်ဝင်သွားသည်။ ရှေ့တိုးခါနီး၌ ဝတ်ရုံနက်ခေါင်းဆောင်၏ အင်ပါယာ နှလုံးသားလက်စွပ်က ရုတ်တရက် တုန်ခါလာသည်။

"အမ်"

ဝတ်ရုံနက်ခေါင်းဆောင် ရုတ်တရက် အာရုံ ပျက်သွားသည်။

ယခင်က လုမင်နှင့် တိုက်ခိုက်ခဲ့သော အနက်ရောင်ဝတ်စုံလူက နောက်ထပ် တိုက်ခိုက်ချင်သော်လည်း ခေါင်းဆောင်က တားလိုက်သဖြင့် ရပ်တန့်သွားသည်။

"ဖုန်း  အရင်ဖြေလိုက်ပါ။ ငါ စောင့်နေမယ်"

လုမင်က ပခုံး တွန့်ပြလိုက်သည်။ အမှန်တကယ်ဆို ဒီအခွင့်အရေးကို ဆုပ်ကိုင်၍ အချိန်ဆွဲချင်နေသည်။ ပြည်ထောင်စု အစိုးရ၏ အကူအညီအဖွဲ့များ မရောက်မချင်း ထိုလူ ဖုန်းဖြေနေရန် မျှော်လင့်မိသည်။

"ကျေးဇူးပဲ"

အနက်ရောင်ဝတ်စုံ ဝတ်ထားသော ခေါင်းဆောင်က အလာဟာသ အချိန် ဖြုန်းနေပုံရသည်။ ထို့နောက် ဖုန်းကိုင်လိုက်သည်။

နားကြပ် တပ်ထားသောကြောင့် အခြားလူများက သူ့စကား ခိုးနားထောင်မည်ကို စိုးရိမ်ပုံ မရှိပေ။ ထို့နောက် သူက ။

"ဘာဖြစ်တာလဲ"

"ဆရာ မွန်းစတားအုပ်ကြီး တစ်ခုခု မှားနေပြီ"

အလောတကြီးနိုင်သော အသံတစ်ခုကို ကြားလိုက်ရ၍

"ဘာမှားတာလဲ"

မျက်နှာဖုံးအောက်တွင် ထိုလူ မျက်မှောင်ကြုတ်သွားသည်။

"အဲ့ဒီနေရာ တစ်ဝိုက်မှာ အဖြူရောင် အလင်းတစ်ခု ပျံ့နှံ့လာပြီး မကြာဘူး မွန်းစတားတွေအားလုံး မီးလောင် ပြာကျသွားတယ်။ ကျွန်တော်နဲ့ တခြားလူနှစ်ယောက်နဲ့လည်း အတည်ပြုခဲ့ပြီးပြီ။ သူတို့လည်း အဲ့ဒီလို မြင်ခဲ့ရတယ်။ အင်မောတယ်အဆင့် မွန်းစတား ခေါင်းဆောင်တွေကို ဆက်သွယ်လို့ မရသေးဘူး။ ကျွန်တော်ထင်တာ မှန်မယ်ဆို

တစ်ယောက်ယောက်က မွန်းစတား (၁၅) သန်းကို ခဏလေးအတွင်း သတ်လိုက်တယ် ဆိုတော့ နတ်ဘုရားတစ်ပါးကပဲ သူတို့ကို ကူညီခဲ့လားလို့ သံသယ ဖြစ်မိတယ်”

“မွန်းစတား အားလုံးလား။ အင်ပါယာအဆင့်နဲ့ အင်မော်တယ်အဆင့် မွန်းစတားတွေရော ပါလား”

အနက်ရောင်ဝတ်စုံ ဝတ်ထားသော ခေါင်းဆောင်က စိုးရိမ်တကြီး မေးလိုက်ရာ

“အင်ပါယာအဆင့်တွေက လွဲရင် အင်မော်တယ်အဆင့် အပါအဝင် မွန်းစတားအားလုံး

သေကုန်ပြီ။ လူသားသုံးယောက်နဲ့ မွန်းမံထားတဲ့ အင်ပါယာအဆင့် မွန်းစတား သုံးကောင်ပဲ ကျန်တော့တယ် ထင်တယ်”

ခေတ္တမျှ တိတ်ဆိတ် သွားပြီးနောက် ဝတ်စုံနက်ဝတ် ခေါင်းဆောင်က

“ငါ သိပြီ အချိန်ဆွဲပေးထား။ တက်နိုင်သမျှ အမြန်ဆုံး နောက်ပြန်ဆုတ်မယ်”

“ဘာ ဖြစ်တာလဲ”

ခရမ်းရောင် ကျီးကန်းခေါင်းဆောင်က ချက်ချင်း မေးလိုက်သည်။

"တစ်ယောက်ယောက်က မွန်းစတားအုပ်ကြီးကို ဖယ်ရှားလိုက်ပြီ။ အင်ပါယာအဆင့် မွန်းစတား သုံးကောင်ပဲ အသက်ရှင်တော့တယ်။ ကျန်တဲ့ကောင်တွေ အားလုံးကို သတ်လိုက်ပြီ"

ဝတ်စုံနက် ဝတ်ထားသော ခေါင်းဆောင်က ဖုန်းချပြီးသည်နှင့် သတင်းအသစ်ကို ကျန်သည့် သုံးယောက်အား မျှဝေလိုက်သည်။

"ဘယ်လို ဖြစ်နိုင်မှာလဲ"

"အခုဖြစ်စရာ ရှိတာက ဖြစ်ပြီးသွားပြီဆိုတော့ စိုးရိမ်နေလို့ မရတော့ဘူး။ အရင်ဆုံး ပြန်ထွက်ရမယ်။ ငါ လုမင်းကို သတ်ပြီးရင် မင်းတို့နောက် အမြန်ဆုံး လိုက်လာခဲ့မယ်"

ဝတ်စုံနက် ခေါင်းဆောင်က ဆုံးဖြတ်လိုက်သည်။

"ဒါပေမယ့် ဆရာ"

လုမင်းနှင့် တိုက်ခိုက်ခဲ့သော ဝတ်စုံနက်က တစ်ခုခု ပြောချင်သော်လည်း ခေါင်းဆောင်က စကားဖြတ်ပြီး

"အဖြူရောင် မြို့တော်ရဲ့ တစ်လမ်းသွား နေရာကူးပြောင်းခြင်း ဟင်းလင်ပြင်ကို ချိတ်ပိတ်ထားတယ်။ ဝင်လို့ပဲရတယ် ပြန်ထွက်လို့ မရဘူး။ မကြာခင် ကျိုးရှောင်က ငါတို့နောက် လိုက်လာလိမ့်မယ်။ ဟုန်မင်ကလဲ အားနည်းတဲ့ လူမဟုတ်ဘူး။ ငါ တစ်ယောက်ကပဲ သူ့ကို အချိန်တိုလေးအတွင်း သတ်နိုင်တဲ့ အရည်အချင်း ရှိတာ။ ကျိုးရှောင်နဲ့ ကျန်တဲ့လူတွေ ရောက်လာရင် သူတို့ကို ရှင်းပစ်လိုက်မယ်။ အခု ထွက်သွားတော့။ ဒီလိုမှမဟုတ်ရင် မင်းက ဝန်ထုတ်ဝန်ပိုး ဖြစ်လာလိမ့်မယ်"

အနက်ရောင်ဝတ် ခေါင်းဆောင်က အမိန့်ပေးလိုက်သဖြင့် သူတို့သုံးယောက် ထွက်ခွာသွားကြသည်။

လုမင်က သူတို့ကို တားဆီးရန်အတွက် ဓါးနှင့်ခုတ်ရန် ကြံရွယ်လိုက်စဉ် ပြင်းထန်သော အန္တရာယ်အငွေ့အသက်က တိုးဝင်လာသဖြင့် ထိတ်လန့်ခြောက်ခြားသော ခံစားချက်ကို ခံစားလိုက်ရသည်။ ထို့ကြောင့် အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူသုံးယောက် ထွက်ခွာသွားသော်လည်း မလှုပ်ရှားရဲတော့ပေ။

"ငါတို့ နှစ်ယောက်လုံးက ဓါးသုံးကြတာပဲ။ ငါ့ဓါးနယ်ပယ်က မေ့လျော့ခြင်း အဆင့်မှာ ပိတ်မိနေတာ ကြာပြီ။ ဒီနေ့ အတားအဆီးကို ချိုးဖျက်ပြီး ဓါးနယ်ပယ်ရဲ့ အကာအကွယ် ချိုးဖျက်ခြင်းစွမ်းအားကို ငါ ပြမယ်"

ဝတ်ရုံနက်ဝတ် ခေါင်းဆောင်က လှောင်ပြောင် လိုက်သည်။

"မင်း သဘောပဲ"

လုမင်းက ထိုစကားပြောရင်း ဓါးကို ရှေ့သို့ ထိုးထုတ်လိုက်သည်။

...

အဖြူရောင်မြို့တော် တောင်ပိုင်းနယ်စပ်၊ စစ်မြေပြင်နေရာ........

အလယ်အလတ်အဆင့် ဖျက်ဆီးရေးကတ်သည် လုံလောက်သော စွမ်းအား ရှိသဖြင့် အင်မော်တယ်အဆင့် (၉) သို့မဟုတ် ထိုအဆင့် အောက်ရှိသော မွန်းစတား အားလုံးကို အစုလိုက်အပြုံလိုက် သတ်ပစ်ခဲ့သည်။

မျက်လုံးစူးအောင် နေရောင်ခြည်ကဲ့သို့ တောက်ပ လင်းထိန်နေသော အဖြူရောင်အလင်းများ အလိုလို

ပျောက်ကွယ်သွားသည်နှင့် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"မင်းက မွန်းစတား ဆယ်သန်း သတ်ဖြတ်ခြင်း တာဝန်ကို အောင်မြင်သွားပြီ။ ဆယ်သန်း သတ်ဖြတ်ခြင်း ဂုဏ်ထူးဆောင်ဘွဲ့ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"မင်းကို ဆုအနေနဲ့ သတ်ဖြတ်ခြင်းကတ် တစ်ကတ်၊ ကံဆိုးခြင်းကတ် တစ်ကတ်၊ ကျိန်စာကတ် တစ်ကတ် ဆုချလိုက်တယ်။"

လင်းဟွမ်က သူ၏ ဆုကြေးကတ်များကို စစ်ဆေးနေစဉ် ပတ်ဝန်းကျင်မှ လူများသည် အဖြစ်အပျက်နှင့် ပက်သက်၍ ဆွေးနွေးနေကြသည်။

"ဘာဖြစ်တာလဲ နတ်ဘုရားက ငါတို့ကို ကူညီခဲ့တာလား"

လူတိုင်း တုန်လှုပ်နေကြသည်။ ပတ်ပတ်လည်ကို ကြည့်သောအခါ မွန်းစတား အလောင်းများက တောင်လိုရာလို ပုံနေသည်။ သူတို့အနက်မှ တစ်ဦး တစ်ယောက်မှ မလွဲချော်ခဲ့ပေ။ မွန်းစတားများထဲမှ မည်သည့် မွန်းစတားမျှ မလွတ်မြောက်ခဲ့ပေ။

သူတို့ထဲမှ အများစုသည် နတ်ဘုရားတစ်ပါး ကူညီခဲ့သည်ဟု ထင်နေကြသည်။ ထိုထက် ပိုကောင်းသော အကြောင်းပြချက်လည်း ရှာမတွေ့ပေ။

"ကောင်းချီး ပေးတဲ့အတွက် နတ်ဘုရား အားလုံးကို ကျေးဇူးတင်ပါတယ်"

အချို့ဆိုလျှင် ဒူးထောက်ပြီး ဆုတောင်း နေကြသည်။ ဘေးအန္တရာယ် ကပ်ဆိုးကြီးကို ကျော်လွှားနိုင်ခဲ့သဖြင့် အင်မတန် ကံကောင်းသည်ဟု

ခံစားနေရသည်။ သို့သော်လည်း ထိန်းချုပ်သူများကဲ့သို့ အချို့လူများကမူ ကျေးဇူးတင်ခြင်း မရှိကြပေ။

“တောက်စ်၊ ငါ ဆင့်ခေါ်ထားတဲ့ မွန်းစတားတွေလည်း သေကုန်ပြီ”

“ဒီကောင် ဘယ်သူတုန်း။ ငါ ဆင့်ခေါ်ထားတဲ့ သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား သုံးကောင်လုံး သေပြီ”

“သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင်ရဖို့ ငါ့အတွက် မလွယ်ဘူး။ ဒုတိယ

တစ်ကောင်ရဖို့ဆိုရင် လပေါင်းများစွာ ပေးဆပ်ခဲ့ရတာ”

လင်းဟွမ်၏ ဖျက်ဆီးခြင်း အမိန့်သည် ထိန်းချုပ်သူများ ဆင့်ခေါ်ထားသော မွန်းစတားများကို သတ်ပစ်ခဲ့သည်။ သို့သော်လည်း တမင်တကာ လုပ်ခဲ့ခြင်း မဟုတ်ပေ။ အကြောင်းမူ ထိန်းချုပ်သူများ ဆင့်ခေါ်ထားသော မွန်းစတားများ ရှိနိုင်သည့်အချက်ကို မေ့သွားသောကြောင့်ပင် ။ ထို့ကြောင့် ထိန်းချုပ်သူများအတွက် ဘေးဒုက္ခ ရောက်စေခဲ့သည်။

တိုက်ပွဲထဲတွင် ပါဝင်ခဲ့ကြသော ထိန်းချုပ်သူ အားလုံး၏ ဆင့်ခေါ်မွန်းစတား အားလုံး သတ်ဖြတ်ခြင်း ခံလိုက်ရသည်။ ထိန်းချုပ်သူများသည် ဤကဲ့သို့ မတော်တဆ ဖြစ်ရပ်မျိုး ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ထားသဖြင့် အံ့အောမှင်တက် နေကြသလို အချို့ ထိန်းချုပ်သူများက အမေနှင့် ကိုင်ဆဲနေကြပြီ။

## အခန်း(၅၅၀) - မင်းကို ကံဆိုးခြင်းကတ်တစ်ခု ပေးမယ်။

သူတို့သည် မွန်းစတားများ အလုံးအရင်းနှင့် ကျူးကျော်လာသည့် ဘေးအန္တရာယ်မှ လွတ်မြောက်အောင် စွမ်းဆောင် နိုင်ခဲ့ကြသော်လည်း တိုက်ပွဲက မပြီးဆုံးသေးပေ။ စခန်းအချို့တွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသေးသည်။

တောင်ပိုင်း အခြေစိုက် စခန်း၊ ကောင်းကင်ယံတွင်...

အရပ်ရှည်သော အမျိုးသားတစ်ယောက်သည် သူ့မျက်နှာချင်းဆိုင်က ဝတ်စုံနက် အမျိုးသမီးနှင့် ဘေးမှ ဧရာမမွန်းစတားကြီးကို စိုက်ကြည့်နေသည်။

"ငါ့အထင် မှန်မယ်ဆိုရင် ကျူးကျော်တဲ့ လူတွေက အချိန်ဆွဲဖို့အတွက် အလုံးအရင်းနဲ့ ကျူးကျော်လာတဲ့ မွန်းစတားအုပ်ကြီးကို ဖန်တီးခဲ့တာ ဖြစ်နိုင်တယ်။ အခုအချိန်မှာ တခြား ဝပ်ကျင်း စခန်းတွေကနေ အင်ပါယာအဆင့် လူတော်တော်များများလဲ ရောက်လာကြပြီ။ မြို့စောင့်တပ်သားတချို့နဲ့ မင်းရဲ့အဖော်တွေကို

လိုက်ရှာနေတဲ့ အင်ပါယာအဆင့်က အနည်းဆုံး ငါးယောက်လောက် ရှိတယ်။ ဒါက (၁၅) ယောက်၊ (၄)ယောက် တိုက်ပွဲပဲ။ မင်း အဖော်တွေ အသက်ရှင်နိုင်မယ်လို့ ငါတော့မထင်ဘူး”

“ဒါပေါ့ ငါတို့က သေသေချာချာ စီစဉ်ထားတာ။ တောင်ပိုင်း နယ်စပ်တလျှောက်မှာ မွန်းစတားတွေ အလုံးအရင်း ကျူးကျော်လာစေဖို့ ရည်ရွယ်ချက်ရှိရှိ အစပျိုးခဲ့တာပဲ။ တခြားနေရာက အင်ပါယာအဆင့်တွေ ရောက်လာရင်တောင် အဲ့ဒီလူတွေက တောင်ပိုင်းနယ်စပ် တလျှောက်က

မွန်းစတားတွေကို အရင်ဆုံး ရှင်းပစ်ရမှာ သေချာတယ်။ မြို့ထဲက လူလေးယောက်ကို ကိုင်တွယ်ဖို့အတွက် အချိန်ပေးနိုင်မှာ မဟုတ်ဘူး။ ဒါပမေယ့် မမျှော်လင့်တာက အဖြူရောင်အလင်း ထွက်ပေါ်လာပြီး မွန်းစတားအားလုံးကို ချက်ချင်း ရှင်းလင်းလိုက်လို့ မင်းတို့မှာ နောက်ပြန်ဆုတ်ဖို့ ကလွဲပြီး အခြားနည်းလမ်း မရှိတော့ဘူး”

“ဒါဆိုရင် ဒီမှာ မင်းက ဘာဖြစ်လို့ မင်းရဲ့ အချိန်တွေကို ဖြုန်းနေတာလဲ ဒါမှမဟုတ် မကယ်ရသေးတဲ့ မင်းရဲ့ အဖော်တွေကို

စွန့်လွှတ်လိုက်တာလား။ မင်းက မိန်းမဆိုတော့ အရင် ရွေးချယ်ခွင့် ပေးလိုက်မယ်။ ဒါပေမယ့် မင်း ဒီမှာပဲ သေရမယ်”

“ရှန်ကွမ်မိသားစုရဲ့ ခေါင်းဆောင်ကြီးက အရမ်း ဒေါသကြီးတယ်ဆိုတာ ငါ မသိခဲ့ဘူး”

ထိုအမျိုးသမီး၏ အသံက အသံပြောင်း ခရုခွံထဲမှ ထွက်ပေါ်လာသည်။

“အို မင်းကငါ့ကို သိနေမယ်လို့ မထင်ထားဘူး။ ကြည့်ရတာ အိမ်စာ ကောင်းကောင်း လုပ်ခဲ့တဲ့ပုံပဲ”

ရွှေရောင်ဝတ်စုံ ဝတ်ထားသော လူက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ဒါဆို မင်းက အင်ပါယာအဆင့်တောင် မအောင်မြင်သေးတဲ့ မင်းရယ်၊ မင်း ဘေးနားက အင်ပါယာအဆင့် မွန်းစတားတွေက ငါ့ကို အနိုင်ယူနိုင်မှာ မဟုတ်ဘူးဆိုတာ သိသင့်တယ်"

"မင်းက ဒေါသကြီးရုံတင် မကဘူး ဖင်ခေါင်းလဲ ကြီးတာကို"

ထိုအမျိုးသမီးက မှတ်ချက် ပေးလိုက်သည်။

"ကဲ ဆုံးဖြတ်ချက်ချရမယ့် အချိန်ရောက်ပြီ တိုက်ခိုက်မှာလား၊ ထွက်သွားမှာလား"

ရှန်ကွမ်ဖန်းအာက စကား မပြောဘဲ ပြတ်ပြတ်သားသား ရာဇသံ ထုတ်လိုက်ရာ

"တိုက်ခိုက်ကြစို့၊ ပေါက်ကရ စကားတွေ မပြောနဲ့တော့"

ထို့နောက် အနက်ရောင်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးက အင်ပါယာအဆင့် မွန်းစတားကို ရှန်ကွမ်ဖန်းအာအား တိုက်ခိုက်ရန် အမိန့် ပေးလိုက်သည်။

"မိန်းမတစ်ယောက်နဲ့ တိုက်ခိုက်ရတာ ဖီး မလာဘူးကွာ"

ရှန်ကွမ်ဖန်းအာက လက်နှစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ပြီး ထိုးနှက်လိုက်သည်။

တောင်ပိုင်း အခြေစိုက် စခန်းအပြင် ပြည်ထောင်စုအစိုးရမှ အင်ပါယာအဆင့် အခြား လူနှစ်ယောက်သည် ဘုရင်အဆင့် မွန်းစတားများနှင့် တွေ့ကြုံရ၍ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပွား နေခဲ့သည်။

...

မွန်းစတားများ အားလုံး ပြာအဖြစ် ပြောင်းလဲသွားသောကြောင့် လူတစ်စုသည် တိုက်ပွဲမြေပြင်၌ နဂိုနေရာမှာပင် ငုတ်တုတ် မေ့နေကြသည်။ မကြာခင် တောင်စောင်း နောက်ဘက်မှ အဖြူရောင်အလင်း ဖြာထွက်လာသည်ကို သတိထားမိခဲ့သော လူများ ပေါ်လာသည်။

ထို့ကြောင့် လင်းဟွမ် ပုန်းနေသည့်နေရာကို ချက်ချင်း ဦးတည်ပြီး သွားကြသည်။ စစ်မြေပြင်မှ မွန်းစတား တစ်သိန်းကျော်ကို မည်သူသတ်ခဲ့လဲ

ဆိုသည်ကို သိချင်နေကြကာ လူဆယ်ယောက်ကျော်မှာ အုပ်စုဖွဲ့ပြီး လည်ပတ်ရှာဖွေနေကြသည်။

လင်းဟွမ်သည် ဆုကြေးကတ်ကို စစ်ဆေးနေစဉ် တစ်ယောက်ယောက်က တောင်ကုန်းကို ဖြတ်ကျော်လာကြောင်း မြင်လိုက်ရသည်။ လင်းဟွမ်သည် မိန်းမ တစ်ယောက်အနေဖြင့် မည်သူနှင့်မျှ မထိတွေ့ မဆက်ဆံချင်ပေ။ ထို့ကြောင့် အဖြူရောင်ခါတ်ကွင်းကို ချက်ချင်း ဆင့်ခေါ်ပြီး ထွက်ခွာသွားသည်။

လူအနည်းစုက လင်းဟွမ်၏ မျက်နှာကို မြင်လိုက်ရပြီး ကျန်သည့်လူများက အဖြူရောင် ဝတ်ထားသော အမျိုးသမီးတစ်ယောက်က နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲ ဝင်၍ ထွက်ခွာသွားကြောင်း မြင်ခဲ့ကြသည်။

လင်းဟွမ်သည် သူ၏ မှက်နက်အစား အဖြူရောင် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ခဲ့သည်။ ဒါသည် ယုဝမ်ပင်ကို သတ်ပြီးနောက် သိုလှောင်လက်စွပ်ထဲမှ ရရှိခဲ့သော ပစ္စည်းတစ်ခုပင် ။ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်း

အမည်မှာ ရွှေစက်ဝိုင်း ဖြစ်ပြီး အထွတ်အထိပ် ခါတ်ကြွင်း ဖြစ်သည်။

တံခါးသည် ရွှေအိုရောင် ဖြစ်သော်လည်း လူများ၏အမြင်ကို ရှုပ်ထွေးသွားစေရန် ရည်ရွယ်၍ အဖြူရောင် ပြောင်းလဲထားခဲ့ခြင်းသာ....

အမှန်တကယ်ဆို လင်းဟွမ်သည် ရန်လင်းထံတွင် ရွှေစက်ဝိုင်းကို မှန်ကန်စွာ ချိတ်ဖွင့်ပြီးနောက် အဖွဲ့ခွဲ(၇) တစ်ခုလုံးတွင် ပုံစံတူခါတ်ကြွင်း (၇) ခုသာရှိကြောင်း သိခဲ့ရသည်။ သို့သော်လည်း အဖြူရောင်ပုံစံ နေရာကူးပြောင်းခြင်း ခါတ်ကြွင်းမှာမူ

ရာပေါင်းများစွာ ရှိသည်။ အဓိကဇုန်မှ သူတော်စင်အဖွဲ့ဝင်များက သူ့ကိုမြင်လျှင်ပင် မိန်းမတစ်ယောက်ပုံစံ ပြောင်းထားသောကြောင့် မည်သူဆိုသည်ကို ခန့်မှန်းမိမည် မဟုတ်ပေ။

လင်းဟွမ်သည် ရွှေစက်ဝိုင်းကို အကြိမ်ပေါင်းများစွာ အသုံးပြုခဲ့ဖူးသည်။ ယခင်က ယုဝမ်ပင် သတ်မှတ်ခဲ့သော နေရာများကို ဖယ်ရှားပြီးနောက် တည်နေရာသုံးခုသာ ချိတ်ဆက်ထားခဲ့သည်။ ထိုအထဲမှ တစ်ခုမှာ သိုင်းပညာမုဆိုးကောလိပ် ဆရာဆောင် ဖြစ်သည်။

လင်းပွမ်သည် ရွှေစက်ဝိုင်းထဲ ဖြတ်သန်း၍ လမ်းလျှောက်လာပြီးနောက် တက္ကသိုလ် အဆောင်တွင် ပြန်ပေါ်လာသည်။ တိုက်ပွဲထဲမှ ထွက်ခွာလာပြီးနောက် စိတ်အေး သွားသည်။ အင်ပါယာအဆင့် မွန်းစတားသုံးကောင် အသက်ရှင်နေသေးကြောင်း သိသော်လည်း ဒါသည် သူ ကိုင်တွယ်နိုင်သည့် စွမ်းရည်ထက် ကျော်လွန်သွားခဲ့ပြီ။ အဖြူရောင်မြို့တော်မှ အင်ပါယာအဆင့်များက ကိုင်တွယ်လိမ့်မည် ဖြစ်ကြောင်း သူ သိနေသည်။

လင်းဟွမ်သည် လှည့်စားခြင်း အကျိုးအသက်ရောက်မှုကို ဖယ်ရှားရန် လုပ်လိုက်စဉ် ပေါက်ကွဲ ထွက်ပေါ်လာသောအသံကို ရုတ်တရက် ကြားလိုက်ရသည်။ သိုင်းပညာ မုဆိုးကောလိပ်၏ အထက် ကောင်းကင်ယံတွင် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပွားနေပုံပင်။

“ဘာဖြစ်လို့ ဒီနေရာမှာ တိုက်ခိုက်နေကြတာလဲ”

လင်းဟွမ်သည် မြို့ထဲတွင် တိုက်ခိုက်နေကြသဖြင့် ထူးဆန်း သွားသည်။ သို့သော်လည်း တိုက်ခိုက်မှုကြောင့် ထွက်ပေါ်လာသော

လှိုင်းဂယက်များကြောင့် အင်ပါယာအဆင့် တိုက်ပွဲတစ်ခု ဖြစ်ကြောင်း ခန့်မှန်းလိုက်မိကာ

"ဒါက ဟုန်ကျန်းတော့ မဟုတ်ပါဘူးနော်။ ဖြစ်နိုင်ပါ့မလား"

လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်တွင် ပုန်းအောင်းနေသော ဟုန်ကျန်း အကြောင်းကို ပထမဦးဆုံး တွေးလိုက်မိသည်။ မစ္စတာဖူး ပြောခဲ့သည့် စကားအရ သူမသည် အင်မော်တယ် အဆင့်ကိုးသာ ရှိသော်လည်း သူမ၏ တိုက်ခိုက်ရေးအစွမ်းမှာ အင်ပါယာအဆင့်နှင့်ပင်

နှိုင်းယှဉ်နိုင်သည်။ ထိုအချက် နှစ်ခုက လက်ရှိ တိုက်ပွဲအခြေအနေနှင့် ကိုက်ညီနေ၏။

လင်းဟွမ်က ထိုအဖြစ်အပျက်ကို စဉ်းစားနေစဉ် လုမင်နှင့် တိုက်ခိုက်နေသော ဝတ်ရုံနက် ခေါင်းဆောင်ကလည်း လင်းဟွမ် အခန်းထဲမှ ထွက်ပေါ်လာသော စွမ်းအင် အတက်အကျကို ခံစားလိုက်မိသည်။ မျက်နှာဖုံး အောက်တွင် ရှိနေသော မျက်နှာပေါ်၌ စိတ်အားထက်သန်သော အမူအရာပေါ်လာပြီး မျက်လုံးအရောင် တောက်ပ လာသည်။

"မင်းက အချိန်မှန်၊ နေရာမှန် ပြန်ရောက်လာတာပဲ"

လုမင်က တိုက်ခိုက်၍ နောက်ဆုတ်သွားသည့် အခိုက်အတန့်၌ အနက်ရောင်ဝတ်စုံ ခေါင်းဆောင်သည် လင်းဟွမ် အဆောင်၏ အမိုးပေါ်တွင် ပေါ်လာသည်။ ခဏလေး အတွင်းမှာပင် အဆောက်အအုံ တစ်ခုလုံး ပြိုကျအောင် ဖျက်ဆီးပစ်လိုက်သည်။

ကြမ်းပြင်နှင့် ပရိဘောဂ အနည်းငယ်သော ကျန်ရစ်ခဲ့ပြီး လှည့်စားခြင်း အကျိုးသက်ရောက်မှု မဖျက်ရသေးသော လင်းဟွမ် ထွက်ပေါ်လာသည်။

လင်းဟွမ်သည် တောက်ပနေသော ကောင်းကင်ကြီးကို မော့ကြည့်ရင်း အံ့သြသင့်သွားသည်။ အဖြစ်အပျက်ကို အချိန်မီ မတုန့်ပြန်နိုင်ခဲ့ချေ။

အနက်ရောင် ဝတ်စုံဝတ် အမျိုးသားသည် အဖြူရောင် အင်္ကျီဝတ်ထားသော မိန်းကလေး ဖြစ်နေသည့် လင်းဟွမ်ကို မြင်လိုက်လျှင်

ကြောင်သွားသည်။ သူ့စိတ်ထဲတွင် ပထမဦးဆုံး ပေါ်လာသော အတွေးမှာ

”ငါ အိမ်မှားပြီး ဖျက်မိတာလား”

ထို့နောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ကာ သူ အမှား မလုပ်မိကြောင်း အတည်ပြုပြီးနောက် တန်းမေးလိုက်သည်။

“မင်း ဘယ်သူလဲ။ လင်းဟွမ် ဘယ်မှာလဲ”

ထိုအချိန်တွင် လင်းဟွမ်လည်း အသိစိတ်ပြန်ကပ်သွားသည်။ အနက်ရောင် ဝတ်စုံ

ဝတ်ထားသော လူကိုမြင်လိုက်လျှင် မွန်းစတား အလုံးအရင်း ကျူးကျော်မှုကို စတင်ခဲ့သည့် လူများထဲမှ တစ်ယောက်ဖြစ်ကြောင်း သိလိုက်သည်။ ဟုန်ကျန်း မဟုတ်ပေ။ သို့သော်လည်း ထိုလူ၏ အမေးစကားကို နားထောင်ပြီးနောက် ထိုလူက သူ့နောက်ကို လိုက်လာကြောင်း သဘော ပေါက်သွားသည်။

"ဆရာလင်းက ငါ့ ဘေးအဆောင်မှာ နေတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ သူ အခန်းပြောင်းခဲ့တာ"

လင်းဟွမ်သည် ဟုန်ကျန်း အဆောင်ကို တွေ့ဝေခြင်း မရှိဘဲ လက်ညိုးထိုးပြလိုက်သည်။

ဝတ်စုံနက် ခေါင်းဆောင်သည် အံ့ဩသင့် သွားသော်လည်း လင်းဟွမ်ကို ယုံကြည်ရန် ရွေးချယ်လိုက်သည်။ လက်ကို ဆန့်တန်းပြီး ဟုန်ကျန်းအဆောင်ကို ဖျက်ဆီး ပစ်လိုက်သည်။ ထိုနေရာမှာလည်း မည်သူမျှ မရှိပေ။

အနက်ရောင် ဝတ်ထားသောလူက လင်းဟွမ်ကို ထပ်မေးရန် လုပ်လိုက်စဉ် သူ့နောက်ကျောဘက်မှ အဖြူရောင် အလင်းတန်းတစ်ခု ထိုးဖောက်

ဝင်ရောက်လာသဖြင့် ချက်ချင်း နောက်လှည့်၍ ဓါးနှင့်ခုခံပြီး နောက်ပြန် ဆုတ်လိုက်သည်။

ခဏအကြာ လုမင်က သူ ရပ်နေခဲ့သည့် နေရာတွင် ပေါ်လာသည်။ ခေါင်းငုံ့၍ လင်းဟွမ် အဆောင်ကို ကြည့်လိုက်ရာ အဖြူရောင်ဝတ်စုံ ဝတ်ထားသော လင်းဟွမ်ကို မြင်လိုက်ပြီး အံ့သြသင့်သွားသည်။

“မင်း ဘယ်သူလဲ၊ လင်းဟွမ် ဘယ်မှာလဲ”

“ငါက ပြီးခဲ့တဲ့ အပတ်လောက်က အလုပ်ဝင်ခဲ့တဲ့ ဆရာအသစ်ပါ။ ဆရာလင်းနဲ့ငါက အခန်းပြောင်း

နေကြတာ အဲ့ဒီမှာ နေတာပဲ ဒါပေမယ့် ဒီနေ့ မရှိဘူးထင်တယ်”

လင်းဟွမ်က အနက်ရောင် ဝတ်စုံနက် ဝတ်ထားသောလူကို ပြောခဲ့သည့် စကားအတိုင်း ထပ်ပြောလိုက်သည်။ အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူရှေ့တွင် သူ့အထောက်အထားကို မဖော်ထုတ်နိုင်ပေ။

ထို့အပြင် လုမင်ကလည်း လင်းဟွမ်ကို မိန်းမတစ်ယောက်အဖြစ် ဖြစ်နေလိမ့်မည်ဟု မည်သည့် အချိန်ကမှ ထင်လိမ့်မည် မဟုတ်ချေ။

"အဲ့ဒါဆိုလည်း နေရာရှာပြီး ပုန်းနေ။ တိုက်ပွဲထဲ မင်း မပါနိုင်ဘူး"

လုမင်သည် ကောလိပ်တွင် ဆရာအသစ်များ စုဆောင်းရန် အလုပ်များနေကြောင်း သိနေသဖြင့် ထိုအမျိုးသမီး၏ စကားကို သံသယ မရှိခဲ့ပေ။ သူမကကောလိပ်မှ ဆရာတစ်ဦးဖြစ်ကြောင်း သိပြီးနောက် ကာကွယ်ရန် ရွေးချယ်ခဲ့သည်။

လင်းဟွမ်သည် ခေါင်းငြိမ့်လိုက်ပြီး ပျောက်ကွယ်သွားသည်။

အနက်ရောင်ဝတ်စုံ ဝတ်ထားသော လူကလည်း ဖြတ်သွားဖြတ်လာ လူတစ်ယောက်သာ ဖြစ်လိမ့်မည်ဟု ယူဆပြီး သိပ်ဂရုမစိုက်ပေ။ မည်သို့ပင် ဆိုစေကာမူ စိတ်ပျက်သွားခဲ့သည်။

လင်းဟွမ်သည် အဆောက်အဦးတစ်ခု၏ နောက်တွင် ပုန်းအောင်းပြီး သူတို့ နှစ်ယောက်ကြားက တိုက်ပွဲကို ကြည့်နေခဲ့သည်။ ဝတ်စုံနက် ဝတ်ထားသော လူကို စိုက်ကြည့်နေရင်း လက်ထဲတွင် ကတ်တစ်ခု ပေါ်လာသည်။

"ကံဆိုးခြင်းကတ်ပင်"

“လုပ်ဆောင်ချက်ကို အသက် သွင်းပြီးတာနဲ့ ကံဆိုးမိုးမှောင်ကျမှုကို သုံးရက် ခံရလိမ့်မယ်”

“မှတ်ချက် (၁) - ပစ်မှတ်က ဘယ်လို သက်ရှိ ဖြစ်နေပါစေ အသုံးပြုနိုင်တယ်။”

“မှတ်ချက် (၂) - ပစ်မှတ်က အသုံးပြုသူ မြင်နိုင်တဲ့ အကွာအဝေးထဲမှာ ရှိနေရမယ်”

“မှတ်ချက် (၃) - ပြီးပြည့်စုံတဲ့ နတ်ဘုရား ဦးခေါင်း ပိုင်ဆိုင်ထားတဲ့ လူတွေအတွက် ထိရောက်မှု မရှိဘူး”

"မှတ်ချက် (၄) - ကံဆိုးမှုကို ခံနိုင်ရည်ရှိတဲ့ နတ်ဘုရားပစ္စည်း ပိုင်ဆိုင်ထားတဲ့ လူတွေအပေါ်မှာ ကံဆိုးခြင်းကတ်က ထိရောက်မှု မရှိဘူး"

"မှတ်ချက် (၅) - ကတ်ကို အသက်သွင်းပြီးတာနဲ့ ရုတ်သိမ်းလို့ မရဘူး။ နာရီဝက်အတွင်း ပစ်မှတ်ကို သတ်မှတ်ပါ။ အဲ့ဒီလို မဟုတ်ရင် အသုံးပြုသူ အပါအဝင် အနီးအနားကလူတွေကို ကံဆိုးသူအဖြစ် ကျပန်း ရွေးချယ်သွားမယ်"

"မှတ်ချက် (၆) - ကံဆိုးခြင်း ကတ်ရဲ့ အကျိုးသက်ရောက်မှုက လူတစ်ယောက်နဲ့

တစ်ယောက် မတူညီဘူး။ အကျိုးသက်ရောက်မှုရဲ့ အစွမ်းသတ္တိက ကျပန်းဖြစ်ပြီး ပစ်မှတ်ရဲ့ ကံတရားအပေါ်မှာ သက်ရောက်မှု ရှိမယ်”

“ဟဲ ဟဲ ငါ့ကိုဖမ်းဖို့ ကြိုးစားတာလား။ ဒါဆိုရင် မင်းကို ကံဆိုးခြင်းကတ်တစ်ခု လက်ဆောင်ပေးမယ်။ သုံးရက်လောက်တော့ ကံဆိုးလိုက်ပေါ့ကွာ”

လင်းဟွမ်သည် မကောင်းဆိုး ဝါးဆန်သော အပြုံးကိုပြုံးပြီး လက်ထဲမှ ကံဆိုးခြင်းကတ်ကို ချေမွလိုက်သည်။

“ပစ်မှတ် ဝတ်စုံနက် အမျိုးသား”

## အခန်း(၅၅၁) - အနန္တ ခွဲစိတ်ဓါး။

လင်းဟွမ်သည် အနက်ရောင်ဝတ်စုံ ဝတ်ထားသော ခေါင်းဆောင်က မည်သူမည်ဝါ ဖြစ်ကြောင်း မသိသော်လည်း သူ့ထံရောက်လာပြီး လုမင်နှင့် တိုက်ခိုက်နေသည်။ ထို့အပြင် သူ့အဆောက်အဦးကို ဖျက်ဆီးခဲ့သောကြောင့် လာရောက် လည်ပတ်သည့် ရည်ရွယ်ချက်သည် မိတ်ဖွဲ့ရန် မဟုတ်ကြောင်း အတည်ပြုခဲ့သည်။ ထို့ကြောင့် ကံဆိုးခြင်းကတ်ကို နှစ်ခါ ပြန်မစဥ်းစားဘဲ အသုံးပြုလိုက်သည်။

"မင်းက မဖိတ်ခေါ်ဘဲ ရောက်လာတော့ ကံဆိုးခြင်းကတ်ရဲ့ အကျိုး သက်ရောက်မှုကို မြည်းကြည့်လိုက်ပေါ့ကွာ"

လင်းဟွမ်က အဆောက်အဦးတစ်ခု နောက်တွင် ပုန်းနေပြီး ခေါင်းပြူထွက်ကာ အနက်ရောင်ဝတ်စုံ ဝတ်ထားသော ခေါင်းဆောင်ကို ချောင်းကြည့် လိုက်သည်။ ကံဆိုးခြင်းကတ်ကို ပထမဦးဆုံးအကြိမ် အသုံးပြုခြင်း ဖြစ်သောကြောင့် အကျိုး သက်ရောက်မှုနှင့် ပက်သက်၍ တိတိကျကျ မသိပေ။

ကတ်ကို ချေမွပြီး ပစ်မှတ်ကို ချိန်ရွယ်လိုက်သောအခါ ကတ်သည် အနက်ရောင် အခိုးအငွေ့အဖြစ် ပြောင်းလဲသွားပြီး ဝတ်ရုံနက်ခေါင်းဆောင်၏ ခန္ဓာကိုယ်ထဲ စိမ့်ဝင်သွားသည်။

ထိုလူသည် သူ့ခန္ဓာကိုယ်ကို အနက်ရောင် အခိုးအငွေ့များက ဖုံးလွှမ်းနေသော်လည်း သတိထားမိပုံမရပေ။ အနက်ရောင် အခိုးအငွေ့များက သူ့ခန္ဓာကိုယ် တစ်ဝိုက်တွင် တဝဲဝဲ လည်နေပြီး သူ့ခေါင်းပေါ် တစ်မီတာအကွာ၌ အမည်းရောင် တိမ်တိုက်တစ်ခု ရှိနေသည်။

အနက်ရောင်ဝတ် အမျိုးသားနှင့် တိုက်ပွဲဝင်နေသော လုမင်လည်း ထိုအရာကို မမြင်ပေ။ လင်းဟွမ် တစ်ယောက်တည်းသာ မြင်ပုံရသည်။

"ဘာတွေ ဆက်ဖြစ်လာမှာလဲ.."

လင်းဟွမ်သည် အပြောင်းအလဲကို မျှော်လင့်ခြင်းများစွာနှင့် စောင့်မျှော်ရင်း စိတ်လှုပ်ရှားနေသည်။ အနက်ရောင်ဝတ်စုံဝတ် အမျိုးသားက ဂီလာနဝက်ကဲ့သို့ ကံဆိုးမိုးမှောင် ကျလာမည့်

အချိန်ကို စောင့်ကြည့်ရန် အချိန် အကြာကြီး မစောင့်ခဲ့ရပေ။

အနက်ရောင် အစင်းကြောင်းများနှင့် ကောင်းကင်ပေါ်တွင် ရွှေရောင် မိုးကြိုးများက တလက်လက် တောက်ပလာပြီး ထိမှန်သွားသည်။

သူတို့က ကောင်းကင်အထက် မီတာထောင်နှင့်ချီ မြင့်မားသော နေရာတွင် တိုက်ခိုက် နေကြသော်လည်း သူတို့၏ တိုက်ခိုက်မှုမှ ထွက်ပေါ်လာသော စွမ်းအင်လှိုင်း

အကြွင်းအကျန်ကြောင့် သိုင်းပညာမုဆိုးကောလိပ် တစ်ခုလုံး တုန်ခါနေသည်။

စွမ်းအင် လှိုင်းလုံးကြီးများသည် တိုင်ဖွန်း မုန်တိုင်းကဲ့သို့ မြေပြင်ကို ဖြတ်ကျော်ပြီး သစ်ပင်ပေါင်း များစွာကို အမြစ်မှ ဆွဲနုတ်သွား၏။ ကံကောင်းထောက်မစွာဖြင့် ဤကမ္ဘာပေါ်ရှိ အိမ်များသည် ကောင်းမွန်စွာ တည်ဆောက် ထားသည်။ ထိုကဲ့သို့ မဟုတ်ပါက သူတို့ တိုက်ပွဲကြောင့် အိမ်များ ပြိုကျသွားနိုင်သည်။

အနက်ရောင်ဝတ်စုံ ဝတ်ထားသော ခေါင်းဆောင်သည် သူ့ခန္ဓာကိုယ်ထဲတွင် တစ်ခုခု မှားယွင်းနေကြောင်း သတိ မထားမိသော်လည်း လုမင်နှင့် တိုက်ခိုက်နေရင်း စိတ်ထဲ အတွေးတစ်ခု ပေါ်လာသည်။

(ဒီနေ့ လင်းဟွမ်က သိုင်းပညာမုဆိုး ကောလိပ်မှာမရှိဘူး။ နောက်တစ်ကြိမ် ပြန်လာပြီးပဲ ဖမ်းရတော့မယ်။ ဒီခွေးကောင် လုမင်ကလည်း ငါ ထင်ထားတာထက် အများကြီး ပို အစွမ်း ထက်နေတယ်။ သူ့ကို သတ်ဖို့လည်း ခက်တယ်။

အချိန်လည်း ခဏလေးပဲရတော့ မွန်းစတား အလုံးအရင်း ကျူးကျော်မှု မရှိတော့ရင် တခြား အင်ပါယာအဆင့်တွေလည်း မကြာခင် ရောက်လာတော့မယ်။ အခုအချိန်လောက်ဆို လောကျိုး နဲ့ ကျန်တဲ့လူတွေလည်း တော်တော် ဝေးဝေး ရောက်နေလောက်ပြီ။ ကဲ ထွက်သွားဖို့ အချိန်တန်ပြီ’

အနက်ရောင်ဝတ်စုံဝတ် ခေါင်းဆောင် နောက်ပြန်ဆုတ်ရန် တွေးတောနေစဉ် အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"လုမင်၊ နောက်ဆုံးတော့ မင်းလည်း အင်ပါယာအဆင့် ရောက်သွားပြီပဲ။ မင်း ဒီအဆင့်ကို တသက်လုံး မရောက်ဘူးလို့ ငါက ထင်နေတာ"

အနက်ရောင်ဝတ်စုံဝတ် ခေါင်းဆောင် လှည့်ကြည့်လိုက်လျှင် ကလေးကလားဆန်သော အဖိုးအို တစ်ယောက်နှင့် ဗလတောင့်တင်းသော လူလတ်ပိုင်း အမျိုးသားတစ်ယောက် သူ့နောက်တွင် ပေါ်လာသည်ကို မြင်လိုက်ရသည်။

"လီ မိသားစုလား.."

ထိုလူနှစ်ယောက်ကို မှတ်မိလိုက်သဖြင့် မျက်လုံး မှေးသွားသည်။

“လီအဘိုးကြီး။ မင်း အသက် ရှင်နေသေးတာလား။ မင်းကို မတွေ့တာ နှစ်ပေါင်း တော်တော် ကြာနေလို့ မင်း သေသွားပြီလို့ အဖြူရောင်မြို့တော်က လူတော်တော်များများက ထင်နေကြတာ”

လုမင်က အဘိုးအိုကို ပြုံးပြီး ပြန်ပြောလိုက်ရာ

“အဓိပ္ပါယ် မရှိတဲ့ ပေါက်တတ်ကရတွေ။ မင်းပဲ သွားသေလိုက် ငါတော့ မသေဘူးဟေ့”

လီအဘိုးကြီး ဟုခေါ်သော ပိန်ပိန်ပါးပါး အဘိုးကြီးက ပြန်အော်သည်။

"မင်းတို့တွေ တော်တော် ပျော်နေလား။ ငါတော့ သွားပြီ"

အနက်ရောင် ဝတ်စုံ ဝတ်ထားသော ခေါင်းဆောင်က ဒီအခွင့်အရေးကို ယူပြီး ထွက်ပြေးသွားသည်။

"မင်း ဘယ်သွားမလို့လဲ"

လီ အဘိုးအိုအနီးတွင် ရှိနေသော ဗလတောင့်တင်းသည့် လူလတ်ပိုင်း အမျိုးသားက အနက်ရောင်ဝတ် ခေါင်းဆောင်ကို သူ၏ ကြီးမားသောလက်ကြီးဖြင့် လှမ်းဖမ်းလိုက်၏။

ဝတ်စုံနက် ခေါင်းဆောင်က ထိုလူ ကြောက်လန့်စေရန် ဓါးနှင့် ခုတ်လိုက်သော်လည်း လုမင်က ဝတ်ရုံနက်ခေါင်းဆောင်၏ ဓါးကို တားဆီးပိတ်ဆို့ လိုက်သည်။

"လီ အဘိုးကြီးရေ။ ငါနဲ့ပေါင်းပြီး တိုက်စမ်းပါ။ ဒီကောင်က ဒါတွေအားလုံးကို နောက်ကွယ်က

ကြိုးကိုင်နေတဲ့ လက်မည်းကြီး ဖြစ်နိုင်တယ်။ သူ့ကို အတူတူ ဝိုင်းသတ်ကြစို့။ ပြီးမှ ဦးနှောက်ထဲက အချက်အလက်တွေ ထုတ်စစ်ရမယ်”

လုမင်က လီအဘိုးအိုကို လှမ်းအော်လိုက်သည်။ ဝတ်စုံနက် ခေါင်းဆောင်က မည်သူလဲဆိုသည်ကို သိသည့်အတွက် ပြောလိုက်ခြင်း မဟုတ်ပဲ ဝတ်စုံနက်ခေါင်းဆောင်က လင်းဟွမ်ကို ဖမ်းခေါ် သွားချင်သောကြောင့် ပြောလိုက်ခြင်းပင်။

သူသည် မစ္စတာဖူး၏ နံပါတ်တစ် အမာခံပရိသတ် ဖြစ်နေသောကြောင့် လင်းဟွမ်ကို

ကောင်းကောင်းမွန်မွန် ဂရုစိုက် ခဲ့သည်။ ဝတ်စုံနက်ဝတ် အမျိုးသားကို ယခု တစ်ကြိမ် လွှတ်ပေးလိုက်ပါက လင်းဟွမ်ကို ဖမ်းဆီးရန်အတွက် နောက်တစ်ကြိမ် ပြန်လာနိုင်သည်။ ထို့ကြောင့် လီအဘိုးအိုနှင့် ပူးပေါင်း၍ ဝတ်စုံနက် ခေါင်းဆောင်ကို သတ်ပစ်ရန် ကြိုးစားနေခြင်းပင်။

"ဒါက အနိုင်ကျင့်သလိုတော့ ဖြစ်သား။ ဒါပေမယ့် မင်းကလည်း ဝပ်ကျင်းစခန်းကို ခြိမ်းခြောက်ဖို့ မွန်းစတားအုပ်ကြီး ခေါ်လာတော့ အကျင့်စာရိတ္တတွေ၊

ကျင့်ဝတ်တွေ ပြောနေစရာ မလိုတော့ဘူး ထင်တယ်..”

ထို့နောက် လီအဘိုးအိုက တိုက်ပွဲထဲ ပူးပေါင်းပါဝင်လာပြီး ဝတ်စုံနက် ခေါင်းဆောင်၏ လမ်းကြောင်းကို ပိတ်ဆို့လိုက်သည်။

ဝတ်စုံနက် ခေါင်းဆောင်သည် အင်ပါယာအဆင့် လူများက ဂုဏ်ယူဝင့်ကြွားတတ်ပြီး မည်သူနှင့်မျှ လက်တွဲ၍ မလုပ်တတ်သောကြောင့် သူတို့ သုံးယောက်က အတူတူပူးပေါင်း၍ လုပ်ဆောင်လာလိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။

အခွင့်ကောင်းယူပြီး ထွက်ပြေးလွတ်မြောက်နိုင်လိမ့်မည်ဟု ထင်ထားခဲ့သော်လည်း သူတို့ သုံးယောက်က ထွက်လမ်း ပိတ်ဆို့ရန် အတူတကွ လုပ်ဆောင် လာကြသည်။

"ဒါဆိုရင် အဖြူရောင်မြို့တော်မှာ ရှိတဲ့ အင်ပါယာအဆင့် လူတွေက အဖွဲ့လိုက် အနိုင်ကျင့်တတ်တာပေါ့.."

ဝတ်စုံနက်ဝတ် ခေါင်းဆောင်က လှောင်ပြောင်လိုက်သည်။

"ဟုတ်တယ်.. ငါတို့ ဒါမျိုးလုပ်တယ်"

လီအဘိုးအိုက ရယ်မောရင်း ဝတ်စုံနက်ဝတ် ခေါင်းဆောင်၏ မျက်နှာကို သူ့ဓါးနှင့် လျှပ်စီး အလား လျင်မြန်စွာ ခုတ်ချလိုက်သည်။

ဝတ်စုံနက်ဝတ် ခေါင်းဆောင်သည် သူ့မျက်နှာထံ တိုးဝင်လာသောဓါးကို သူ့ဓါးနှင့် ပြန် ပက်ထုတ် လိုက်သည်။ ထိုအချိန်တွင် လုမင်က ဝတ်စုံနက်ဝတ် ခေါင်းဆောင်၏ လည်ပင်းကို သူ့ဓါးနှင့် တိတ်တဆိတ် ပိုင်းလိုက်သည်။ ဝတ်စုံနက်ဝတ် ခေါင်းဆောင်က ဤတိုက်ခိုက်မှုကို သူ့လက်နှင့် တားဆီးရန် အချိန် မရှိလောက်အောင်ပင် လျင်မြန် လွန်းသည်။

ထို့နောက် လက်ဝဲလက်မှ ဝတ်ရုံကို ဆန့်ထုတ်ကာ ခန္ဓာကိုယ် တစ်ခြမ်းတွင် ရွှေရောင်စက်ဝိုင်းများ ဖွဲ့စည်းလာသည်။ ရွှေရောင်စက်ဝိုင်းသည် အက်ကွဲသွားသော်လည်း ဓါးနှင့် တိုက်ခိုက်မှုကို တားဆီးနိုင်ခဲ့သည်။

ထိုစဉ် ဗလတောင့်တင်းသော လူလတ်ပိုင်းအမျိုးသားက အနက်ရောင်ဝတ်စုံဝတ် ခေါင်းဆောင်၏ ဘယ်ဘက်ရင်အုံကို လက်သီးနှင့် ထိုးလိုက်သည်။ သို့သော်လည်း ဝတ်စုံနက်ဝတ် ခေါင်းဆောင်က သူ့ဓါးကို အချိန်မီ ခုတ်ချနိုင်ခဲ့သည်။

ဓားနှင့်လက်သီး ထိမိ သွားသောအခါ ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာကာ ဝတ်စုံနက်ဝတ် ခေါင်းဆောင်သည် သူတို့ သုံးယောက်၏ တိုက်ခိုက်မှုကို ခုခံ ကာကွယ်နိုင်ခဲ့သည်။

လင်းဟွမ်သည် သူတို့၏ လှုပ်ရှားမှုကို လိုက်မမီသော်လည်း အနက်ရောင် ဝတ်စုံဝတ် ခေါင်းဆောင်က ရှုံးနိမ့်သည့် ဘက်ခြမ်းတွင် မရှိသေးကြောင်း ပြောနိုင်သည်။

“သုံးယောက် ပေါင်းပြီး တိုက်ခိုက်တာတောင် မနိုင်ဘူးလား။ အရမ်း တော်တာပဲ”

အနက်ရောင် ဝတ်စုံဝတ် ခေါင်းဆောင်သည် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း သို့မဟုတ် မျက်နှာအမှတ်အသား အလုပ်ရုံ၏ ထိပ်တန်း ခေါင်းဆောင်တစ်ယောက် ဖြစ်ရလိမ့်မည်။ ထိုကဲ့သို့ မဟုတ်ပါက အင်မော်တယ်အဆင့် လူသုံးယောက်၏ တပြိုင်နက်တည်း တိုက်ခိုက်မှုကို ခုခံကာကွယ်ရန် မဖြစ်နိုင်ပေ။ ထိုအချက်မှာ သေချာသည်။ ထိုနေရာ၌

ဟုတ်ကျန်း သာဖြစ်ခဲ့ပါက ယခုအချိန်တွင် သေဆုံးသွားပေလိမ့်မည်။

"သူလည်း ဓါးတစ်ချောင်း သုံးနေတာပဲ.."

လင်းဟွမ်စိတ်ထဲ အကြံတစ်ခု ပေါ်လာပြီး လက်ထဲတွင် ကတ်တစ်ကတ် ပေါ်လာသည်။

"ခိုးယူခြင်း ကတ်"

"လုပ်ဆောင်ချက် ကတ်ကို အသက်သွင်းလိုက်တာနဲ့ ပစ်မှတ်ဆီက စွမ်းရည်တစ်ခုကို ကိုယ်ပိုင်အရာ ဖြစ်အောင် ပြုလုပ်နိုင်တယ်"

"မှတ်ချက် (၁) - ပစ်မှတ်က ဘယ်လို သက်ရှိဖြစ်ပါစေ အသုံးပြုနိုင်တယ်"

"မှတ်ချက် (၂) - ပစ်မှတ်က အသုံးပြုသူရဲ့ မြင်ကွင်းထဲမှာ ရှိနေရမယ်"

"မှတ်ချက် (၃) - ကတ်ရဲ့ အကျိုးသက်ရောက်မှုက ပြီးပြည့်စုံတဲ့ နတ်ဘုရားဦးခေါင်း ပိုင်ဆိုင်တဲ့ သက်ရှိတွေ အပေါ်မှာ အသုံးမဝင်ဘူး"

"မှတ်ချက် (၄) - သက်ရှိတိုင်းကို တစ်ကြိမ်ပဲ အသုံးပြုနိုင်တယ်"

"မှတ်ချက် (၅) - တကယ်လို့ မွန်းစတား စွမ်းရည်ကို ခိုးယူပါက မွန်းစတား စွမ်းရည် နေရာလွတ်တစ်ခု အသုံးပြုရမယ်။ ဒါကြောင့် နေရာလွတ်တစ်ခု ရှိနေရမယ်။ အဲ့ဒီလို မဟုတ်ရင် ကတ်ရဲ့လုပ်ဆောင်ချက် ပျက်စီးပြီး ဆုံးရှုံး သွားလိမ့်မယ်"

လင်းဟွမ်သည် အသေးစိတ် ဖော်ပြချက်ကို ဖတ်ကြည့်ပြီးနောက် စပ်ဖြဲဖြဲ အမူအရာနှင့် ပြုံးလိုက်ပြီး ကတ်ကို ချေမွလိုက်သည်။

“ဝတ်စုံနက်ဝတ် ခေါင်းဆောင်ရဲ့ စွမ်းရည်ကို ပစ်မှတ်ထားမယ်..”

“ကတ်ကို အသက်သွင်းပြီးပါပြီ”

“ပစ်မှတ်ကို အတည်ပြုလိုက်ပါပြီ”

“စွမ်းရည် ခိုးယူနေပါတယ်”

“စွမ်းရည်ကတ် အသစ် - အနန္တ ခွဲစိတ်ဓါးကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

## အခန်း(၅၅၂) - လုပ်ဆောင်ချက်အသစ် အသက်သွင်းခြင်း။

“စွမ်းရည် ကတ်”

“စွမ်းရည် နာမည် - အနန္တ ခွဲစိတ်ဓါး”

“ရှားပါးမှု အဆင့် - ဒဏ္ဍာရီ အဆင့် (အတုအယောင်)”

“စွမ်းရည် အမျိုးအစား - ဓါး (အထူး)”

“အခြေအနေ - အသက်ဝင်”

"မှတ်ချက် - ဒီစွမ်းရည်က ဆေးဘက်ဆိုင်ရာ ခွဲစိတ်မှုမှာ အဓိက အသုံးပြုတယ်။ တိုက်ပွဲအတွက် မဟုတ်တဲ့ အထူး စွမ်းရည်တစ်ခုပဲ။ သက်ရှိတွေကို ပြုပြင် မွမ်းမံတဲ့နေရာမှာ အသုံးပြုနိုင်တယ်"

"ကတ်မှတ်ချက် - နတ်ဘုရား စွမ်းရည်နဲ့ ယှဉ်နိုင်တယ်"

"ဒဏ္ဍာရီ (အတုအယောင်) အဆင့် စွမ်းရည် ကတ်လား"

ကတ်၏ အသေးစိတ်ဖော်ပြချက်ကို ဖတ်နေရင်း လင်းဟွမ် မျက်လုံးများ တောက်ပလာသည်။

တိုက်ခိုက်ရေး ဓါးစွမ်းရည် မဟုတ်သော်လည်း သက်ရှိများကို အထူးမွမ်းမံသည့် စွမ်းရည်နှင့် ဆေးဘက်ဆိုင်ရာ စွမ်းရည်ကို ပေးစွမ်းသည်။ တွေဝေခြင်းမရှိဘဲ ကတ်ကို ချက်ချင်း ချေမွပြီး စွမ်းရည်ကတ်ကို သူနှင့် ပေါင်းစည်းလိုက်သည်။ လက်ထဲမှကတ် ပျောက်ကွယ်သွားသည့် အချိန်၌ ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ် လာသည်။

"အနန္တ ခွဲစိတ်ဓါး ၊ စွမ်းရည်အသစ်ကို တွေ့ရှိထားပါတယ်။ စနစ်ရဲ့ လုပ်ဆောင်ချက်ကို

ပြုပြင်ဖို့အတွက် အသုံးပြုနိုင်တယ်။ ဒီစွမ်းရည်ကို စနစ်ရဲ့ ပင်မစနစ်က ဖတ်ဖို့အတွက် ခွင့်ပြုချက်ပေးလား”

“ဒီစွမ်းရည်က စနစ်ကို ပြင်ပေးနိုင်တာလား..”

လင်းဟွမ်သည် ရှောင်ဖိန်အပေါ်တွင် အကျိုးသက်ရောက်မှုရှိသော စွမ်းရည်တစ်ခု ဖြစ်ကြောင်း ပထမဦးဆုံးအကြိမ် ကြားဖူးခြင်းပင်။

“ဟုတ်တယ်။ စနစ်က အခြေအနေအားနည်းနေတဲ့ လုပ်ဆောင်ချက်တွေကို ပြန်လည်ရယူနိုင်တဲ့နည်းလမ်း မရှိဘူး။ စနစ်ရဲ့ လုပ်ပိုင်ခွင့်

မြင့်တက်လာတဲ့အချိန် ဒါမှမဟုတ် တခြား ရွှေလက်ချောင်း စနစ်တွေရဲ့ ပင်မအရင်းအမြစ်ကို စုပ်ယူတဲ့အချိန်မှာပဲ စွမ်းရည်အသစ် ရရှိနိုင်ခြေ မြင့်မားတယ်။ ယခုလက်ရှိ အခြေအနေအရတော့ ဒီအထူးစွမ်းရည်က စနစ်ရဲ့ ချို့ယွင်းနေတဲ့ အားနည်းချက်ကို ပြင်ပေးနိုင်တယ်”

“စနစ်က မွန်းမံပြီးရင် လုပ်ဆောင်ချက် အသစ် အသက်ဝင်လာမှာလား”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"ဟုတ်တယ်။ အစောပိုင်းက မင်းသတ်ခဲ့တဲ့ မွန်းစတား အလောင်းတွေကို ငါ လေ့လာပြီးပြီ။ ဒါပေမယ့် အချက်အလက်တွေ လိုသေးလို့ လုပ်ဆောင်ချက် အသစ်တွေ အသက်သွင်းဖို့အတွက် မစွမ်းဆောင်နိုင်သေးဘူး။ အခုလက်ရှိ မင်းရထားတဲ့ စွမ်းရည် ကုထုံးတစ်ခုလိုပဲ။ တိုက်စစ်ဆေးလို့ လိုနေတဲ့ အချက်အလက်တွေ ဒါမှမဟုတ် လိုအပ်နေတဲ့ အစိတ်အပိုင်းတွေ ပါလာရင် သူ့အလိုလို ထွက်လိမ့်မယ်။ ဒါပေမယ့် နှစ်ချီပြီး ကြာနိုင်တယ်"

"ကောင်းပြီလေ.. စနစ်အတွက် စွမ်းရည်ကို အသုံးပြုခွင့်ပေးတယ်.."

လင်းဟွမ်သည် ရှောင်ဖိန်၏ ရှင်းပြချက်ကို ကြားပြီးနောက် တွေဝေခြင်းမရှိဘဲ ခွင့်ပြုလိုက်သည်။ ရှောင်ဖိန်က လုပ်ဆောင်ချက် အသစ်ကို နောက်ဆုံးအကြိမ် ဖွင့်ခဲ့သည်မှာ တော်တော်လေး ကြာခဲ့ပြီ။

လွန်ခဲ့သော နှစ်လက လင်းဟွမ်သည် သန့်ရှင်းမီးလျှံအဆင့်ထိ မြှင့်တင်ခဲ့၍ ရှောင်ဖိန်ထံမှ ရရှိသော အရာအားလုံးမှာ ခွင့်ပြုချက် အတွင်းမှ

အဆင့်မြှင့် တင်ခဲ့ခြင်းဖြစ်ပြီး လုပ်ဆောင်ချက်အသစ်များ အသက်ဝင်လာခြင်း မရှိပေ။

"ခွင့်ပြုချက် ရရှိသွားပါပြီ." အနန္တခွဲ စိတ်ဓါးရဲ့အဓိက အချက်အလက်တွေကို ဖတ်ရှုနေပါပြီ။"

" ဖတ်ရှုခြင်း ပြီးဆုံးသွားပါပြီ"

ရှောင်ဖိန်သည် အချက်အလက်များကို ဖတ်ပြီးနောက် တိတ်ဆိတ်သွားသည်။

လင်းဟွမ်သည် ထပ်မံ တိုက်တွန်းခြင်း မရှိဘဲ ကောင်းကင်ပေါ်မှ အင်ပါယာအဆင့် လေးယောက်၏

တိုက်ပွဲကို စောင့်ကြည့်ရင်း စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။ သုံးမိနစ်၊ လေးမိနစ်ခန့် ကြာသောအခါမှ ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"လုပ်ဆောင်ချက်အသစ် - မွန်းစတားကတ် ပေါင်းစည်းမှု အသက်ဝင်လာတဲ့အတွက် ဂုဏ်ပြုပါတယ်"

"မွန်းစတားကတ် ပေါင်းစည်းခြင်း ဟုတ်လား.."

လင်းဟွမ်သည် ဤလုပ်ဆောင်ချက် အသစ်က မည်ကဲ့သို့ လုပ်ဆောင်လဲဆိုသည်ကို သိရှိရန် မစောင့်နိုင်တော့ချေ။

"မွန်းစတားကတ် ပေါင်းစည်းမှုက နည်းလမ်းနှစ်မျိုး ရှိတယ်။ ယာယီ ပေါင်းစည်းမှုနဲ့ အမြဲတမ်း ပေါင်းစည်းမှု ပဲ"

"ယာယီပေါင်းစည်းမှုက ရှားပါးမှုအဆင့်ခြင်း တူပြီး တိုက်ခိုက်ရေး အဆင့်ချင်း တူတဲ့ မွန်းစတားနှစ်ကောင် ဒါမှမဟုတ် ဒီထက်ပိုများတဲ့ မွန်းစတားတွေကို ပေါင်းစပ်နိုင်တယ်။ ပေါင်းစပ်မှု

ပြီးသွားရင် မွန်းစတားရဲ့ တိုက်ခိုက်ရေး အဆင့်က ယာယီ မြင့်တက်လာနိုင်တဲ့ အလားအလာ ရှိတယ်။ မင်းအတွက် တိုက်ပွဲ ဝင်ပေးဖို့အတွက် ရှားပါးမှုအဆင့် မြင့်ပြီး တိုက်ခိုက်ရေး အဆင့်မြင့်တဲ့ မွန်းစတားတစ်ကောင် ရလာလိမ့်မယ်”

“ပေါင်းစပ်ခြင်းရဲ့ အကျိုးသက်ရောက်မှုက မွန်းစတားရဲ့ သွေးမျိုးဆက်အပေါ်မှာ မူတည်တယ်။ သွေးမျိုးဆက်တူညီမှု မြင့်မားလေလေ ပေါင်းစည်းမှု အကျိုးသက်ရောက်မှုက ပိုကောင်းလေလေပဲ”

“ပေါင်းစပ်တဲ့ အချိန်ကာလက မွန်းစတားအချင်းချင်း သဟဇာတ ဖြစ်မှုအပေါ်မှာ မူတည်တယ်။ သဟဇာတ ပိုဖြစ်လေလေ ပေါင်းစည်းတဲ့ အချိန်က ပိုကြာလေလေပဲ”

“သဘောတရား အရကတော့ ပေါင်းစည်းမှုမှာ ပါဝင်တဲ့ မွန်းစတားအရေအတွက် ပိုများလာတာနဲ့အမျှ မွန်းစတားက ပို အားကောင်းလာမှာပဲ။ ဒါပေမယ့် ပေါင်းစပ်မှုထဲမှာ သွေးမျိုးဆက် ပိုမြင့်တဲ့ မွန်းစတား

တစ်ကောင်ပါနေရင်တော့ ကျရှုံးနိုင်တဲ့ အလားအလာ ပိုများတယ်။”

“ပေါင်းစည်းမှုမှာ ပါဝင်တဲ့ မွန်းစတားတွေကို ပေါင်းစပ်မှုကာလ ပြီးဆုံးသွားရင် မတူညီတဲ့ နည်းလမ်းတွေနဲ့ ချိတ်ပိတ်ထားမယ်။ ဆင့်ခေါ်လို့ မရဘူး။ ချိတ်ပိတ်ထားမယ့် အချိန်က တစ်ရက်ကနေ ဆယ်ရက်လောက်အထိ ကြာမြင့် နိုင်တယ်။ ဒါမှမဟုတ် ပိုကြာတာလည်း ဖြစ်နိုင်တယ်။ ပေါင်းစပ်ခြင်း အကျိုးသက်ရောက် ပိုမြင့်ရင် ချိတ်ပိတ်ထားတဲ့ အချိန်က ပိုကြာလိမ့်မယ်။

ပေါင်းစည်းမှု မအောင်မြင်ရင်တော့ ပေါင်းစည်းမှုမှာ ပါဝင်တဲ့ မွန်းစတားတွေကို ချိတ်ပိတ်မှာ မဟုတ်ဘူး”

…….

“အမြဲတမ်း ပေါင်းစည်းမှုက ရှားပါးမှု အဆင့်တူတဲ့ မွန်းစတားဆယ်ကောင်ကို အသုံးပြုရမယ်။ အဲ့ဒီ မွန်းစတားတွေရဲ့ အမျိုးအစားနဲ့ တိုက်ခိုက်ရေး အဆင့်တွေကို မကန့်သတ်ထားဘူး။ ပေါင်းစပ်မှုမှာ ပါဝင်တဲ့ မွန်းစတားကတ်က ထာဝရ ပျောက်ကွယ်သွားပြီး အသစ်ပေါင်းစပ်ထားတဲ့

သက်ရှိအသစ် ထွက်ပေါ်လာလိမ့်မယ်။ သွေးမျိုးဆက် တူလေလေ ပေါင်းစပ်မှု အောင်မြင်နှုန်း ပိုများလေလေပဲ။ ရှားပါးမှု အဆင့်မြင့်လေလေ ပေါင်းစပ်မှု အောင်မြင်နှုန်း နိမ့်လေလေပဲ။ ပေါင်းစပ်မှု အောင်မြင်နှုန်းကို အောက်မှာ ဖော်ပြထားတယ်”

“ရှားပါးမှု အဆင့် - (ပုံမှန်) - ပေါင်းစပ်မှု အောင်မြင်နှုန်း - ၅၀ %”

“ရှားပါးမှု အဆင့် - (မော်ကွန်း) - ပေါင်းစပ်မှု အောင်မြင်နှုန်း - ၁၀ %”

"ရှားပါးမှုအဆင့် - (ဂန္တဝင်) - ပေါင်းစပ်မှု အောင်မြင်နှုန်း - ၁ %"

"ဒဏ္ဍာရီကနေ နတ်ဘုရားအဆင့်ထိ ပေါင်းစပ်မယ်ဆိုရင်တော့ အောင်မြင်မှုနှုန်းက ကျပန်း ဖြစ်လိမ့်မယ်"

........

လင်းဟွမ်က ရှောင်ဖိန်၏ လုပ်ဆောင်ချက်အသစ်ကို ဖတ်နေရင်း သူ့ထံတွင် သာမန် အဖြူရောင်ကတ်များ အပြင် ရှားပါးအဆင့် မွန်းစတားကတ်နှစ်ခု ရှိသေးကြောင်း ပြန်သတိ

ရသွားသည်။ သန့်ရှင်းမီးလှုံအဆင့် မြှင့်တင်ပြီးနောက် ထိုမွန်းစတား ကတ်များသည် သာမန်နှင့် ရှားပါး အဆင့်များသာ ဖြစ်သောကြောင့် အသုံး မဝင်တော့ချေ။

အမှန်တကယ်ဆို ထူးဆန်းသော အကြောင်းအရင်း တစ်ခုခုကြောင့် သန့်ရှင်းမီးလှုံအဆင့် ရောက်လာသည့် မွန်းစတားများတွင် သန္ဓေတစ်ပြောင်း သို့မဟုတ် တစ်ကြိမ်တောင် သန္ဓေမပြောင်းဖူးသော မွန်းစတားများ မရှိသလောက်ပင်။ သို့သော်လည်း လင်းဟွမ်

ပိုင်ဆိုင်သော ရှားပါးနှင့် ပုံမှန်အဆင့် မွန်းစတားကတ်များမှာ ရွှေအဆင့် (၃) သို့ ရောက်သောအခါ ရပ်တန့်သွားသည်။

ရှောင်ဖိန်က ဤဖြစ်စဉ်နှင့် ပက်သက်၍ ယခင်က ရှင်းပြခဲ့ဖူးသည်။

"သာမန်အဆင့်နဲ့ ရှားပါး အဆင့် မွန်းစတားတွေက သန့်ရှင်း မီးလျှံအဆင့် ရောက်လာနိုင်တဲ့ ဖြစ်နိုင်ချေ နည်းတယ်။ သူတို့က စနစ်သတ်မှတ်ထားတဲ့ စံနှုန်း သတ်မှတ်ချက်ထက် အများကြီး နိမ့်ပါးတယ်။ အောင်မြင်အောင်

လုပ်နိုင်တဲ့ ရာခိုင်နှုန်းက နည်းပါးလို့ အဆင့်မြှင့် တင်နိုင်တဲ့ နည်းလမ်းကနေ ဖယ်ရှားထားတယ်”

“တကယ်လို့ မင်းက သာလွန်အဆင့် သန္ဓေမ ပြောင်းရသေးတဲ့ မွန်းစတား ဒါမှမဟုတ် သန္ဓေ တစ်ကြိမ်သာ ပြောင်းရသေးတဲ့ မွန်းစတားတွေကို သတ်ပစ်လိုက်လို့ ကတ်အပြည့်အစုံ ရလာခဲ့ရင် တခြား မွန်းစတားကတ်တွေနဲ့ အတူတူပဲ။ ဒါပေမယ့် အဲ့ဒီ မွန်းစတားက အဲ့ဒီအဆင့်မှာပဲ ရှိနေလိမ့်မယ်။ အင်မော်တယ်အဆင့်ဆိုရင် အင်မော်တယ် အဆင့်(၉)ထိပဲ အဆင့်မြှင့်တက် နိုင်လိမ့်မယ်”

လင်းဟွမ်သည် အမြဲတမ်း ပေါင်းစပ်ခြင်းနှင့် ယှဉ်လျှင် တိုက်ပွဲတွင် အကောင်းဆုံးဖြစ်သည့် ယာယီပေါင်းစပ်ခြင်း အကျိုး သက်ရောက်မှုကိုသာ ပိုစိတ်ဝင်စားသည်။ အကယ်၍ ရန်သူနှင့် မတိုက်ခိုက်နိုင်ပါက သူ့အတွက် တိုက်ပွဲ ဝင်ပေးနိုင်သည့် အစွမ်းထက် ပေါင်းစပ်မွန်းစတား တစ်ကောင် ဆင့်ခေါ်နိုင်သည်။

ထိုစဉ် ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး နေရာအနှံ့ ပျံ့နှံ့သွားသောကြောင့် အတွေးများ ပြတ်တောက် သွားသည်။

ကောင်းကင်ပေါ် မော့ကြည့်လိုက်ရာ မျက်လုံးရှေ့မှ မြင်ကွင်းကြောင့် တုန်လှုပ်သွားသည်။

အနက်ရောင် ဝတ်စုံဝတ် ခေါင်းဆောင်၏ ခေါင်းပေါ်တွင် ရောမ ရွှေနန်းတော်ကြီးတစ်ခု ပေါ်လာသည်။ ရွှေနန်းတော်တံခါး ပွင့်လာပြီး ခေါင်းမပါသော ခန္ဓာကိုယ်က လက်ထဲတွင် အသွားတပ် လှံရှည်ပုဆိန် ကိုင်ပြီးထွက်လာသည်။

"သေနေတဲ့ နတ်ဘုရားတစ်ပိုင်း ခန္ဓာကိုယ်လား.."

လင်းဟွမ်နှင့် ကျန်သည့်လူများသည် ဦးခေါင်း မပါသော ခန္ဓာကိုယ်ကို မြင်လိုက်လျှင် ထိတ်လန့်

သွားကြသည်။ ထိုအလောင်းကောင်သည် ကောင်းကင်ပေါ်တွင် အနက်ရောင် အမာရွတ်ကဲ့သို့ အပေါက်ကြီးတစ်ခု ဖြစ်လာအောင် ၎င်း၏ လုံ့ပုဆိန်ကို ပစ်လွှတ်လိုက်သည်။

လုမင်နှင့် ကျန်သည့်လူများသည် မရှောင်ဘဲ မနေဝံ့ကြပေ။ ထို့အပြင် သူတို့က တိုက်ခိုက်မှုကို တားဆီးလိုက်လျှင် အဖြူရောင်မြို့တော် တစ်ဝက်ခန့် ပျက်စီးသွားလိမ့်မည်။

အနီရောင် အလင်းများသည် တစ်ဆယ်ကီလိုမီတာ အတွင်းက သူတို့သုံးယောက်ကို ဖမ်းယူသွားသည်။

ဝတ်စုံနက် ခေါင်းဆောင်က အေးစက်စက် နှာတစ်ချက် မှုတ်လိုက်ပြီး သူတို့နှင့် ဆက်လက် မတိုက်ခိုက်တော့ပေ။ ထို့နောက် ကံကြမ္မာနန်းတော်ကို သိမ်းပြီး ထွက်သွားရန် လုပ်လိုက်သည်။

ထိုစဉ် လင်းဟွမ် လက်ထဲတွင် ရွှေရောင်ကတ်တစ်ခု ပေါ်လာပြီး လင်းဟွမ်က ကတ်ကို ချေမွကာ ရောင်ဖိန်ကို ညွှန်ကြား လိုက်သည်။

"လုယူခြင်းကတ်ကို အသက်သွင်းပြီး အဲ့ဒီဝတ်ရုံနက်ကို ပစ်မှတ်ထားလိုက်"

## အခန်း(၅၅၃) - များပြားလှသော လုယက်မှု။

"လုယက်ခြင်း ကတ်"

"လုပ်ဆောင်ချက် - ကတ်ကို အသက်သွင်းပြီးတာနဲ့ ပစ်မှတ်ဆီကနေ ပစ္စည်းသုံးခုကို ကျပန်း ခိုးယူလိမ့်မယ်"

"မှတ်ချက် (၁) - ပစ်မှတ်က ဘယ်လို သက်ရှိပဲဖြစ်ပါစေ အသုံးပြုနိုင်တယ်"

"မှတ်ချက် (၂) - ပစ်မှတ်က အသုံးပြုသူရဲ့ မြင်ကွင်းထဲမှာ ရှိနေရမယ်"

"မှတ်ချက် (၃) - ပစ်မှတ်နဲ့ မသက်ဆိုင်တဲ့ ပစ္စည်းတွေကို ခိုးယူလို့ မရဘူး"

"မှတ်ချက် (၄) - ကတ်ကို ပစ်မှတ် တစ်ယောက်တည်း အပေါ်မှာ သုံးကြိမ်ပဲ အသုံးပြုနိုင်တယ်။ အသုံးပြုတဲ့အချိန်က တစ်ကြိမ်နဲ့ တစ်ကြိမ် (၂၄) နာရီထက် ပိုဝေးရမယ်"

"မှတ်ချက် (၅) - ကတ်က နတ်ဘုရားအဆင့် အသုံးအဆောင်ပစ္စည်းနဲ့ ကိုယ်ပိုင် အသိစိတ်ရှိတဲ့ ပစ္စည်းတွေပေါ်မှာ အသုံးမပြုနိုင်ဘူး"

"မှတ်ချက် (၆) - ပြီးပြည့်စုံတဲ့ နတ်ဘုရားဦးခေါင်းရှိတဲ့ သက်ရှိတွေကို ပစ်မှတ်ထားလို့ မရဘူး"

.......

လင်းဟွမ်သည် ထွက်သွားရန် လုပ်နေသည့် အနက်ရောင်ဝတ်စုံဝတ် ခေါင်းဆောင်ကို

မြင်လိုက်လျှင် နှစ်ခါပြန်မစဉ်းစားဘဲ ခိုးယူခြင်း ကတ်ကို အသက်သွင်းလိုက်သည်။

"ကတ်ကို အသက်သွင်းပြီးပါပြီ။ ပစ်မှတ် သတ်မှတ်ပြီးပြီး"

"လုယူခြင်း လုပ်ငန်းစဉ် လုပ်ဆောင် နေပါပြီ"

ရှောင်ဖိန် စကားပြောနေစဉ် ကောင်းကင်မှ အဖြူရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။ အနက်ရောင် ဝတ်စုံဝတ် ခေါင်းဆောင်၊ ကံကြမ္မာနန်းတော်နှင့် ဦးခေါင်းမရှိသော အလောင်း အပါအဝင် အားလုံးကို ချိန်ရွယ်ထားသည်။

အနက်ရောင် ဝတ်စုံဝတ်ထားသော ခေါင်းဆောင်သည် ရှောင်တိမ်းရန် ကြိုးစားခဲ့သော်လည်း လုံးဝ မရှောင်နိုင်ခဲ့ပေ။ လှုပ်ရှားမှုများ ရပ်တန့်သွားသလိုပင်။

ထို့နောက် လက်ထဲတွင် လှံပုဆိန် ကိုင်ဆောင်ထားသော ခေါင်းမပါသည့် အလောင်းမှာ အနီရောင် တောက်ပလာပြီး ကျုံ့သွားကာ အဖြူရောင် အလင်းတန်းတစ်ခု အဖြစ် ကောင်ကင်းပေါ် ပျံတက်သွားသည်။

တစ်ချိန်တည်းမှာပင် ဝတ်စုံနက် ခေါင်းဆောင်၏ လက်ထဲမှဓါးနှင့် အနက်ရောင် ချပ်ဝတ်တန်ဆာကို အတင်းအကျပ် သိမ်းယူသွားသည်။ ထို့နောက် ထိုပစ္စည်းနှစ်ခုသည် အနက်ရောင်နှင့် အစိမ်းရောင် အလင်းတန်းများ မှတဆင့် အဖြူရောင် အလင်းတန်းများ အဖြစ် ထပ်မံ ပြောင်းလဲ၍ ကောင်းကင်ပေါ် ပျံသန်းသွား ပြန်သည်။

အလင်းတန်းသုံးခုသည် တိမ်တိုက်ထဲ ဝင်ပြီး ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက်

ကောင်းကင်ပေါ်မှ အဖြူရောင် အလင်းများလည်း ပျောက်ကွယ်သွားသည်။

လင်းဟွမ်၏ နားထဲတွင် ရှောင်ဖိန်၏ သတိပေးချက် ပေါ်လာသည်။

“မင်းရဲ့ ပစ်မှတ်ဆီကနေ နတ်ဘုရား တစ်ပိုင်းအလောင်း၊ လေတိုးသံ(ခါး)နဲ့ အနက်ရောင် ငှက်အမွေး သံချပ်ကာကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

အနက်ရောင် ဝတ်စုံဝတ် ခေါင်းဆောင်သည် အဖြူရောင်အလင်းများ ပျောက်ကွယ်သွားပြီးနောက်

လှုပ်ရှားနိုင်စွမ်း ပြန်လည် ရရှိလာခဲ့သည်။ သို့သော်လည်း တုန်လှုပ်နေပြီး

"ဘာဖြစ်တာလဲ။ နတ်ဘုရားလား"

သူသည် မလှုပ်ရှား နိုင်သော်လည်း အဖြစ်အပျက်များကို မြင်ခဲ့ရသည်။ သူ၏ နတ်ဘုရားတစ်ပိုင်း အလောင်း ရုပ်သေးနှင့် ရှေးဟောင်း ဓါတ်ကြွင်းနှစ်ခုဖြစ်သည့် လေတိုးသံနှင့်အနက်ရောင် ငှက်မွေး သံချပ်ကာတို့ကို တောက်ပသော အဖြူရောင်အလင်းများက သိမ်းယူသွားသည်။

အနက်ရောင်ချပ်ဝတ်တန်ဆာ မရှိတော့သဖြင့် အောက်ခံ အကျႌအဖြူ ပေါ်လာသည်။ ကံကောင်းထောက်မစွာဖြင့် သူ့မျက်နှာ မျက်နှာဖုံး တပ်ထားသောကြောင့် မျက်နှာက မပေါ်ခဲ့ပေ။

သူ၏ အစွမ်းအထက်ဆုံး လက်နက်များ သိမ်းယူခြင်း ခံရသော်လည်း ပြန်တောင်းရန် အစီအစဉ်မရှိပေ။ ကြောက်ရွံ့ထိတ်လန့်နေခြင်းသာ ရှိတော့သည်။ ထို့နောက် နှစ်ခါပြန်မတွေးဘဲ ကံကြမ္မာနန်းတော် သိမ်းပြီး အဝေး ထွက်ပြေးသွားသည်။

“ဟားဟား…. ဒီကောင်က ကြောက်တတ်တဲ့ ကောင်လေးပဲ… ”

လင်းဟွမ်သည် အနက်ရောင်ဝတ်စုံဝတ် ခေါင်းဆောင်က သွေးရူးသွေးတန်း ထွက်ပြေးသွားသည်ကို မြင်လျှင် ကျိတ်၍ လှောင်ပြောင်ရယ်မောလိုက်သည်။

ထိုအချိန်၌ လုမင်နှင့် ကျန်သည့်လူများမှာ သိုင်းပညာ မုဆိုးကောလိပ် အထက် ကောင်းကင်ပေါ်တွင် ဦးခေါင်းမပါသော

အလေ့ာင်း၏ အမဲလိုက်ခြင်းကို ခံခဲ့ရသဖြင့် မျက်နှာ ပျက်နေကြသည်။

ဆယ်ကီလိုမီတာအထိ ဖြာထွက်လာသော အဖြူရောင် အလင်းများကို မြင်ခဲ့ရသော်လည်း ဘာတွေ ဖြစ်ပျက်သွားလဲ ဆိုသည်ကို မသိခဲ့ကြပေ။ သူတို့ အသိစိတ် ပြန်ဝင်လာသောအခါ ဝတ်စုံနက် ခေါင်းဆောင်က လွတ်မြောက်သွားပြီ ဖြစ်သဖြင့် လိုက်ရန် နောက်ကျသွားခဲ့ပြီ။

"လုမင်၊ မင်း အဲ့ဒါကို မြင်လိုက်တယ် မဟုတ်လား"

လီအဘိုးအိုက လေးနက်စွာ မေးလိုက်သည်။

"အဲ့ဒါက တိုက်ပွဲထဲက နတ်ဘုရားတစ်ပိုင်း အလောင်းရုပ်သေးရုပ်ပဲ"

လုမင်က မျက်မှောင်ကြုတ်ရင်း ခေါင်းညိတ်လိုက်သည်။

"သူက အလုံးအရင်းနဲ့ ကျူးကျော်လာတဲ့ မွန်းစတားအုပ်ကြီးကို မောင်းထုတ်ခဲ့တယ်။ သူ့ဆီမှာ အလောင်း ရုပ်သေးရုပ်လည်း ရှိတယ်။ အဲ့ဒီကောင်က ပထမမျိုးစိတ် အကြွင်းအကျန်များ ဖြစ်နေမလား"

လီအဘိုးအိုက မေးလိုက်သဖြင့်

“ငါတော့ မထင်ဘူး။ အရင်က ပထမမျိုးစိတ် (ပရိုတို့စ်) တွေအကြောင်းကို မစွတာဖူးက နည်းနည်းတော့ ပြောဖူးတယ်။ ပရိုတို့စ်တွေနဲ့ မောင်းနှင်တဲ့ ရုပ်သေးက ဒီထက် ပိုကြမ်းတယ်။ ပရိုတို့စ် တစ်ကောင်က တကယ် လုပ်ချင်ရင် အဖြူရောင်မြို့တော် မပြောနဲ့ အဖွဲ့ခွဲ (၇)တစ်ခုလုံး ညတွင်းချင်း ပျက်စီး သွားလိမ့်မယ်။ အလောင်းရုပ်သေးက တိုက်ပွဲ အပျက်အစီးထဲက ရထားတာပဲ ဖြစ်လိမ့်မယ်”

လုမင်က ခေါင်းခါလိုက်သည်။

"ဒါဆိုရင် မစ္စတာဖူးကို ပြောပြီးတော့ ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး သိ၊မသိ မေးကြည့်ပေးမယ်"

လုမင်က ဆက်ပြောလိုက်သည်။

"ဒီကိစ္စပြီးတာနဲ့ မစ္စတာဖူးဆီ အကြောင်းကြားလိုက်မယ်။ မင်းတို့ကောင်တွေ သူ့နောက်ကို လိုက်ဦးမှာလား"

ဗလတောင့်သောလူက

"သူ့နောက် လိုက်လည်း အသုံးမဝင်ဘူး။ သူ့ဆီမှာ အလောင်းရုပ်သေးရုပ် ရှိတော့ တိုက်ခိုက်လို့ အနိုင်မရနိုင်ဘူး။ သူ့အဖော်တွေ နောက်ပဲ လိုက်ရအောင်။ သူတို့ထဲက တစ်ယောက်ယောက်လောက် ဖမ်းနိုင်ရင် အဆင်ပြေတယ်"

လုမင်က ခေါင်းခါလိုက်သည်။

ထို့နောက် သူတို့သုံးယောက်သည် လှူစုခွဲပြီး ထွက်သွားကြသည်။

ဆူညံသံများ ပျောက်ကွယ်သွားသောအခါ လင်းဟွမ်သည် အဆောင်နောက်မှ ပြန်ထွက်လာသည်။ ပျက်စီးနေသော အဆောက်အအုံကို ကြည့်ပြီးနောက် ခေါင်းခါလိုက်ပြီး ခဏအကြာ ကိုင်လီကို ဆင့်ခေါ်လိုက်သည်။

ကိုင်လီသည် အဖြူရောင် အဝတ်အစား ဝတ်ဆင်ထားသော လင်းဟွမ်ကို မြင်လိုက်လျှင် အံ့အား သင့်သွားသည်။ ပုံမှန်အားဖြင့် အေးတိအေးစက် နေတတ်သော ကိုင်လီသည်

ဒီတစ်ကြိမ်တွင် သူမ၏အပြုံးကို မဖုံးကွယ်ထားနိုင်ချေ။

"ငါ့ကို မင်းရဲ့ကမ္ဘာလေးထဲ ခေါ်သွား"

လင်းဟွမ်သည် အတွေးနက်နေသဖြင့် ကိုင်လီ၏ အပြုံးကို သတိမထားလိုက်မိပေ။

ကိုင်လီက လက်ကို ဝှေ့ယမ်းလိုက်ရာ အနက်ရောင်လောဟာနယ် လှိုင်းခေါင်းတစ်ခု ပေါ်လာပြီးနောက် သူတို့နှစ်ယောက် အထဲဝင်သွားကြသည်။

လင်းဟွမ်သည် ကိုင်လီ၏ ကမ္ဘာလေးထဲ ရောက်သည့် အချိန်မှသာ အသွင်ပြောင်းသော ခန္ဓာကိုယ်နှင့် ရှိနေဆဲ ဖြစ်ကြောင်း သတိထားလိုက်မိသည်။ ထို့နောက် လှည့်စားခြင်း အကျိုးသက်ရောက်မှုကို ချက်ချင်းပိတ်ပြီး ပင်ကိုယ်ပုံစံ ပြန်ပြောင်းလိုက်ကာ ပေါင်ကြားထဲ ချက်ချင်း စမ်းကြည့်လိုက်သည်။

"ဟူး... တော်ပါသေးရဲ့။ အဲ့ဒါမရှိရင် ဒုက္ခ ရောက်မှာ"

လင်းဟွမ်သည် စိတ်အေးသွားပြီး သက်ပြင်းချလိုက်သည်။

လင်းဟွမ်သည် လှည့်စားခြင်း အကျိုးအသက်မှုကို ပြန်ရုတ်သိမ်းပြီးနောက် ဘေးထွက်ဆိုးကျိုးမရှိကြောင်း အတည်ပြုလိုက်သည်။ ထို့နောက် အစောပိုင်းက သူ ခိုးယူခဲ့သော ပစ္စည်းများကို ကြည့်လိုက်သည်။

ယခုအခါ ပစ္စည်းသုံးမျိုးက ကတ်ပုံစံဖြစ်နေသဖြင့် ဖော်ပြချက်များကို ဖတ်ကြည့်ရန် ကတ်ပြားများကို ထုတ်ယူလိုက်သည်။

"အသုံးအဆောင် ပစ္စည်းကတ် - လေတိုးသံ"

"အမျိုးအစား - ဓါး"

"ရှားပါးမှု အဆင့် - ရှေးဟောင်း ခေတ်ကြွင်း"

"ပစ္စည်း ဖော်ပြချက် - ဒါက ခွဲစိတ်ဓါး ဒါမှမဟုတ် အစားအသောက်ဖြတ်တဲ့ အရာအဖြစ် အသုံးပြုနိုင်တဲ့ တိုက်ပွဲဝင်ဓါးပဲ"

"အထူး အကျိုးသက်ရောက်မှု - ဟင်းလင်းပြင် ဂုဏ်သတ္တိ ပါတယ်"

"ထပ်တိုး ဂုဏ်သတ္တိ - လှီးဖြတ်ခြင်း"

“ကတ်မှတ်ချက် - ပစ္စည်းကောင်းလေး”

……..

“အသုံးအဆောင် ပစ္စည်းကတ် - အနက်ရောင် ငှက်မွေး ချပ်ဝတ်တန်ဆာ”

“အမျိုးအစား - ကာကွယ်ရေး”

“ပစ္စည်းအဆင့် - ရှေးဟောင်း ခေတ်ကြွင်း”

“ပစ္စည်း ဖော်ပြချက် - ဒီအရာက ချပ်ဝတ်တန်ဆာမျှသာ…။ နောက်ထပ် ဘာတွေ ထပ်မျှော်လင့် နေတာလဲ…”

"အထူး အကျိုးသက်ရောက်မှု - ရွှေ့လျားမှုနှုန်းကို မြှင့်တင်ပေးနိုင်တယ်"

"ထပ်တိုး ဂုဏ်သတ္တိ - အတောင်ပံများ"

"ကတ်မှတ်ချက် - ပစ္စည်း ကောင်းလေး"

.......

"အသုံးအဆောင် ပစ္စည်းကတ် - ရုပ်သေး အလောင်း"

"အမျိုးအစား - ရုပ်သေး"

"ပစ္စည်း အဆင့် - နတ်ဘုရား တစ်ပိုင်း ခေတ်ကြွင်း"

"ပစ္စည်း ဖော်ပြချက် - ဒါက နတ်ဘုရားတစ်ပိုင်းရဲ့ အလောင်းကနေ ပြုလုပ်ထားတဲ့ ရုပ်သေးရုပ်။ ဒါကို အသက်သွင်းဖို့အတွက် စွမ်းရည်ပမာဏ အများကြီး လိုအပ်တယ်။"

"အထူး အကျိုးသက်ရောက်မှု - မရှိဘူး"

"ထပ်တိုး ဂုဏ်သတ္တိ - မရှိဘူး"

"ကတ် မှတ်ချက် - အခုလက်ရှိ မင်းရဲ့ အရည်အချင်းနဲ့ဆို အရမ်းကောင်းတဲ့ အရာပဲ။ ဆိုးကျိုးကတော့ ပိုက်ဆံတွေ မီးရှို့နေသလိုပဲ"

"နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း တစ်ခုနဲ့ ရှေးဟောင်း ခေတ်ကြွင်းနှစ်ခုလား..."

လင်းဟွမ်သည် လုယက်ခြင်းကတ်ကို အသုံးပြု၍ ဤကဲ့သို့ ပစ္စည်းများ ရရှိလာလိမ့်မည်ဟု တစ်ခါမှ စိတ်မကူးခဲ့ပေ။ ဤကဲ့သို့ ရှေ့ဟောင်းခေတ်ကြွင်း ပစ္စည်းများကို တစ်ခါမှ မမြင်ဖူးသော်လည်း ဒါသည်

နတ်ဘုရားတစ်ပိုင်း အဆင့် ခေတ်ကြွင်းတစ်ခု ဖြစ်ကြောင်း သူသိသည်။

တစ်ချိန်တည်းမှာပင် ရှေးဟောင်း ခေတ်ကြွင်းများသည် အင်ပါယာအဆင့် ဘုရင်အဆင့် မွန်းစတားများထံမှ ရရှိလာသော ပစ္စည်းများဖြစ်ပြီး အထွတ်အထိပ် ခေတ်ကြွင်းများထက် များစွာ ပို၍ အစွမ်းထက်သည်။

သဘာဝအတိုင်းပင် လင်းဟွမ်သည် ခေတ်ကြွင်းသုံးခုကို ရရှိခဲ့ခြင်းမှာ ကံကောင်းခြင်းကြောင့် မဟုတ်ဘဲ

အနက်ရောင်ဝတ်စုံ ဝတ်ထားသော ခေါင်းဆောင်က ကံဆိုးခြင်းကတ် ထိမှန်ထားသောကြောင့် ဖြစ်ကြောင်း သိနေသည်။ သူ၏ ကံဆိုးမှုသည် လင်းဟွမ်အတွက် အလှည့်အပြောင်း ဖြစ်စေခဲ့သည်။

"အင်း... ကြည့်ရတာတော့ လုယက်ခြင်းကတ်ကို အသုံးမပြုခင် ကံဆိုးခြင်းကတ်ကို အရင်သုံးရမယ့်ပုံပဲ..."

လင်းဟွမ်သည် သူ့လက်ထဲမှ ကတ်သုံးခုကို စိတ်အားထက်သန်စွာ ကြည့်ပြီးနောက် ကောက်ချက်ချလိုက်သည်။

## အခန်း(၅၅၄) - အတုအယောင် ငြိမ်းချမ်းရေး။

ကိုင်လီ၏ ကမ္ဘာလေးထဲမှ ထွက်လာခဲ့ပြီး နောက်တစ်နေ့.....

လင်းဟွမ်သည် ပရမ်းပတာ အခြေအနေများ ပြီးဆုံးသွားပြီလား ဆိုသည်ကို မသိသော်လည်း အနည်းဆုံးတော့ ကျယ်လောင်သော ပေါက်ကွဲသံများ မကြားတော့သဖြင့် အနီးအနား နေရာများမှာ လုံခြုံသွားပြီ ဖြစ်ကြောင်း သိလိုက်သည်။

မြေပုံကြီးကို ကြည့်ပြီးနောက် အိမ်ပိုင်ရှင်များ အတွက် စိတ်မကောင်း ဖြစ်နေမိသည်။ သို့သော်လည်း လုယက်ခြင်းကတ်ကို အသက်သွင်းရုံဖြင့် အနက်ရောင်ဝတ်စုံဝတ် ခေါင်းဆောင်ထံမှ ရရှိခဲ့သော ပစ္စည်း သုံးမျိုးအကြောင်းကို ပြန်တွေးရင်း စိတ်အခြေအနေ ပိုမို ကောင်းမွန်လာခဲ့သည်။

"စိတ်ထဲမထားတော့ဘူး။ ဘာပဲဖြစ်ဖြစ် ငါ့မှာ မျှော်လင့်ချက်တွေ ရှိသေးတယ်။"

မနက် ငါးနာရီခွဲခန့်တွင် လင်းဟွမ်သည် ကောလိပ်မှ ထွက်လာခဲ့သည်။ ကောလိပ်ရှေ့ တံခါးအနားတွင် အရသာရှိသော ဟင်းချိုနှင့် ခေါက်ဆွဲရောင်းသည့် ဆိုင်တစ်ဆိုင် ရှိသည်။ မနက်ခုနစ်နာရီ ကျော်သည်အထိ စည်ကားနေလေ့ရှိပြီး မနက်ရှစ်နာရီ မတိုင်ခင်မှာ ရောင်းကုန်လေ့ ရှိသဖြင့် ကျောင်းပိတ်ရက်တွင် အကြိမ်အနည်းငယ် မြည်းစမ်းခဲ့ဖူးသည်။

ခေါက်ဆွဲဆိုင်ကို လူလတ်ပိုင်း စုံတွဲတစ်တွဲက စီမံခန့်ခွဲပြီး သူတို့၏ကလေးက သိုင်းပညာ

မုဆိုးကောလိပ်တွင် ပညာသင်ကြားခဲ့သည်ဟု ပြောဆိုကြသည်။ သူတို့ကလေး ကောလိပ် ပထမနှစ် စတက်သည့် အချိန်ကတည်းက ဤခေါက်ဆွဲဆိုင်ကို ဖွင့်ခဲ့ပြီး ယခုဆိုလျှင် ခုနစ်နှစ်ခန့် ကြာခဲ့ပြီ။

သူတို့ကလေးမှာ ဘွဲ့ရပြီးနောက် မုဆိုးတစ်ယောက် ဖြစ်လာခဲ့ပြီး ပိုက်ဆံ မလိုအပ်တော့သော်လည်း သူတို့၏စီးပွားရေးကို ဆက်လက် လုပ်ကိုင်ရန် ဖောက်သည်များက တောင်းဆိုခဲ့ကြသည်။ ကျောင်းသား တော်တော်များများသည်

သူတို့နှစ်ယောက်၏ အစားအသောက်များကို အလွန် နှစ်သက် သဘောကျကြသည်။

လင်းဟွမ်က ခေါက်ဆွဲဆိုင်အနားသို့ ရောက်လာသောအခါ ပိုင်ရှင်များလည်း မကြာခင် ရောက်ရှိလာသည်။ အသားများ ချက်ပြုတ်ရန် အလုပ် ရှုပ်နေကြသည်။

မနက်တိုင်းတွင် အစားအသောက် အားလုံးကို လတ်လတ်ဆတ်ဆတ် ပြုလုပ်ထားပြီး လူအင်အား အကန့်အသတ် ရှိနေသောကြောင့် မှာယူနိုင်သည့် ပွဲ အရေအတွက်မှာလည်း အကန့်အသတ် ရှိနေသည်။

ထို့ကြောင့် နေ့စဉ်နေ့တိုင်း မနက်ရှစ်နာရီထိုးသောအခါ အစားအသောက်များ ရောင်းကုန်ပြီး ပြန်သွားတတ်ကာ သူတို့ အနားယူကြသည်။ ပြောချင်သည်မှာ သူတို့၏ အလုပ်ချိန်သည် နေ့စဉ်နေ့တိုင်း သုံးနာရီအောက်သာ ရှိသည်ဟု ဆိုလိုသည်။ တစ်ခုတည်းသော အားနည်းချက်မှာ မနက်စောစော ထရခြင်းပင်။ သို့သော်လည်း သူတို့က အကျင့်ရနေပြီ ဖြစ်သောကြောင့် မခက်ခဲတော့ချေ။ ထို့ကြောင့် အလုပ်သည် သူတို့အတွက် အတော်လေး လွယ်ကူသည်။

ထိုဇနီး မောင်နှံနှစ်ဦးသည် အပိုဝင်ငွေအတွက် သူတို့ကလေး မုဆိုးမဖြစ်လာခင် အချိန်အထိ နေ့လယ်စာနှင့် ညစာအတွက် ဆိုင်ဖွင့်ခဲ့ဖူးသည်။ တစ်နေ့ကို (၁၅) နာရီအထက် အလုပ် ပိုလုပ်ခဲ့ရသည်။ သို့သော်လည်း ယခုအခါ နံနက်စာအတွက်သာ ဆိုင်ဖွင့်သောကြောင့် ပို၍ သက်တောင့်သက်သာ ရှိလာကြသည်။

လင်းဟွမ်သည် လင်မယားနှစ်ယောက် အလုပ်ရှုပ်နေသည်ကို မြင်သောအခါ သူတို့ကို မနှောင့်ယှက်ဘဲ ဆိုင်ထဲမှာ ဝင်ထိုင်လိုက်သည်။

"မင်း အရမ်း စောနေသေးတယ်"

သူဌေးမက ဖော်ရွေစွာ နှုတ်ဆက်လိုက်သည်။ လင်းဟွမ်က မကြာခဏ လာရောက်ဝယ်စားလေ့မရှိသော်လည်း သူမက သိုင်းပညာ မုဆိုးကောလိပ်မှ ကျောင်းသားတစ်ယောက်ဟု ထင်နေသည်။

လင်းဟွမ်က ပြုံးရုံသာပြုံးခဲ့ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ပုံမှန်နေ့တွေမှာ မင်းရဲ့ စွပ်ပြုတ်နဲ့ ခေါက်ဆွဲတွေကို ငါ မစားခဲ့ရဘူး။ ဒါပေမဲ့ ဒီနေ့တော့ ငါ အိပ်မပျော်လို့ စောစောလာခဲ့ဖို့

ဆုံးဖြတ်လိုက်တာ။ စောစောစီးစီး ဆိုင်မဖွင့်မှန်း မသိလိုက်မိဘူး”

"အများအားဖြင့်တော့ ငါတို့က မနက် ငါးနာရီကျော်မှ အိမ်ကထွက်လာတယ်။ ငါးနာရီ မိနစ်နှစ်ဆယ် လောက်ဆိုရင် ဒီရောက်ပြီ"

သူဌေးမက ဆိုင်ကိုပြင်ဆင်နေရင်း လင်းဟွမ်နှင့် စကားပြောနေသည်။ သူမ အလုပ်လုပ်နေသည်မှာ အလွန် လျှင်မြန်လှပြီး စကားပြောသောကြောင့် နှောင့်နှေးခြင်း မရှိပေ။

"ဒါပေမယ့် မင်းက စောလွန်းတယ်။ ငါတို့က အခုမှမီးမွေးတာ ဆိုတော့ အနည်းဆုံး မိနစ် (၂၀)လောက် ကြာအုံးမယ်။"

"အဆင်ပြေပါတယ်။ ငါ စောင့်နိုင်တယ်။"

လင်းဟွမ်သည် ဘာမှ လုပ်စရာ မရှိသောကြောင့် နှလုံးသား ကွန်ရက်ပေါ်မှ သတင်းများကို စတင် ဖတ်ရှုလိုက်သည်။

နှလုံးသား ကွန်ရက်ပေါ်တွင် အဖြူရောင်မြို့တော်ကို မွန်းစတားများ အလုံးအရင်းနှင့် ကျူးကျော်၍ တိုက်ခိုက်ခဲ့သည့်

အကြောင်းအရာနှင့် ပတ်သက်၍ မည့်သည့်အရာမျှ မရှိပေ။

ပြည်သူများ အထိတ်တလန့် မဖြစ်စေချင်သည်မှာ အထင်အရှားပင်။ အဖြူရောင်မြို့တော်သည် အဖွဲ့ခွဲ (၇) ၏နံပါတ် (၁) ဝပ်ကျင်းစခန်း ဖြစ်သည်။ အကယ်၍ အဖြူရောင်မြို့တော်ကို မွန်းစတား အလုံးအရင်းနှင့် ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံနေရကြောင်း ပြည်သူများ သိသွားပါက ဒါသည် အဖွဲ့ခွဲ (၇) ရှိ အခြား ဝပ်ကျင်းစခန်း အားလုံး

လုံခြုံမှု လုံးဝ မရှိဘူးဟု ဆိုလိုခြင်း ဖြစ်သွားပေလိမ့်မည်။

"နှလုံးသား ကွန်ရက်မှာ ဘာမှမရှိဘူး။ ဒါဆို ပြည်ထောင်စုအစိုးရကတော့ တစ်ခုခု ပြောနိုင်ပါရဲ့"

လင်းဟွမ်တစ် ထို့ကဲ့သို့ တွေးနေသည့် အချိန်မှာပင်

"အဖြူရောင် မိုးကြိုး ဖြစ်စဉ်"

ဟူသော ခေါင်းစဉ် ပေါ်လာသည်။

လင်းဟွမ်သည် အကြောင်းအရာကို အကြမ်းဖျင်း ခန့်မှန်းလိုက်မိသည်။ ဆောင်းပါးထဲတွင် ညနက် သန်းခေါင်ယံအချိန်၌ အဖြူရောင် မြို့ရောင်တော်တွင် ပေါက်ကွဲခြင်း ဖြစ်ခဲ့ပြီး ဒါသည် လွန်ခဲ့သော နှစ်ရာပေါင်းများစွာက ဝပ်ကျင်း စခန်းများတွင် ဖြစ်ပွားခဲ့သော မိုးကြိုးဖြစ်စဉ်ဟု နာမည် တပ်ထားသော လုပ်ကြံဇာတ်လမ်းတစ်ပုဒ်ပင် ။

အဆိုပါ ဖြစ်စဉ်သည် တောရိုင်းဇုန်များတွင် မကြာခဏ ဖြစ်ပွားလေ့ရှိပြီး ပုံမှန် ရာသီဥတုဖြစ်စဉ်

တစ်ခုမျှသာဖြစ်ကာ မြေပြင်များ ပြင်းထန်စွာ တုန်ခါတတ်သည်ဟု ဆက်လက် ပြောဆိုထားသည်။

"တကယ်ကို ကြီးကျယ်ခမ်းနားတဲ့ လိမ်ဆင်ကြီးပဲ။ ငါသာ သေသေချာချာ မသိရင် ယုံမိလိမ့်မယ်"

လင်းဟွမ်က ဓာတ်လမ်းကို ဖတ်ပြီးနောက် ရယ်မောလိုက်သည်။ ထို့နောက် နှလုံးသားကွန်ရက်ပေါ်တွင် မိုးကြိုးဖြစ်စဉ်နှင့် ပက်သက်၍ ရှာဖွေကြည့်လိုက်ရာ ယခင်က ဝပ်ကျင်းစခန်း အချို့တွင် ဖြစ်ပျက်ခဲ့ဖူးကြောင်း သိလိုက်ရသည်။ သေသေချာချာ တွေးတော

ဆင်ခြင်ပြီးနောက် ပြည်ထောင်စု အစိုးရသည် ၎င်းအား မိုးကြိုးဖြစ်စဉ်ဟု နာမည်သမုတ်၍ အတိတ်တိုက်ပွဲများ၏ အမှန်တရားကို ပြည်ဖုံးကားချခဲ့ကြောင်း သဘော ပေါက်သွားသည်။

"နှစ်ခါလောက် အလိမ်ခံရရင် လူတွေက အဲဒါကို အလေးအနက် ထားလာလိမ့်မယ်..."

လင်းဟွမ်က ထူးဆန်းစွာ ပြုံးလိုက်သည်။

သို့သော်လည်း လူတိုင်း အမှန်တရား မသိခြင်းမှာ ဆိုးရွားသော ကိစ္စတော့ မဟုတ်ပေ။ သူ့ရှေ့က အစားအသောက် ရောင်းနေသော

လင်မယားနှစ်ယောက်ကဲ့သို့ ပင်။ သူတို့သည် ဖြစ်ပျက်ခဲ့သမျှကို မသိသောကြောင့် ငြိမ်းချမ်းသာယာသော ဘဝကို နေ့တိုင်း ဖြတ်သန်းနေခဲ့ကြသည်။ လင်းဟွမ်သည် ပုံမှန် လူများက ဤစုံတွဲကဲ့သို့ ဖြစ်နေလိမ့်မည် ဖြစ်ကြောင်း သိနေသည်။ အမှန်တရားကို မသိကြသော်လည်း အလိမ်အညာများ အောက်တွင် သာယာ နေခဲ့ကြသည်။

နှလုံးသားကွန်ရက်ပေါ်တွင် ထိုအဖြစ်အပျက်နှင့် ပက်သက်၍ အမှန်တရားတစ်ခုမှ မရှိသော်လည်း

မုဆိုး ကွန်ရက်ပေါ်တွင်မူ ထိုအဖြစ်အပျက်နှင့် ပက်သက်၍ လူတော်တော်များများ ပြောဆို နေကြသည်။ သို့သော်လည်း အများစုက အဖြူရောင်မြို့တော်၏ မိုးကြိုးဖြစ်စဥ် အစား တောင်ပိုင်းနယ်စပ် တလျှောက် မွန်းစတားများ အလုံးအရင်းနှင့် ကျူးကျော်လာခဲ့သည့် အကြောင်းကိုသာ ပြောဆို ဆွေးနွေးနေကြသည်။

လူအချို့ကမူ လင်းဟွမ် ဖျက်ဆီးခြင်းကတ်ကို အသုံးပြုစဥ်က ထွက်ပေါ်လာသော အဖြူရောင် အလင်းများနှင့် ပတ်သက်၍ ပြောဆိုနေကြသည်။

အချို့ဆိုလျှင် လင်းဟွမ် အသွင်ပြောင်းထားသော အမျိုးသမီး ခေတ်ပုံကိုပင် တင်ခဲ့ကြသည်။

အဖြူရောင် ဂဝတ်ထားသော အမျိုးသမီးသည် အဖြူရောင် စတင်တောက်ပလာသည့် အရပ်တွင် ပေါ်လာသောကြောင့် မွန်းစတားအုပ်ကြီးကို ဖြို့ခွဲခဲ့သူ ဖြစ်ရမည်ဟု ကောက်ချက်ချ ထင်ကြေးပေး၍ ပြောဆိုနေကြသည်။ သို့သော်လည်း အဖြူရောင် ဝတ်စုံဝတ်ထားသော အမျိုးသမီးနှင့် ပတ်သက်၍ သဘောထား ကွဲလွဲမှုများလည်း ရှိသည်။

အချို့ကမူ သူမသည် မွန်းစတား အလုံးအရင်း ကျူးကျော်မှုကို ကြိုးကိုင်သည့်လူဟု ထင်နေကြသည်။ ထို့ကြောင့်သာ ကျန်သည့်လူများ ရောက်ရှိလာသည့် အချိန်၌ သူမက ထိုနေရာတွင် တစ်ဦးတည်း ရှိနေခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် လူတွေရောက်လာသည်နှင့် ထွက်ခွာသွားခဲ့သည်။ အကယ်၍ သူမက ထိုနေရာကို ပထမဆုံး ရောက်လာသူ ဖြစ်ပါက သူမနောက်မှလူများ ရောက်လာလျှင်ပင် ရှောင်ထွက်သွားစရာ မလိုချေ။

အချို့ကမူ အဖြူရောင် ဝတ်ထားသော အမျိုးသမီးသည် ဒီနေရာကို မတော်တဆ ဖြတ်သန်းသွားမိပြီး ထူးဆန်းသော အဖြစ်အပျက်ကို သတိထားမိ၍ ဖြေရှင်းပေးခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ထင်နေကြသည်။

ထို့ကြောင့် မွန်းစတား အလုံးအရင်း ကျူးကျော်မှုကို ဖြေရှင်းပြီးသည်နှင့် ထွက်သွားခဲ့ခြင်း ဖြစ်နိုင်ပြီး ဆက်နေရန် ထိုက်တန်သောအရာလည်း မရှိတော့ပေ။ ထို့အပြင် သူမကို ယောက်ျားများက ဝိုင်းရံလာသဖြင့် အမျိုးသမီးတစ်ယောက်အနေနှင့်

သူစိမ်းများကို စကားမပြောဘဲ ချက်ခြင်း ထွက်သွားရန် ရွေးချယ်ခြင်းမှာ ပုံမှန်သာ ဖြစ်သည်။

ထင်မြင်ယူဆချက် မျိုးစုံ၊ အငြင်းပွားမှုမျိုးစုံနှင့် ကွန်ရက်တစ်ခုလုံး ပရမ်းပတာဖြစ် နေခဲ့ပြီး နံနက် သုံးနာရီမှ စတင်ခဲ့သော ဤအကြောင်းအရာတွင် အခြားဝပ်ကျင်း စခန်းများမှ မုဆိုးများလည်း ပါဝင်လာပြီး အဖြူရောင်မြို့တော်ကို မွန်းစတားများ အလုံးအရင်းနှင့် ကျူးကျော် တိုက်ခိုက်ခဲ့ကြောင်း သိသွားပြီး တုန်လှုပ်သွားကြသည်။

"ကံကောင်းတယ် ဟူး.....၊ လှည့်စားခြင်းကတ်ကို အသုံးပြုခဲ့မိတာ ငါ ကံကောင်းတယ်"

လင်းဟွမ်သည် သူ့မျက်နှာ အစစ်အမှန်ကို မဖော်ပြခဲ့မိသည့်အတွက် ဝမ်းသာသွားသည်။ ထိုသို့မဟုတ်ပါက တစ်ကမ္ဘာလုံးက သူ့ခေါင်းပုံကို နေရာတိုင်းတွင် တင်နေလိမ့်မည်။

"မင်းရဲ့အစားအသောက် ရပြီ။"

လင်းဟွမ်သည် ကွန်ရက်ပေါ်မှ စကားရည်လုပွဲကို စိတ်အားထက်သန်စွာ ဖတ်ရှုနေစဉ် သူဌေးမက စားပွဲပေါ်တွင် မုန့်ဗန်း တင်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် သူဌေး။"

ထို့နောက် လင်းဟွမ်သည် စာမျက်နှာ ပိတ်လိုက်ပြီး မုန့်များကို စတင် စားသောက် လိုက်သည်။ သူသည် အစား စစားသည့်အချိန်တွင် အစားအသောက်ကိုသာ အာရုံ စိုက်တတ်သော အလေ့အထ ရှိသည်။ ဗန်းပေါ်တွင် မုန့်လုံးပေါင်း (၁၂)လုံး ပါရှိပြီး ပုံမှန် မနက်စာအတွက် လုံလောက်သည်။

လင်းဟွမ် မနက်စာ စားပြီးသောအခါ မနက်ခြောက်နာရီ ကျော်နေပြီ။ ထိုအချိန်၌

ဆိုင်ထဲတွင် လူများ စည်ကားလာသည်။ ငွေရှင်းရန် ထလာသောအခါ သူ့တပည့်နှစ်ယောက်က သူ့ကို မြင်သွားသည်။

"ဆရာလင်း၊ အစောကြီးပါလား"

ကျောင်းသားနှစ်ယောက်က သူ့ကို နှုတ်ဆက်ကြသည်။

"မင်္ဂလာပါ"

လင်းဟွမ်က ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

ကျောင်းသားနှစ်ယောက်က ခေးတာအိုနှင့် ပတ်သက်သည့် မေးခွန်းအချို့ မေးနေသဖြင့် စိတ်ရှည်စွာ ပြန်ဖြေပေးလိုက်သည်။

"ကောင်းပြီ မင်းတို့တန်းစီဖို့ နောက်ကျနေပြီ။"

လင်းဟွမ်သည် ကျောင်းသားများကို နှုတ်ဆက်ပြီးနောက် ဘာကြောင့် ဤနေရာသို့ ရောက်နေကြောင်း ပြန်သတိ ရသွားသည်။

သူ့အဆောင် ပျက်စီးသွားသောကြောင့် သူသွားနိုင်သည့် တစ်ခုတည်းသော နေရာမှာ (၂၄) နာရီဖွင့်သော စာကြည့်သာ ရှိသည်။

စာကြည့်တိုက်ထဲ၌.....

မနက် ရှစ်နာရီခန့်တွင် အင်ပါယာနှလုံးသား လက်စွပ် အသံမြည်လာပြီး လုမင်က ဖုန်းခေါ်နေခြင်း ဖြစ်သည်။